# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်  ၂၀၁၆ ခုနှစ်၊ မတ် ၃ ရက်၊ ကြာသပတေးနေ့  အတွဲ [၅၅]၊ အမှတ် [၁၅၅]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် မတ် ၃**

၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဇန် ပလိနီလိဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ✻

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

စာမျက်နှာ-၃

# ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံမှ စက်ခြောက်လုံးပြုပြင်ပြီး၍ ၁၆၈ မဂ္ဂါဝပ်အပြည့် ထုတ်လုပ်



**သတင်းဆောင်းပါး-သန်းဦး(လေးမျက်နှာ)**

**နေပြည်တော် မတ် ၂**

တောတောင်သဘာဝအလှတရားများနှင့် ပြည့်စုံကြွယ်ဝရာ ကယားတို့မြေ ငွေတောင်ပြည်သည် တိုင်းရင်းသားပေါင်းစုံ၊ ယဉ်ကျေးမှုမျိုးစုံကြွယ်ဝသောဒေသ ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်ရာ သာယာလှပသော ဒေသတစ်ခုအဖြစ် ရေပန်းစားလာသည်။ ကယားတို့၏ ငွေတောင်ပြည်ဟုဆိုလိုက်သည်နှင့် လူတိုင်းမျက်စိထဲတွင် စွဲ၍သိကြသည်က ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံကြီး လောပိတပင်ဖြစ်သည်။ ကယားတို့၏ ငွေတောင်ပြည်ရှိ ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံသည် သက်တမ်းအားဖြင့် နှစ်(၅၀)ရွှေရတုတိုင် ကျော်ခဲ့ပြီဖြစ်သည်။ အဆိုပါစက်ရုံ၌ စက်တစ်လုံးလျှင် လျှပ်စစ် ၂၈ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်သော စက်ခြောက်လုံးရှိသည်။ အဆိုပါစက်များသည် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ လျှပ်စစ်ထုတ်လုပ်မှုစွမ်းအား ကျဆင်းလာခဲ့သည်။ သို့ဖြစ်၍ အဆိုပါစက်များကို စီမံချက်ချမှတ်၍ ပြန်လည်မွမ်းမံ

*စာမျက်နှာ ၃ ကော်လံ ၁* ●

**ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံအတွင်း တစ်နေရာကို တွေ့ရစဉ်။**

## မိုးရေချိန် စံချိန်သစ်တင်

**နေပြည်တော် မတ် ၂**

နေပြည်တော်(လေဆိပ်) မိုးလေဝသစခန်း၌ မတ် ၂ ရက် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ မိုးရေချိန်စံချိန်သစ်အဖြစ် ၃၈ မီလီမီတာ (၁ ဒသမ ၅၀ လက်မ) ရွာသွန်းခဲ့သည်။ အဆိုပါစံချိန်သည် စခန်းစဖွင့်သည့် နှစ်ပေါင်း ၁၁ နှစ်အတွင်း စံချိန်သစ်ဖြစ်ပြီး ယခင်စံချိန်ဟောင်းသည် ၂၉-၃-၂၀၁၁ ရက်က တိုင်းထွာရရှိခဲ့သည့် ၁၅ မီလီမီတာ (၀ ဒသမ ၅၉ လက်မ) ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

## ဧရာဝတီလင်းပိုင်များ သုတေသနပြုစစ်တမ်းကောက်ယူခဲ့ရာ ၆၅ ကောင် မှတ်တမ်းတင်နိုင်ခဲ့

**မန္တလေး ဖေဖော်ဝါရီ ၂**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဧရာဝတီလင်းပိုင်အကောင်ရေစာရင်းကောက်ယူရေးနှင့် မျိုးသုဉ်းပျောက်ကွယ်မှုမရှိရန် ကာကွယ်ထိန်းသိမ်းရေးတို့အတွက် လင်းပိုင်ထိန်းသိမ်းရေးနှင့် သုတေသနနှင့်စစ်တမ်းကောက်ယူမှုကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ၁၄ ရက်ကြာ ပြုလုပ်ခဲ့ပြီး ယင်းမှတ်တမ်းများအရ ဧရာဝတီလင်းပိုင် ၆၅ ကောင်ကို မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် WCS (သားငှက်ထိန်းသိမ်းရေးအဖွဲ့)တို့ ပူးပေါင်း၍ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် တစ်လလျှင်နှစ်ကြိမ် မြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်နေသည်ဟု ဆိုသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐



မင်းထက်အောင်(မန္တလေးကိုယ်စား)




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## အခွန်ပေးဆောင်ခြင်းသည် အလှူတစ်မျိုး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်မှာ ငွေကြေးဖြစ်သည်။ ငွေရှိမှ လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်းအစရှိသဖြင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံအဆောက်အအုံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူလူထုထံမှ ထိုက်သင့်သော အခွန်အကောက်များ ကောက်ခံဆောင်ရွက်လေ့ရှိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း နှစ်စဉ်ဘဏ္ဍာနှစ်တစ်ခုအတွင်း အခွန်အကောက်ဆိုင်ရာဥပဒေများ နှစ်စဉ်ထုတ်ပြန်ပြဋ္ဌာန်းလျက် အခွန်အကောက်များ မှန်မှန်ကန်ကန်ရရှိရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ဤအခွန်အကောက်ဆိုင်ရာ ဥပဒေများအရ ဝင်ငွေကောင်းသော စီးပွားရေးလုပ်ငန်းများသာမက လစာကြီးစားဝန်ထမ်းများနှင့် အရာရှိကြီးများပါ ကျသင့်အခွန် ပေးဆောင်လာကြရပါသည်။ တစ်နည်းအားဖြင့် ဝင်ငွေကောင်းသူများသာ အခွန်ပေးဆောင်ရာရောက်၍ အခွန်ပေးဆောင်ခြင်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့်အလုပ်ဖြစ်ပါသည်။ တံတားကြီးတစ်စင်းကို မိမိတစ်ဦးတည်းဖြင့် ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ရန် မလွယ်ပါ။ ထို့အတူ ဆည်ကြီးတစ်ဆည် သို့မဟုတ် မြို့ပြလမ်းမကြီးတစ်ခု တည်ဆောက်ပေးရန်လည်း ဖြစ်နိုင်မည်မဟုတ်ပါ။ သို့သော်လည်း မိမိ၏ကျသင့်အခွန်အခကိုပေးဆောင်လိုက်၍ အခွန်အခများ စုပေါင်းလိုက်သောအခါ တံတားကြီးတစ်စင်းတည်ဆောက်ပေးဖို့ ဖြစ်လာနိုင်ပါသည်။ မိုးရေမိုးပေါက်များ စုဆောင်းလိုက်သောအခါ ရေကန်ကြီးဖြစ်လာသကဲ့သို့ မိမိတို့တစ်ဦးချင်း လုပ်ငန်းတစ်ခုချင်း အခွန်ဝင်ငွေများစုပေါင်းလိုက်သောအခါ ကုန်ကျမှုများပြားသည့် စီမံကိန်းလုပ်ငန်းကြီးများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် အခြေခံအဆောက်အအုံများ အထိုက်အလျောက်ပြည့်စုံလာပြီဖြစ်သော်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် များစွာလိုအပ်နေဆဲဖြစ်သည်။ အများပြည်သူများနှင့်ဆိုင်သော အခြေခံအဆောက်အအုံများ လိုအပ်နေဆဲပင်ဖြစ်၏။ ဤလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်မှာ အခွန်ဝန်ထမ်းတို့၏ ကြိုးစားအားထုတ်မှု၊ ရိုးသားဖြောင့်မတ်မှုတို့သည် ပဓာနအကျဆုံးဖြစ်သည်။ အခွန်တိမ်းရှောင်မှုများ၊ မသမာမှုများ မဖြစ်အောင် အခွန်ဝန်ထမ်းများက ဖော်ထုတ်ပေးကြရမည်။ ဝင်ငွေကောင်းသူလုပ်ငန်းရှင်များ၊ လစာကောင်းကောင်း ရရှိနေသူများ အခွန်ထမ်းဆောင်လိုသော စိတ်ကောင်းစေတနာရှိရန်လည်း လွန်စွာအရေးကြီးလှသည်။ အခွန်ဝန်ထမ်းများကလည်း မှန်မှန်ကန်ကန်ဖြစ်အောင်လုပ်မည်၊ အခွန်ထမ်းဆောင်သူများကလည်း စိတ်ကောင်းစေတနာအပြည့်အဝရှိမည်ဆိုလျှင် ရသင့်ရထိုက်သော အခွန်အခများရရှိလာမည်ဖြစ်ပါသည်။ မကြာမီ ဘဏ္ဍာနှစ်သစ်စတော့မည်။

သို့ဖြစ်၍ အခွန်အတုတ်များ မှန်မှန်ကန်ကန်ရရှိရေး ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သကဲ့သို့ အခွန်ထမ်းဆောင်ခြင်းသည် အများအကျိုးကို ဆောင်ရွက်ခြင်းဖြစ်၍ အလှူအတန်းတစ်မျိုးဟုပင် ဆိုရမည်သာ ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# လူမှုကာကွယ်စောင့်ရှောက်ရေး ကနဦးစီမံချက်ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် မတ် ၂**

ဧရာဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ထိုင်ကူမြစ်တန်းကျေးရွာ၌ ဝန်ကြီးဌာနမှ ငွေကျပ် ၄၅ သိန်းဖြင့် ဆောက်လုပ်ပြီးစီးသည့် ဂိုးမြောင်းချောင်းကူး ကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားနှင့် မိကျောင်းအိုင်ကျေးရွာအုပ်စု ရွာသာအေးရွာတွင်ဝန်ကြီးဌာနမှ ငွေကျပ်၂၅သိန်းဖြင့် ထောက်ပံ့ထားသည့် ရွာတွင်းကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားသို့ ဖေဖော်ဝါရီ ၂၉ ရက်က လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများတက်ရောက်ကာ ဖွင့်လှစ်ပေးသည်။ ယင်းနောက် ဒေသခံပြည်သူများအတွက် မိသားစုသုံးပစ္စည်းများနှင့် ချောင်းကူးတံတားတည်ဆောက်ရန် ငွေကျပ်ငါးသိန်းထောက်ပံ့ပေးပြီး မတ် ၁ ရက်တွင် ဖျာပုံမြို့ (၁၇) ရပ်ကွက်၌ ဝန်ကြီးဌာနမှ ငွေကျပ်



သိန်း ၂၀ ဖြင့်ထောက်ပံ့သည့်ကျောက်စိမ်းလမ်းကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာနှင့် ချောင်းတွင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (Help Age International )နှင့် ပူးပေါင်းဆောင်ရွက်ထားခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ တစ်နှစ်တိတိ ကနဦးစီမံချက်အနေဖြင့် (၁၈) ရပ်ကွက်၊ (၁၉)ရပ်ကွက်နှင့် ချောင်းတွင်း ကျေးရွာများအတွင်း နေထိုင်သည့် အသက် ၇၀ နှစ်မှ ၉၀ နှစ်အကြား အဘိုးအဘွားများအတွက် တစ်ဦးလျှင်တစ်လ ငွေကျပ် ၁၀၀၀၀ နှုန်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် တစ်ဦးလျှင် တစ်လ ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအတွက် တစ်ဦးလျှင် တစ်လ ငွေကျပ် ၇၀၀၀ နှုန်းဖြင့် နောက်ဆုံးသုံးလစာ ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၃၂ ဒသမ ၆၈သိန်း၊ (၁၇) ရပ်ကွက်၊ ပတ္တမြားလမ်းနှင့် ကျောက်စိမ်းလမ်း၊ ကျန်ရှိအပိုင်း ကွန်ကရစ်လမ်းခင်းရန် ငွေကျပ်သိန်း ၃၀ နှင့် ကျုံကဒွန်းကျေးရွာ စံပြမူလတန်းကြိုကျောင်းအဝင် ကွန်ကရစ်လမ်းအတွက် ငွေကျပ်ငါးသိန်းတို့ကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်သူ့ပန်းခြံ၌ ဝန်ကြီးဌာနမှ ငွေကျပ်သိန်း ၅၀ ဖြင့် ထောက်ပံ့ထားခဲ့သည့် အပေါ့စားမီးသတ်ရေစုပ်စက် သရုပ်ပြပွဲကို ကြည့်ရှုအားပေး၍ ငွေကျပ် သိန်း ၁၀၀ ဖြင့် ထောက်ပံ့ထားသော ဖျာပုံမြစ်ကမ်းပါးထိန်းကွန်ကရစ်နံရံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြသီတာဈေး ကမ်းနားလမ်းပိုင်းပျက်စီးမှု ပြုပြင်ပေးစေလို

မွန်ပြည်နယ် ရေးမြို့ လူစည်ကားရာအချက်အချာကျနေရာဖြစ်သော မြသီတာဈေးကမ်းနားလမ်းပိုင်းပျက်စီးယိုယွင်းမှုနှင့် စွန့်ပစ်အမှိုက်များ၊ လမ်းဘေးတွင်ရောင်းချရန်ထားရှိသော ပစ္စည်းများကြောင့် ဖြတ်သန်းသွားလာ လှုပ်ရှားသူများမှာ စိတ်အနှောင့်အယှက်ကြုံတွေ့နေကြောင်း သိရသည်။

"ကမ်းနားလမ်းမှာ မိုးရာသီကာလကမြစ်ရေလျှံတက်ခြင်းကြောင့် လမ်းများ ပျက်စီးသွားခဲ့ပါတယ်။ လမ်းကိုစည်ပင်က ခင်းကျင်းပေးထားပြီးဖြစ်သော်လည်း အခု ပွင့်လင်းရာသီအချိန်အခါလည်းဖြစ်၍ ပြန်လည်ပြုပြင်ပေးစေ လိုပါတယ်။



**ထင်သာမြင်သာ ပြုပြင်စရာ**

နောက်ပြီး လမ်းဘေးမှာလည်း ဈေးရောင်းထားရှိနေသော ငါးရေခဲစိမ်သေတ္တာများနဲ့ သံထည်ပစ္စည်းများကြောင့် သွားလာရန် စိတ်အနှောင့်အယှက်များနဲ့ ကြုံတွေ့နေရပါတယ်" ဟု မြို့ခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကမ်းနားလမ်းကို မြသီတာဈေးနှင့် အေးသုခရတနာရွှေဈေးသို့ ဖြတ်သန်းသွားလာနေသူများ နေ့စဉ်ဖြတ်သန်းလျက်ရှိပြီး ပြည်တွင်းခရီးသွားများအပြင် နိုင်ငံခြားသားခရီးသွားများကပါ ကမ်းနားလမ်း၏ဘေးတွင် ရေးမြစ်ချောင်းအလှအပကို ကြည့်ရှုခံစားရာနေရာလည်း ဖြစ်သောကြောင့် ဒေသခံများက အမြန်ဆုံး ရှင်းလင်းပြုပြင်ပေးစေလိုကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကိုရီးယားသံရုံး၌ ပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၂**

မြန်မာပန်းချီဆရာ ၁၂ ဦး၏ ပန်းချီလက်ရာများကို ကိုရီးယားသံရုံး၌ မတ် ၉ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သံရုံး၏ထုတ်ပြန်ချက်အရသိရသည်။ ပန်းချီပြပွဲတွင် ပန်းချီဆရာများ၏ အကောင်းဆုံး လက်ရွေးစင် ပန်းချီကား ၅၀ ကိုပြသသွားမည်ဖြစ်ကာ မြန်မာ့ယဉ်ကျေးမှု အလှအပများကို ကြည့်ရှုခံစားခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲကို မတ် ၉ ရက် နံနက် ၁၀ နာရီတွင် စတင်ခင်းကျင်းပြသသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူတိုင်း လာရောက်ကြည့်ရှုနိုင်ကာ ပြပွဲမှတစ်ဆင့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံကြား အပြန်အလှန် နားလည်မှုနှင့် ယဉ်ကျေးမှု ဖလှယ်ရေးတို့အတွက် အထောက်အပံ့ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မွန်းဦးနဒီ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၁.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၆.၉၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၉၆ |
| တရုတ် | တစ်ယွမ် | ၁၈၉.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၂ |

ခင်ရတနာ-စုစည်းသည်။

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး





နေပြည်တော် မတ် ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel James McAden နှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား တွေ့ဆုံစဉ်။ (မြဝတီ)

# နှစ်နိုင်ငံဆက်ဆံရေးဆောင်ရွက်ခဲ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးဆွေးနွေး

နေပြည်တော် မတ် ၂

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်နှင့်အဖွဲ့အား ယမန်နေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

● *ရှေ့ဖုံးမှ*

ပြင်ဆင်ခဲ့ရာ ယနေ့ဆိုလျှင် စက်ခြောက်လုံးစလုံး ပြင်ဆင်ပြီးစီးခဲ့ပြီဖြစ်သည်။ ထို့ကြောင့် စက်ခြောက်လုံးမှ လျှပ်စစ်ဓာတ်အား ၁၆၈ မဂ္ဂါဝပ်အပြည့် ပြန်လည်ထုတ်လွှတ်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါစက်များပြုပြင်မှုအပိုင်းကိုကြည့်လျှင် ၂၀၀၃ ခုနှစ် စက်ရုံ သက်တမ်း ၄၃ နှစ်အကြာတွင် အလုံးစုံပြုပြင်မွမ်းမံရေး ပထမအဆင့် (Rehabilitation, Fast Stage)ကို ဂျပန်နိုင်ငံ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု အကူအညီ အထောက်အပံ့ (Offical Development Assistance-ODA , Grant Aid ) ဖြင့် စက်ရုံရှိ Cooling Water Pump များလဲလှယ်ခြင်း၊ လောပိတ-ကလော ၁၃၂ ကေဗွီ ဓာတ်အားလိုင်း (မြောက်ပိုင်း) အမှတ်(၂)ထပ်မံတိုးချဲ့တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် သက်တမ်း ၅၄ နှစ်ကျော်ပြီဖြစ်သည့် စက်ရုံ၏ တာဘိုင်၊ ဂျင်နရေတာနှင့် လျှပ်စစ်စက်ကြီးများသည် သက်တမ်းကျော်လွန်နေပြီဖြစ်သောကြောင့် လုံခြုံစိတ်ချစွာမောင်းနှင်နိုင်ရန် မသင့်တော်တော့သဖြင့် အစားထိုးပြုပြင်ရန် လိုအပ်လာသည်။ ထို့ကြောင့် စက်ရုံကြီး အလုံးစုံပြုပြင်မွမ်းမံရေး ဆောင်ရွက်နိုင်ရန်အတွက် ပြန်လည်ပေးဆပ်ရန် မလိုသော ဂျပန်နိုင်ငံအစိုးရ၏ ငွေကြေးအကူအညီ (Grant Aid ) ဂျပန်ယန်း သန်းပေါင်း ၆၆၆၉ သန်း ထောက်ပံ့ကူညီပေးခဲ့သည်။ အလုံးစုံပြုပြင်မွမ်းမံရေး စီမံကိန်းဆောင်ရွက်ခဲ့ရာမှ တာဘိုင်၊ ဂျင်နရေတာ ဖိအားမြှင့်သံမဏိလိုင်းနှင့် ဆက်စပ်ပစ္စည်း အမျိုးပေါင်း ၅၂ မျိုး လဲလှယ်ပြုပြင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။ စက်များပြုပြင်နေစဉ်အတွင်း ထပ်မံလိုအပ်သည့်စက်ပစ္စည်းများကိုလည်း ဝယ်ယူဖြည့်တင်း၍ အစားထိုးခဲ့မှုများလည်း ဆောင်ရွက်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမစက်သုံးလုံး ပြုပြင်ပြီးစီးခဲ့သည်။

ကျန်စက်သုံးလုံးကို ၂၀၁၅ ခုနှစ် မိုးရာသီတွင် လုပ်ငန်းများထပ်မံဆောင်ရွက်ခဲ့သည်။ ထိုသို့ပြုပြင်ရာတွင် မြန်မာနိုင်ငံ၏ နွေရာသီ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး၊ ဓာတ်အားစနစ် ထိခိုက်မှုမရှိစေရေးအတွက် ရည်ရွယ်၍ စက်များပြုပြင်ခြင်းလုပ်ငန်းများကို ကျန်ရေအားလျှပ်စစ်စက်ရုံများမှ အပြည့်အဝထုတ်လုပ်ပေးနိုင်သည့် မိုးရာသီတွင် ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင် စက်ခြောက်လုံးစလုံး ပြုပြင်ပြီးစီးသွားပြီဖြစ်၍ ကြံ့ခိုင်မှုပြည့်ဝစွာဖြင့် မူလဒီဇိုင်းအတိုင်း စက်တစ်လုံးလျှင် နှစ်မဂ္ဂါဝပ်အပြည့် စုစုပေါင်း ၁၆၈ မဂ္ဂါဝပ်ကို ဓာတ်အားစနစ် ပို့လွှတ်နိုင်ပြီဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ ဓာတ်အားတိုးတက်ပေးနိုင်မှု အခြေအနေမှာ ၂၀၁၅-၂၀၁၆ တွင် နိုင်ငံတစ်ဝန်း ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးနှင့် ဒီဇယ်ဓာတ်အားပေးစက်ရုံများမှ စုစုပေါင်းတပ်ဆင်အင်အား ၅၂၃၅ မဂ္ဂါဝပ်ဖြင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ပြီဖြစ်ကာ ၂၀၁၀-၂၀၁၁ တွင် ၃၄၁၃ မဂ္ဂါဝပ်သာရှိခဲ့မှုနှင့် နှိုင်းယှဉ်လျှင် ငါးနှစ်တာကာလအတွင်း ၁၈၂၂ မဂ္ဂါဝပ် တိုးတက်ခဲ့ပါသည်။ အလားတူ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကိုလည်း ငါးနှစ်တာကာလအတွင်း တစ်ဆခွဲခန့် တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ တွင် တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းဖြစ်သည့် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းခန့်မှာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်၍ ၂၀၁၀-၂၀၁၁ တွင် အိမ်ထောင်စုပေါင်း ၂ ဒသမ ၂ သန်းခန့်သာ သုံးစွဲနိုင်မှုနှင့် နှိုင်းဆလျှင် ငါးနှစ်တာကာလအတွင်း အိမ်ထောင်စုပေါင်း ၁ ဒသမ ၅ သန်းခန့် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်က တစ်ဦးလျှင် ၁၀၈ ယူနစ်သာ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ခဲ့ရာမှ ယခုအခါ နှစ်ဆကျော် ၂၂၂ ယူနစ်ခန့် တိုးတက်သုံးစွဲနိုင်ပြီဖြစ်သည်။ ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် သဘာဝဓာတ်ငွေ့သုံး စက်ရုံလေးရုံနှင့် ရေအားလျှပ်စစ်စီမံကိန်းရှစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၂၈၆၄ မဂ္ဂါဝပ်ကို တည်ဆောက်အကောင်အထည်ဖော်နေဆဲဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၃၀-၂၀၃၁ တွင် ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ လျှပ်စစ်ဓာတ်အားပေးနိုင်မည့် အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက် (National Electricity Master Plan) ကို JICA ၏ အကူအညီဖြင့် ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါတိုင်းဒေသကြီးနှင့် ပြည်နယ်များသည် ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနေရပြီဖြစ်၍ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးများ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကာ ကယားပြည်နယ်တွင်လည်း ခေတ်နှင့်အညီ တိုးတက်လာခဲ့ပြီဖြစ်သည်။ ကယားပြည်နယ်အတွင်း မြို့နယ် ၂၈ မြို့နယ်ရှိသည့်အနက် ရှစ်မြို့နယ်ကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးပြီး နောက်ဆုံးကျန်ရှိသည့် မယ်စဲ့မြို့နယ်ကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ကယားပြည်နယ်အတွင်း မီးမရရှိသေးသည့် **“မြို့”** မကျန်ရှိတော့ကြောင်း သိရသည်။ ကျေးရွာမီးလင်းရေးနှင့်စပ်လျဉ်းပြီး ကယားပြည်နယ်အတွင်း ကျေးရွာ ၅၁၁ ရွာရှိသည့်အနက် ၁၄၂ ရွာ လျှပ်စစ်မီးရရှိပြီးဖြစ်သည်။ ၂၀၁၅-၂၀၁၆ အတွင်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ရန်လျာထားခဲ့သော ရွာ ၁၁၄ ရွာအနက် ၄၁ ရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး ကျန် ၇၃ ရွာတွင်လည်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးတော့မည် ဖြစ်သည်။ ၂၀၁၅-၂၀၁၆ အကုန်တွင် စုစုပေါင်းကျေးရွာ ၂၅၆ ရွာ လျှပ်စစ်မီးရရှိမည်ဖြစ်သည်။ မီးရရှိရန်ကျန်ရှိသည့် ကျေးရွာများကိုလည်း ဆိုလာစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်းသိရသည်။ ထို့ကြောင့် ကယားပြည်နယ်အတွင်း ၉၀ ရာခိုင်နှုန်းသော ဒေသခံပြည်သူများအား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှသိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဂျပန်နိုင်ငံမှ စစ်လျော်ကြေးရရှိငွေနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ ပူးပေါင်းကျခံတည်ဆောက်ခဲ့သော သက်တမ်း ၅၄ နှစ်ရှိ ငွေတောင်ပြည်မှ ဘီလူးချောင်းရေအားလျှပ်စစ်စက်ရုံ အလုံးစုံပြုပြင်မွမ်းမံရေးစီမံကိန်းကို အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်၍ ဓာတ်အားပေးစက်ရုံကြီးကနေ ဝန်အားပြည့် ၁၆၈ မဂ္ဂါဝပ်ကို ယခင်ကအတိုင်း စက်စွမ်းအားပြည့် ပြန်လည်ထုတ်လုပ်နိုင်ပြီ ဖြစ်သည်။ သို့ဖြစ်၍ ယင်းဓာတ်အားပေးစက်ရုံကြီး၏ သက်တမ်းရှေ့ရေတူ နှစ် ၅၀ မှတိုင် စိန်ရတု အလင်းနှစ်များစွာတိုင် မြန်မာပြည်သူများသို့ ထာဝရအလင်းများပို့လွှတ်နိုင်မည်ဖြစ်သည်။

✳ *ရှေ့ဖုံးမှ*

အလားတူ၂၀၁၆ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွိုင်ကို ဘော်ရီဆော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘူလ်ဂေးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၃

၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင် ကျရောက်သော ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်နီရယ်လ် မီတိုဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

“ပထမဆုံး ခရီးစဉ်အဖြစ် ရန်ကုန်-ပုဂံခရီးစဉ်ကို စတင်ပြေးဆွဲပေးမှာဖြစ်ပြီး ခရီးစဉ်တစ်ခုလုံးအတွက် အချိန်ခုနစ်ညနဲ့ ရှစ်ရက်ဖြစ်ပါတယ်။ လမ်းခရီးမှာလည်း လိုက်ပါစီးနင်းတဲ့ ဧည့်သည်တွေအတွက် ဆိုက်ကပ်ရပ်နားမှုတွေ ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးတင်အောင်က ပြောသည်။

အနော်ရထာ သင်္ဘောသည် ဗီယက်နမ်နိုင်ငံ၌ ၂၀၁၄ ခုနှစ်က တည်ဆောက်ခဲ့သည့် သင်္ဘောအသစ်ဖြစ်ပြီး မြန်မာနိုင်ငံပြည်တွင်း ရေကြောင်းခရီးစဉ်များ ပြေးဆွဲရန်အတွက် ယခုကဲ့သို့ ခရီးစဉ်စတင်လိုက်ခြင်းဖြစ်သည်။ လမ်းခရီးတွင် ခနောဖြူ၊ မင်းလှ၊ မကွေး၊ ပြည်စသည့် နေရာအချို့တွင် ဆိုက်ကပ်ရပ်နားကာ ခရီးသည်များ လေ့လာမှု ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အနော်ရထာ သင်္ဘောသည် လေးထပ်သင်္ဘောဖြစ်ကာ အရှည် ၂၁၃ ပေရှိကာ အခန်း ၂၃ ခန်းပါရှိပြီး ခရီးသည် ၄၆ ဦး တင်ဆောင်၍ တစ်နာရီလျှင် ရေမိုင် ၁၂ မိုင်အထိ ခုတ်မောင်းနိုင်သည်။ သင်္ဘောပေါ်၌ ခရီးသည်များအတွက် ဆရာဝန်တစ်ဦး၊ အင်္ဂလိပ်စကားပြော ဧည့်လမ်းညွှန်တစ်ဦး၊ မန်နေဂျာ တစ်ဦး အပါအဝင် ဝန်ထမ်း ၄၆ ဦးပါရှိကာ ဧည့်သည်များအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

တစ်ဖန် သင်္ဘောပေါ်၌ ဝိုင်ဖိုင် အသုံးပြုနိုင်ပြီး အချိန်မရွေး အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်အောင်လည်း စီစဉ်ပေးထားသည်။ ပြည်တွင်းခရီးစဉ်များကို ရေကြောင်းမှ သွားရောက်လေ့လာလိုသူ ခရီးသည်များအတွက် အသစ်ပြေးဆွဲသည့် ခရီးသွားသင်္ဘောခရီးစဉ်သစ်တစ်ခုအဖြစ် မြန်မာ့ခရီးသွားလုပ်ငန်းကို အထောက်အကူပေးမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## ထစ်ချုန်းမိုး

၃-၃-၂၀၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးဆက်လက် ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# အင်္ဂါနေ့က အမေရိကန် မဲဆွယ်ပွဲ၌ ထရန့်နှင့် ကလင်တန် အဓိကအနိုင်ရ

**ဝါရှင်တန် မတ် ၂**

ရီပတ်ဘလစ်ကန်မှ ဒေါ်နယ် ထရန့်နှင့် ဒီမိုကရက်မှ ဟီလာရီ ကလင်တန်တို့သည် အင်္ဂါနေ့က ၎င်းတို့ပါတီများ၏ သမ္မတအဆိုပြုလွှာများတင်သွင်းရာ ပြည်နယ်အလိုက် အောင်မြင်မှုရရှိခဲ့ကြောင်း၊ သို့သော်လည်း ပြိုင်ဘက်များကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် မဲဆွယ်ပွဲ အထင်ကရနေ့ရက်ဖြစ်သော အင်္ဂါနေ့က အသက် ၆၉ နှစ်အရွယ်ရှိ ထရန့်နှင့် ၆၈ နှစ်အရွယ်ရှိ ကလင်တန်တို့သည် သမ္မတလောင်းနေရာအတွက် နံပါတ်(၁)ပြေးနေသောသူများ ဖြစ်သည်။

ယခုအခါ ၎င်းတို့သည် ပါတီအသီးသီးရှိ ဆန္ဒမဲပေးသူများကို စုစည်းနိုင်ကြောင်းပြသရန် ဖိအားပေးခြင်းခံနေရပြီး နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ၌ ၎င်းတို့၏ ပုံရိပ်ကို ထိခိုက်နိုင်သည့် ဆိုးရွားသော အကွဲအပြဲတစ်ရပ် မဖြစ်ပေါ်ရေးအတွက်တာဝန်ရှိလာပြီဖြစ်သည်။

ထရန့်သည် ပြီးခဲ့သောလက ယှဉ်ပြိုင်မှု လေးနေရာတွင် သုံးနေရာအထိ အောင်မြင်မှု အရှိန်ရလာခဲ့ပြီး ပြည်နယ်ခုနစ်ခုတွင် အနိုင်ရခဲ့ကာ မက်ဆာချူးဆက် ပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများအထိပါ အောင်နိုင်ခဲ့သည်။

ပြည်နယ်ခုနှစ်ခုတွင် ကလင်တန်၏ အောင်မြင်မှုကလည်း အထင်ကြီးဖွယ် ဖြစ်စေခဲ့သည်။ ယခင်သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် ၎င်းတို့၏ နိုင်ငံရေးအခင်းအကျင်းနေရာဖြစ်သော တောင်ပိုင်းပြည်နယ်အာကန်ဆောရှိ အာဖရိကန်-အမေရိကန် မဲပေးသူများက ထောက်ခံပေးကြခြင်းဖြစ်သည်။

**(ရိုက်တာ)**




အမေရိကန်သမ္မတယှဉ်ပြိုင်သူ ကလင်တန်ကို ဖလော်ရီဒါ မီယာမီဒေသ၌ မတ် ၁ ရက်က တွေ့ရစဉ်။




# အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကမ်းလွန်၌ ငလျင်လှုပ်ခတ်၊ ဆူနာမီမစိုးရိမ်ရ

**ဂျကာတာ မတ် ၂**

အင်အားပြင်း ငလျင်တစ်ခုသည် မတ် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း ကမ်းလွန်ပင်လယ်ပြင်၌ လှုပ်ခတ်သွားကြောင်း၊ ယင်းဒေသသည် ၂၀၀၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အိန္ဒိယသမုဒ္ဒရာငလျင်နှင့် ဆူနာမီရိုက်ခတ်မှုများကြောင့် ပျက်စီးခဲ့သောဒေသဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြင်းအား ၇ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်နှစ်နာရီကြာလှုပ်ခတ်မှုအတွင်း အင်ဒိုနီးရှားနှင့် ဩစတြေးလျအာဏာပိုင်များက ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းများ မပြုလုပ်ခဲ့ပေ။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူမားတြားတွင် သေဆုံးသူဦးရေနှင့် အဆောက်အအုံမည်မျှပျက်စီးသည်ကို မသိရသေးပေ။

အမျိုးသားသုတေသနနှင့် ကယ်ဆယ်ရေးအေဂျင်စီအရာရှိတစ်ဦးက ကနဦးတွင် သေဆုံးသူအချို့ရှိသည်ဟု သတင်းပေးပို့ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

ယခုအချိန်အထိ သေဆုံးသူဦးရေနှင့်ပတ်သက်ပြီး သတင်းဖော်ပြချက်မရှိသေးကြောင်း အေဂျင်စီ ဒုတိယအကြီးအကဲ ဟီရိုနီးမက်စ်ဂုရုက ပြောသည်။ ငလျင်လှုပ်မှုမှာ မတ် ၂ ရက် ညပိုင်းက ဖြစ်ပွားခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများလည်း အခက်တွေ့လျက်ရှိကြောင်း သိရသည်။ ငလျင်သည် ပဒါန်အနောက်တောင်ပိုင်း ၈၀၈ ကီလိုမီတာ (၅၀၂မိုင်)၊ ဆူမားတြားကျွန်း အနောက်တောင်ပိုင်း မြေအောက်အနက် ၂၄ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်သွားကြောင်း သိရသည်။

ဒေသဆိုင်ရာအစိုးရနှင့် ဆူမားတြားကျွန်းအနောက်ဘက်ရှိ အချို့ဒေသများ၌ ဆူနာမီဖြစ်ပေါ်မည့်ပုံမရှိကြောင်း သတိပေးချက်များလည်း ပြန်လည်ဖျက်သိမ်းလိုက်ကြောင်း ဆူတိုပိုပါဝူနူဂရိုဟိုက ပြောသည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် ဆူမားတြားအနောက်ပိုင်း မီတန်ဒေသရှိ ဟိုတယ်တစ်လုံး၌ ညလုံးပေါက် စောင့်ကြည့်လျက်ရှိကြောင်း သမ္မတနန်းတော်က ပြောသည်။

**(ရိုက်တာ)**

# ၂၀၁၆ ခုနှစ် ပထမနှစ်လအတွင်း ရွှေ့ပြောင်းသွားလာသူ ၁၃၀၀၀၀ နီးပါး အီးယူသို့ရောက်ရှိ

**ဂျီနီဗာ မတ် ၂**

၂၀၁၆ ခုနှစ်အစတွင် ဥရောပသို့ ပင်လယ်ရေလမ်းမှ ရွှေ့ပြောင်းသွားလာသူနှင့် ဒုက္ခသည်ပေါင်း ၁၂၉၄၅၅ ဦးရောက်ရှိခဲ့ကြောင်း နိုင်ငံတကာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့အစည်း (IOM) က အင်္ဂါနေ့တွင် ထုတ်ပြန်လိုက်သည်။

၂၀၁၅ ခုနှစ်က ရောက်ရှိလာသူအရေအတွက်ထက် နည်းသော်လည်း ၁၀ လကျန်ရှိသေးသည့်အတွက် နွေရာသီ အပြီးမတိုင်ခင်အထိ ယခင်နှစ်ထက် စုစုပေါင်းအရေအတွက် ကျော်လွန်သွားဖွယ်ရာရှိနေကြောင်း IOM ဖော်ပြချက် အရ သိရသည်။

ဂရိကမ်းခြေများသို့ ရွှေ့ပြောင်းသွားလာသူ ၁၂၀၃၆၉ ဦးခန့် ရောက်ရှိလာပြီး ကျန်သော ၉၀၈၆ ဦးမှာ အီတလီသို့ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ကြမ်းတမ်းသောဆောင်းကာလရာသီဥတုနှင့် ခိုင်ခံ့မှုမရှိသော သင်္ဘောများအသုံးပြုခြင်းကြောင့် မြေထဲပင်လယ်ကို ဖြတ်ကျော်ကြစဉ် လူပေါင်း ၄၁၈ ဦး အသက် ဆုံးရှုံးခဲ့ရသည်။

**(ဆင်ဟွာ)**

# ပါလက်စတိုင်းလူမျိုးများနှင့် အစ္စရေးတပ်ဖွဲ့များ အနောက်ဘက်ကမ်းဒေသ၌ အကြမ်းဖက်ပဋိပက္ခများဖြစ်ပွား

**ပါလက်စတိုင်း မတ် ၂**

အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်း လူမျိုးများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်ပဋိပက္ခများဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တနင်္လာနေ့က စစ်သားများ ကွာလန်ဒီရာရှိ ဒုက္ခသည်စခန်းများကို ဝင်ရောက်ခဲ့ရာ ယာဉ်ပေါ်ပါ စစ်သားနှစ်ဦး ကျောက်တုံးများ၊ မီးပုံးများဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း အစ္စရေးတပ်ဘက်အရာရှိများက ပြောခဲ့သည်။

ယင်းပဋိပက္ခတွင် အသက် ၂၂ နှစ်အရွယ် ပါလက်စတိုင်းလူမျိုးတစ်ဦး သေဆုံးခဲ့ပြီး အခြားပါလက်စတိုင်းလူမျိုး ၁၇ ဦးနှင့် အစ္စရေးစစ်သားငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပါလက်စတိုင်းဆန့်ကျင်ဆန္ဒပြသူများနှင့် အစ္စရေးတပ်သားများသည် ဂျေရုဆလင်မြောက်ပိုင်းတွင်တည်ရှိသော ဒုက္ခသည်စခန်းတွင် မကြာခဏ ပဋိပက္ခဖြစ်ပွားကြောင်း သိရသည်။ အစ္စရေးတွင် လွန်ခဲ့သော အောက်တိုဘာလက ပါလက်စတိုင်းလူမျိုးများ၏တိုက်ခိုက်မှုကြောင့် အစ္စရေးစစ်သား ၃၀ သေဆုံးခဲ့ပြီး အနည်းဆုံး ပါလက်စတိုင်းလူမျိုး ၁၇၀ မှာ အစ္စရေးလုံခြုံရေးစစ်သားများနှင့် ပဋိပက္ခတွင် သေဆုံးခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# လာဂို့စ်တွင် သေနတ်သမားများက အဆောင်နေ မိန်းကလေးများကို ပြန်ပေးဆွဲ

**လာဂို့စ် မတ် ၂**

တနင်္လာနေ့ညက အစ်ကိုရိုဒေသတွင် ကျောင်းသူသုံးဦးကို သေနတ်သမားများ (စုံစမ်းဆဲ)က ၎င်းတို့၏အဆောင်မှ ပြန်ပေးဆွဲသွားခဲ့ကြောင်း နိုင်ဂျီး ရီးယားစီးပွားရေးမြို့တော် လာဂို့စ်မှရဲများက အင်္ဂါနေ့က ပြောခဲ့သည်။ စုံထောက်များက ပြန်ပေးဆွဲမိန်းကလေးများကို အန္တရာယ်ကင်းစွာပြန်လည်လွတ်မြောက်ရေးအတွက် လုပ်ဆောင်နေကြောင်း ပြည်နယ်ရဲအရေးပိုင် ဖိုလာပိုဘတ်မက်စ်က ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲမှုများမှာ မကြာခဏဖြစ်ပေါ်နေသော ကိစ္စရပ်များဖြစ်သည်။ ၂၀၀၆ ခုနှစ်ကတည်းက နိုင်ငံခြားသား ၃၀၀ ကျော်နှင့် ငွေကြေးချမ်းသာသူများကို နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် ပြန်ပေးဆွဲ ဖမ်းဆီးခဲ့သည်။ ပြန်ပေးဆွဲတောင်းခံငွေကြေးပေးပြီးနောက် အားလုံးနီးပါး အန္တရာယ်ကင်းစွာပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ရှိတ်စပီးယား၏အုတ်ဂူကို ရေဒါစကန်ဖတ်မည်

**လန်ဒန် မတ် ၂**

ဗြိတိသျှ ပြဇာတ်ရေးဆရာ ဝီလျံရှိတ်စပီးယား၏ ဇာတိမြေရှိ အုတ်ဂူကို စကန်ဖတ်ထားသော အချက်အလက်တွေ့ရှိချက်များနှင့် ပတ်သက်ပြီးလာမည့်သီတင်းပတ်အတွင်းကျင်းပမည့် ၎င်းကွယ်လွန်ပြီး နှစ် ၄၀၀ပြည့်အခမ်းအနား၌ ဖော်ထုတ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကဗျာစာဆိုတစ်ဦးကွယ်လွန်ခြင်း နှစ် ၄၀၀ ပြည့် အခမ်းအနား၏ကဏ္ဍတစ်ခုအဖြစ် စထရက်ဖို့ဒ်ရှိ ဟိုလီထရီနီတီ ဘုရားရှိခိုးကျောင်း၌ ထားရှိသော အုတ်ဂူကို ဖွင့်ဖောက်ပြီး ကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို စကန်ဖတ်မည်ဖြစ်သည်။ ရှိတ်စပီးယား၏ မိသားစုဝင်များ၊ ၎င်း၏ဇနီးအပါအဝင် ကလေးများ၏ ရုပ်အလောင်းများကိုလည်း ၎င်းနှင့်ယှဉ်၍မြှုပ်နှံထားခြင်းဖြစ်နိုင်ကြောင်း ယူဆရသည်။

အုတ်ဂူပျက်စီးမှုမဖြစ်ပေါ်စေရန် တူးဖော်ခြင်းလုပ်ငန်းများကို ခေတ်မီနည်းပညာအသုံးပြုထားကြောင်း သိရသည်။ ရှိတ်စပီးယားကွယ်လွန်ခဲ့သည့် ၁၆၁၆ ခုနှစ် ဧပြီလကတည်းက ၎င်း၏အုတ်ဂူကို တစ်ကြိမ်တစ်ခါမျှ တူးဖော်ခြင်းမပြုကြောင်း ဒေသမီဒီယာများက ပြောသည်။

လန်ဒန်ရှိ စထရက်ဖို့ဒ်၌ နှစ်ပတ်လည်အခမ်းအနားကျင်းပစဉ်အတောအတွင်း တူးဖော်တွေ့ရှိမှုများ စာတမ်းဖတ်ပွဲများ၊ ညီလာခံများအပါအဝင် ဖျော်ဖြေတင်ဆက်မှုအမြောက်အမြားကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

စထရက်ဖို့ဒ်ရှိ ရှိတ်စပီးယား၏နေအိမ်မှ ရှာဖွေတွေ့ရှိချက်များကို မကြာခင် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး ဇူလိုင်လတွင် ၎င်း၏အိမ်ကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(ဆင်ဟွာ)**



ပြဇာတ်ရေးဆရာကြီး ဝီလျံရှိတ်စပီးယား

# ကင်းထောက်ကတိ(၃)ပါးနှင့် ကျင့်ဝတ်(၁၀)ပါးကိုထိန်းသိမ်းပြီး ကင်းထောက်စိတ်ဓာတ်ဖြင့် အများအကျိုးဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်နေ

**မန္တလေး မတ် ၂**

ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း) ဖွင့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကင်းထောက်လူငယ် မောင်မယ်များက "ပြည်သူ့အတွက် အစဉ်အသင့်" ကင်းထောက်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံအမျိုးသား ကင်းထောက်အလံနှင့် အမျိုးသမီးကင်းထောက်အလံတို့ကို လွှင့်တင်သည်။ ယင်းနောက် ကင်းထောက်လူငယ်များနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကင်းထောက်အလံတို့ကိုအလေးပြုကြပြီး ကင်းထောက်လူငယ်များက ကင်းထောက်ကတိ (၃)ပါး ရွတ်ဆို ကတိပြုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကြီးသည် ၁၉၆၄ ခုနှစ်တွင် တိမ်မြုပ်သွားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းမွေးဖွားလာကြောင်း၊ ကျောင်းပေါင်း ၂၀ ကို အခြေပြု၍ ကင်းထောက်လူငယ်မောင်မယ် ၂၀၀၀ နှင့် စတင်ဆောင်ရွက်ရာမှ ယခုနှစ် ဇန်နဝါရီအထိ ကင်းထောက်အင်အား ၅၉၀၀၀ ကျော်အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာအမျိုးသမီးကင်းထောက်အဖွဲ့ကို Country Working towards Membership အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့၏ Associate Membership အဖြစ်လည်းကောင်း၊ မြန်မာအမျိုးသားကင်းထောက်အဖွဲ့ကိုလည်း ၂၀၁၅ ခုနှစ်တွင် ASEAN Scout Membership အဖြစ် လည်းကောင်း အသိအမှတ်ပြုခံခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရေး ကမ္ဘာ့ကင်းထောက်အဖွဲ့က စိစစ်ဆောင်ရွက်မှုများ ပြုလုပ်နေပြီဆိုသည်ကိုလည်း လေ့လာသိရှိရသဖြင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ ကြိုးစားဆောင်ရွက်မှုနှင့် တိုးတက်မှုသည် အားရကျေနပ်ဖွယ်ဖြစ်ခဲ့ရကြောင်း။





ကင်းထောက်များအနေဖြင့် ကင်းထောက်ကတိ(၃)ပါးနှင့် ကျင့်ဝတ် (၁၀) ပါးကို ထာဝစဉ်ထိန်းသိမ်းပြီး ကင်းထောက်လူငယ်အချင်းချင်း ကင်းထောက်စိတ်ဓာတ်ဖြင့် လက်တွဲနေထိုင်သွားကြရန်နှင့် အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်ရေး အစဉ်အသင့်ဖြစ်နေပြီး ကောင်းမှုတစ်ခုနေ့စဉ်ပြုကြရန်၊ ငယ်စဉ်ကင်းထောက် ထာဝရကင်းထောက် Once a Scout always a Scout ဆိုသည့် ဆောင်ပုဒ်အတိုင်း နောင်အနာဂတ် ခေါင်းဆောင်များဖြစ်သည့်အခါ ကင်းထောက်စိတ်ဓာတ်နှင့် ယုံကြည်စိတ်ချရသည့် နိုင်ငံသားကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုက စခန်းချသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့အနေဖြင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

စခန်းချဖွင့်လှစ်ပွဲအပြီးတွင် ကင်းထောက်ကြီးများက ကင်းထောက်အတွေ့အကြုံများကို ဆက်လက်ဟောပြောပို့ချကြသည်။

စခန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စခန်းချကာလအတွင်း အခြေခံပညာ ကြီးကြပ်ဆရာ ၁၈ ဦး၊ ဆရာမ ၂၇ ဦး၊ တက္ကသိုလ်ကြီးကြပ်ဆရာ သုံးဦး၊ ဆရာမ ခုနစ်ဦး၊ အခြေခံပညာမှ အမျိုးသားကင်းထောက် ၂၁၉ ဦး၊ အမျိုးသမီးကင်းထောက် ၂၁၉ ဦး၊ တက္ကသိုလ်ကင်းထောက် အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၃၁ ဦးတို့ လေ့ကျင့်သင်ကြားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ လှုပ်ရှားကြိုးပမ်းမှုကြောင့် မကြာမီကာလတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်တော့မည်

**လူငယ်မောင်မယ်များအား တာဝန်ကျေပွန်သည့် နိုင်ငံ့သားကောင်းများဖြစ်စေရန်နှင့် ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းစေရန်၊ မိမိကိုယ်ကို အားကိုးတတ်စေရန်၊ အများအကျိုးဆောင်ရွက်နိုင်ပြီး လေ့ကျင့်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ကင်းထောက်လူငယ်စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)ကို မတ် ၂ ရက်က ဖွင့်လှစ်ခဲ့ရာ စခန်းချပွဲသို့ ပါဝင်တက်ရောက်သည့် ကင်းထောက်ကြီးများနှင့် လူငယ်ကင်းထောက်မောင်မယ်များ၏ အတွေ့အကြုံများကို မျှဝေဖော်ပြလိုက်ပါသည်။**



မြန်မာနိုင်ငံ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညို



သီဟ ကင်းထောက်ကြီး ဦးဇကျော်



ဒေါ်အိအိခင်



မောင်ကောင်းဆက်ဟိန်း



မအေးဘုန်းပြည့်ချို

ဒီနေ့ဖွင့်လှစ်တဲ့ (ပုပ္ပားစခန်း) ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲကျင်းပတဲ့နေရာဟာ လွန်ခဲ့တဲ့ နှစ်များစွာက ကင်းထောက်စခန်းတစ်ခုဖြစ်တဲ့အတွက် သမိုင်းဝင် ထူးခြားတဲ့နေရာဖြစ်ပါတယ်။

၁၉၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဟာ ၂၀၁၆ ခုနှစ်မှာ နှစ်တစ်ရာပြည့်ပြီဖြစ်တဲ့အတွက် ရာပြည့်အခမ်းအနားကျင်းပနိုင်ဖို့ စီစဉ်နေပါတယ်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ရဲ့ လှုပ်ရှားကြိုးပမ်းမှုကြောင့် မကြာမီကာလအတွင်းမှာ ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ပြန်လည်ရပ်တည်လာနိုင်တော့မှာ ဖြစ်ပါတယ်။

ကင်းထောက်လူငယ်တွေဟာ မိမိတို့ ခံယူထားတဲ့ ကတိ (၃)ပါး၊ ကျင့်ဝတ် (၁၀)ပါးကို ရိုသေလိုက်နာပြီး လူ့အဖွဲ့အစည်းအတွက် အသုံးဝင်အဖိုးတန်တဲ့ လူငယ်တွေအဖြစ် ရပ်တည်သွားဖို့ တိုက်တွန်းလိုပါတယ်။ အကြောင်းကြောင်းကြောင့် ဖြစ်ပေါ်လာတတ်တဲ့ ရာသီဥတုပြောင်းလဲမှုအပါအဝင် အခက်အခဲတွေ၊ ဘေးအန္တရာယ်တွေ ကျရောက်လာရင်လည်း ကင်းထောက်လူငယ်တွေအနေနဲ့ လူသားအကျိုးပြုလုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်ကြစေလိုပါတယ်။

**သီဟ ကင်းထောက်ကြီး ဦးဇကျော်**

ဒီနှစ်ပုပ္ပားစခန်းချပွဲမှာ ကျွန်တော်ကြိုက်တာတစ်ခုရှိပါတယ်။ တဲလေးတွေနဲ့ ကလေးတွေကို နေရာချထားတာဟာ စခန်းချအင်္ဂါရပ်တစ်ခုဖြစ်လို့ ညွှန်ကြားစီစဉ်လုပ်ကိုင်ပေးသူတွေကို ကျေးဇူးတင်မိပါတယ်။ တဲလေးတွေကိုချပြီး ကလေးတွေကို သူတို့အဖွဲ့အလိုက် ကင်းစိတ်အလိုက် တဲထိုးခိုင်းရင် ပိုပြီးသဘာဝကျမှာပါ။ ဒါပေမယ့် အချိန်ကစကားပြောသွားတော့ အခုလို အဆင်သင့်ထိုးထားပြီး နေစေတာကိုလည်းတွေ့ရတာ စိတ်ချမ်းသာပါတယ်။

**ဒေါ်အိအိခင်**

**(ဦးစီးအရာရှိ၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး)**

၂၀၁၂ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံကင်းထောက်လုပ်ငန်းတွေ ပြန်လည်စတင်ချိန်မှာ ကင်းထောက် သင်တန်းကို ဆန္ဒအရတက်ရောက်ခဲ့ပါတယ်။ ကင်းထောက်လုပ်ငန်းရဲ့အနှစ်သာရနဲ့ အခြေခံသဘောတရား ရည်ရွယ်ချက်တွေဟာ ကျွန်မရဲ့ခံယူချက်နဲ့ ထပ်တူကျတဲ့အတွက် ကျွန်မဟာ ကင်းထောက်လုပ်ငန်းအပေါ် စွဲမက်ပျော်ရွှင်မိပါတယ်။

အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့က ပြုလုပ်တဲ့ ခေါင်းဆောင်မှုသင်တန်းကို ၂၀၁၃ ခုနှစ် ဂျပန်-မြန်မာ ချစ်ကြည်မှု စခန်းချသင်တန်းကို ၂၀၁၅ ခုနှစ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့က ပို့ချတဲ့ National Strategic Planning Workshop နဲ့ National Youth Programe တို့ကို ၂၀၁၆ ဇန်နဝါရီမှာ တက်ရောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာကျင်းပတဲ့ ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲကို ၂၀၁၅ မေလ ပြင်ဦးလွင်မှာတစ်ကြိမ်၊ အခု ၂၀၁၆ မတ်လ (ပုပ္ပားစခန်း)မှာ တစ်ကြိမ် တက်ရောက်ရလို့ အတွေ့အကြုံတွေ ထပ်မံရရှိစေပါတယ်။ နိုင်ငံတကာသင်တန်းအတွေ့အကြုံတွေနဲ့ ဂျမ်ဘိုရီအတွေ့အကြုံတွေဟာ ကင်းထောက်လုပ်ငန်းတွေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကျွန်မအတွက် ခွန်အားဖြစ်စေသလို နောင်မျိုးဆက်သစ် လူငယ်တွေအတွက် အတွေ့အကြုံကောင်းတွေ ရရှိစေတဲ့အတွက် ရေရှည် ဆက်လက်ဆောင်ရွက်သင့်တဲ့လုပ်ငန်းဖြစ်ပါတယ်။

**မောင်ကောင်းဆက်ဟိန်း(စတုတ္ထနှစ်၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ ဒဂုံတက္ကသိုလ်)**

ကျွန်တော်ကတော့ ဒဂုံတက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေးဘာသာရပ် သင်ယူနေတဲ့ စတုတ္ထနှစ်ကျောင်းသားဖြစ်ပါတယ်။ မနှစ်က ကျွန်တော်တို့တက္ကသိုလ်တွေမှာ ကင်းထောက်ဖွဲ့ဖို့ခေါ်တော့ ကျွန်တော်လည်းအခြေခံပညာကျောင်းတွေမှာ ကင်းထောက်ဖွဲ့နေတာကို မြင်ထားတော့ စိတ်ဝင်တစားနဲ့ ပါဝင်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့ကို နွေရာသီမှာကင်းထောက်သင်တန်းပေးခဲ့ပြီး ပြင်ဦးလွင် စခန်းချတွေ့ဆုံပွဲကို ပါဝင်ခွင့်ရခဲ့ပါတယ်။

တစ်နိုင်ငံလုံးက ကျောင်းသားတွေနဲ့တွေ့ခွင့်ရတဲ့အတွက် ပျော်ဖို့ကောင်းပါတယ်။ ဒီပုပ္ပားစခန်းချတွေ့ဆုံပွဲမှာလည်း အရင်နှစ်ကထက် ပိုပြီးအတွေ့အကြုံတွေမှာ ပါဝင်လုပ်ဆောင်ခွင့်ရမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်တော်တို့ မနှစ်က ပြင်ဦးလွင်စခန်းချ တွေ့ဆုံပွဲပြီးသွားတော့ နီပေါငလျင်လှုပ်ထားပြီးသားအချိန်ဖြစ်နေလို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်ခဲ့ပါတယ်။

၂၀၁၅ နိုဝင်ဘာမှာ ကျင်းပခဲ့တဲ့ (၂၅)ကြိမ်မြောက် အာရှပစိဖိတ်ဒေသတွင်း ကင်းထောက်လူငယ်ဖိုရမ်ကို မြန်မာနိုင်ငံကိုယ်စားပြု လူငယ်ကင်းထောက်အနေနဲ့ တက်ရောက်ခွင့်ရပြီး ၂၀၁၅ ဒီဇင်ဘာမှာ စင်ကာပူနိုင်ငံလုံးဆိုင်ရာ ကင်းထောက်ညီလာခံမှာ တက်ရောက်ခွင့်ရခဲ့ပါတယ်။ ဒီလိုမျိုး သွားရောက်ခွင့်ရတဲ့အတွက် နိုင်ငံတကာမှာရှိတဲ့ ကင်းထောက်တွေရဲ့အတွေ့အကြုံတွေကိုပါ ဖလှယ်ခွင့်ရတဲ့အပြင် ကင်းထောက်လုပ်ငန်းဆိုတာ နိုင်ငံတိုင်းမှာရှိတဲ့ လူငယ်တွေကို နိုင်ငံ့သားကောင်းတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးနေတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာ မြင်တွေ့ရပါတယ်။

**မအေးဘုန်းပြည့်ချို (အ၄မတန်း၊ အထက-၂ ကမာရွတ်)**

ကင်းထောက်ကို ၂၀၁၅ မှာ ဝင်ခဲ့ပါတယ်။ ကင်းထောက်လုပ်ဆောင်ချက်တွေမှာ အကြိုက်ဆုံးကတော့ စခန်းချခြင်းဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ ၂၀၁၄ မတ်လမှာ ပြင်ဦးလွင်မှာ ကျင်းပတဲ့ ဂျမ်ဘိုရီကို တက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်မရဲ့ ပထမဆုံးအတွေ့အကြုံပါ။ အဲဒီဂျမ်ဘိုရီမှာ မြန်မာနိုင်ငံအနှံ့ကလာတဲ့ ကင်းထောက်တွေနဲ့တွေ့ရလို့ သူငယ်ချင်းအသစ်တွေ၊ အထွေထွေဗဟုသုတတွေ အများကြီးရပါတယ်။

၂၀၁၄ ခုနှစ် ကိုရီးယားမှာကျင်းပတဲ့ 4th International Patrol Jamboree မှာ မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ သွားရောက်ခဲ့ပါတယ်။ အဲ့ဒီမှာ နိုင်ငံတကာကလာတဲ့ ကင်းထောက်တွေနဲ့လည်းတွေ့ရပြီး ကင်းထောက်လုပ်ဆောင်ချက်တွေ အများကြီးလုပ်ရပါတယ်။ အဲဒီလိုလုပ်ဆောင်ချက်တစ်ခုပြီးရင် တံဆိပ်တစ်ခုရပါတယ်။ အခုလည်း ၂၀၁၆ ခုနှစ်မှာကျင်းပတဲ့ ပုပ္ပားကင်းထောက်စခန်းမှာ ပါဝင်နေပါတယ်။

ဒီလိုမျိုး ဂျမ်ဘိုရီတွေကို တက်ရောက်တဲ့အတွက် အတွေ့အကြုံသစ်တွေ အများကြီးရပါတယ်။ ကိုယ့်ဘာသာကိုရပ်တည်လာနိုင်တယ်။ အထူးသဖြင့် နိုင်ငံခြားဂျမ်ဘိုရီတွေမှာ တခြားနိုင်ငံတွေရဲ့ အထွေထွေဗဟုသုတတွေကို သိရပါတယ်။ ယဉ်ကျေးမှု တွေကိုလည်း သိရပါတယ်။ ဒီလိုရရှိလာတဲ့ ဗဟုသုတတွေရယ်၊ အတွေ့အကြုံတွေကို အခြားကင်းထောက်တွေကို မျှဝေပေးပါတယ်။ ကိုယ်တိုင်ကလည်း ကင်းထောက်လုပ်ငန်းကို စိတ်ဝင်စားပါတယ်။ ဒါ့ကြောင့် ကျောင်းသား ကျောင်းသူတိုင်းကို ကင်းထောက်အဖွဲ့အစည်းတိုင်းမှာ ပါဝင်စေချင်ပါတယ်။

**သတင်းနှင့် ဓာတ်ပုံ -ကိုလတ်(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ အရှည်ဆုံး တာမွေလမ်းဆုံခုံးကျော်တံတားကြီး မတ် ၃၁ ရက် သို့မဟုတ် ဧပြီလဆန်းတွင် စတင်ဖြတ်သန်းခွင့်ပြုမည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးစီး၍ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားကြီး၏ ပင်မလေးလမ်းသွားဘက်ခြမ်းကို မတ် ၃၁ ရက် သို့မဟုတ် ဧပြီလဆန်းပိုင်းတွင် ကားများစတင်ဖြတ်သန်းသွားလာခွင့် ပြုနိုင်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားကြီးကို ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီအနေဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လဆန်းပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် လေ့လာစမ်းသပ်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာခိုင်နှုန်းအားဖြင့် ပင်မတံတား လေးလမ်းသွားဘက်ခြမ်းမှာ ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကာ သင်္ကြန်ကာလမတိုင်မီ ယခုမတ်လကုန် သို့မဟုတ် ဧပြီလဆန်းတွင် ကားများစတင်ဖြတ်သန်းသွားလာနိုင်ရေး နေ့ဆိုင်း၊ ညဆိုင်းများဖြင့် အစွမ်းကုန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ဒီတံတားကြီးကိုတည်ဆောက်တဲ့အခါမှာ အခက်အခဲတွေအများကြီးကြားထဲက သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်နိုင်ရေး ကြိုးပမ်းခဲ့ပါတယ်။ ခုဆိုရင် ပင်မတံတားလေးလမ်းသွားဘက်ခြမ်းက ၈၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်လို့ သင်္ကြန်မတိုင်ခင် မတ် ၃၁ ရက် ဒါမှမဟုတ် ဧပြီလဆန်းပိုင်းမှာ ကားတွေစတင်ဖြတ်သန်းသွားလာနိုင်ဖို့ နေ့ရော ညပါ လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် ကျွန်တော်တို့လုပ်ငန်းက ခုနောက်ပိုင်းမှာ ညဘက်အဓိကထား လုပ်ဆောင်ရတာဖြစ်လို့ လုပ်ငန်းဆူညံမှုကို ဘေးပတ်ဝန်းကျင်က ပြည်သူတွေအနေနဲ့ သဘောထားကြီးစွာ ခွင့်လွှတ်ပေးတဲ့အတွက် အလွန်ပဲကျေးဇူးတင်မဆုံးဖြစ်မိပါတယ်"ဟု အဆိုပါ ခုံးကျော်တံတားအား တာဝန်ယူတည်ဆောက်ပေးနေသည့် စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်မြင့်က ပြောသည်။

တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားသည် ရန်ကုန်မြို့ရှိ ခုံးကျော်တံတားများအနက် အရှည်ဆုံးဖြစ်လာမည့် ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကြီးဖြစ်ပြီး ပင်မလေးလမ်းသွားဘက်ခြမ်းဖြစ်သည့် ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းပေါ်ရှိ တံတားအရှည်သည် ၂၈၇၅ ဒသမ ၀၇ ပေရှိကာ အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်ခြမ်းသို့ ခွဲထွက်သွားသော လက်တက်ပွား နှစ်လမ်းမောင်း တံတားအရှည်မှာ ၁၉၇၁ ဒသမ ၅၂ ပေ ရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်၊ သံမဏိရက်မတံတားဖြစ်ကာ မြန်မာငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

"ဒီတံတားကြီးတည်ဆောက်တာ မြန်သလိုပဲ။ ခုနောက်ပိုင်း ညဘက်ကိုပါ အားထည့်ပြီးဆောက်လာတာကို တွေ့ရတယ်။ သင်္ကြန်မတိုင်ခင် ပြီးမယ်လို့တော့ ပြောသံကြားတယ်။ သင်္ကြန်မတိုင်ခင်ပြီးရင်တော့ ကျွန်မတို့အနေနဲ့ ပိုအဆင်ပြေတာပေါ့။ သင်္ကြန်တွင်းလည်ပတ်တဲ့ကားတွေလည်း ယာဉ်ကြောကျပ်တည်းမှု မရှိတော့ဘူး။ တံတားကြီး ပြီးသွားရင်တော့ ဒီလမ်းတစ်လျှောက် ယာဉ်ကြောကျပ်တည်းမှုက အထိုက်အလျောက်လျော့သွားမှာပါ"ဟု အဆိုပါ တံတားအနီး ဗညားဒလလမ်းပေါ်တွင်နေထိုင်သည့် ပြည်သူတစ်ဦးကပြောသည်။

အဆိုပါ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကြီးကို ယခုမတ်လလယ်တွင် အင်ဒိုနီးရှားမီးတိုင်များ စတင်တပ်ဆင်မည်ဖြစ်ပြီး အဆိုပါမီးတိုင်များကို တပ်ဆင်မည့်မီးလုံးကြီးများမှာ ထိုင်းနိုင်ငံမှ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။



၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော ရန်ကုန်မြို့၏ အရှည်ဆုံး တာမွေခုံးကျော်တံတားကို တွေ့ရစဉ်။

**သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**



# ကသာမြို့တွင် ဧရာဝတီမြစ်ရေလမ်းကြောင်း အကောက်စခန်းရုံး ကောက်ခံမှုစတင်ပြုလုပ်

**ကသာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အရှေ့ဘက်ရှိ ဧရာဝတီမြစ်ကြောင်းတွင် ပြေးဆွဲနေသော ရေယာဉ်မော်တော် အသုံးပြုသူများထံမှ ထိုက်သင့်သောအခများကို ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတ် ၁ ရက်ကစတင်ပြီး ကသာမြို့ သဖန်းကိုင်သွေးကျောက်ချောင်း၊ အမှတ်(၁၀)ရပ်ကွက်အနီး ရေယာဉ်ဆိပ်ကမ်း၌ ကောက်ခံရေးစခန်းရုံးများ ဖွင့်လှစ်ကောက်ခံလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ကောက်ခံရေးစခန်းများ ဖွင့်လှစ်မှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကသာခရိုင် ဧရာဝတီရေကြောင်းဦးစီးဌာနနှင့် ရေယာဉ်ထိန်းသိမ်းရေးဌာန ကုန်တင်ကုန်ချအလုပ်သမားဦးစီးဌာနတို့ တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

*ကျောဖုံးမှ*

ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရတနာပုံအသင်းမှာ မကွေးအသင်းနှင့် အိမ်ကွင်းပွဲကျပ်ကစားရမည် ဖြစ်သည်။ လေးပွဲဆက်အနိုင်ရထားသည့် ရန်ကုန်မှာ ဇေယျာရွှေမြေနှင့် အဝေးကွင်းပွဲတွင် နိုင်ပွဲဆက်မှုကို ထိန်းနိုင်ရန် ကြိုးပမ်းရဖွယ်ရှိနေသည်။

**ဇေယျာရွှေမြေ-ရန်ကုန်**

ယခုရာသီတွင် အိမ်ကွင်းရှုံးပွဲမရှိသေးသည့် ဇေယျာရွှေမြေအသင်းနှင့် နောက်ဆုံးလေးပွဲဆက် အနိုင်ရထားသည့် ရန်ကုန်အသင်းတို့၏ အားပြိုင်မှုဖြစ်သည်။ အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာ ရှိနေသော်လည်း ရလဒ်ကောင်းများ ရယူနေသည့် ရန်ကုန်အသင်းကို ဇေယျာရွှေမြေအသင်း တားဆီးနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ပြိုင်ဆိုင်မှု ပြင်းထန်သည့်ပွဲ ဖြစ်လာနိုင်သည်။

**ဇွဲကပင်-ဟံသာဝတီ**

အမှတ်ပေးဇယား အဆင့်(၃) အတွင်း ရပ်တည်နေသည့် အသင်းနှစ်သင်း၏တွေ့ဆုံမှုက ပြိုင်ဆိုင်မှု ပြင်းထန်နိုင်ပေသည်။ ဟံသာဝတီအသင်းအနေဖြင့် ထိပ်ဆုံးမှ ရတနာပုံအသင်းကို အမီလိုက်ရန် အရေးပါနေသလို ဇွဲကပင်အသင်းမှာလည်း အမှတ်ပြတ်မသွားရန် ယခုပွဲ၌ ရလဒ်ကောင်းရန် လိုအပ်နေသည်။ နှစ်သင်းစလုံး ယခုရာသီတွင် ပုံစံကောင်းရရှိနေသောကြောင့် အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

**ရတနာပုံ-မကွေး**

ပွဲစဉ်(၈)တွင် မကွေးအသင်းနိုင်ပွဲရခဲ့သော်လည်း ပုံစံကောင်းရနေသည့် ရတနာပုံအသင်းကို ထိန်းချုပ်နိုင်ရန် မလွယ်ပေ။ ယခုရာသီတွင် ရတနာပုံအသင်းသည် ခြေစွမ်းအပြင် ရသင့်သည့်ရမှတ်များ ရယူနိုင်ခြင်းတို့ကြောင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခြင်းဖြစ်သည်။ အမာခံကစားသမားအစုံအလင်ပါဝင်လာမည့် ရတနာပုံအသင်း အိမ်ကွင်း၌ အခြေအနေကောင်းနိုင်ပေသည်။

# မူဆယ် - မန္တလေးလမ်းပိုင်း၌ စက်ချွတ်ယွင်းယာဉ်ကြောင့် လမ်းပိတ်ဆို့မှု သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်မှုကြောင့် နောင်ချိုမြို့၌ ယာဉ်များသွားလာနိုင်ပြီ

**နောင်ချို မတ် ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်-လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမ နောင်ချိုမြို့နယ် ဂုတ်တွင်းကားလမ်း တံတားဟိုဘက်ကမ်းတွင် မတ် ၁ ရက်က ကုန်တင်ယာဉ်ကြီးတစ်စီး စက်ချွတ်ယွင်းကာ လမ်းပေါ်ရပ်တန့်ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ကားလမ်းပိတ်ဆို့မှုကြောင့် စက်ချွတ်ယွင်းယာဉ်အား ဖယ်ရှားရွှေ့ထား၍ ကားလမ်းပွင့်သွားသော်လည်း ယာဉ်မောင်းများ စည်းကမ်းမဲ့မောင်းနှင်မှုကြောင့် လမ်းပိတ်ဆို့မှု သုံးကြိမ်ဖြစ်ပွားခဲ့သည်။ ကားလမ်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ကျောက်မဲခရိုင် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ နောင်ချိုမြို့နယ်မှူးရုံး၊ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အိုရီယမ်တယ်လမ်းစီမံကိန်းမှ တာဝန်ရှိသူများ ကူညီဆောင်ရွက်ပေးမှုကြောင့် ယာဉ်များပိတ်ဆို့နေမှုမှာ မတ် ၂ ရက် နေ့လယ်ပိုင်းတွင် လမ်းများပွင့်သွား၍ မော်တော်ယာဉ်များ သွားလာနိုင်ပြီ ဖြစ်သည်။

ယာဉ်များ စနစ်တကျ သွားလာမောင်းနှင်စေရေးအတွက် နောင်ချိုမြို့တွင်း ကားလမ်းတစ်လျှောက်၊ ဂုတ်တွင်းကားလမ်း တံတားကွေ့များ၌ နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြပြီး နောင်ချိုမြို့ စေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးနေဦးသာ၊ ဦးမြတ်မိုးအောင်တို့ ဦးဆောင်သော အသင်းသားများက ခရီးသွားပြည်သူများကို သောက်ရေသန့်၊ ကွမ်း၊ ဆေးလိပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)၊ ဓာတ်ပုံ-သက်နိုင်(ပြင်ဦးလွင်)**



# မြန်မာ့ရွှေဈေး ကျပ်ရှစ်သိန်းဝန်းကျင်၌ အတက်အကျရှိနေ



ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး အရောင်းအဝယ်ခန်းမအတွင်း ရွှေဝယ်သူရောင်းသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၂**

မြန်မာ့ရွှေဈေးသည် ၂၀၁၅ ခုနှစ်အတွင်း၌ ငွေကျပ် ရှစ်သိန်းအထိတစ်ကြိမ်သာမြင့်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်းပြီးခဲ့သောနှစ်အတွင်း၌ ခြောက်ကြိမ်အထိရှိလာသည်ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ စည်းရုံးရေးမှူး ဦးအေးချိုက ပြောသည်။

မြန်မာ့ရွှေဈေးသည် ၂၀၁၆ ခုနှစ် နှစ်ဦးတွင် ဈေးကွက်စကားအရ ငွေကျပ်ရှစ်သိန်း ပတ်လည်ပြေးနေသည်ဟု ဆိုရမည်ဖြစ်သည်။ ငွေကျပ်ရှစ်သိန်းအောက် ထောင်ဂဏန်းဝန်းကျင်ကျသွားလိုက်၊ ငွေကျပ် ရှစ်သိန်းအထက် ထောင်ဂဏန်းအထိ တက်သွားလိုက်ဖြင့် အနိမ့်အမြင့်ရှိနေသည်။

ဖေဖော်ဝါရီ ၁ ရက်က ရွှေဈေးကွက်အဖွင့်တွင် ကမ္ဘာ့ရွှေဈေးမှာအမေရိကန်ဒေါ်လာ ၁၁၂၁ဒေါ်လာရှိပြီး မြန်မာ့အခေါက်ရွှေဈေးမှာ ငွေကျပ် ၇၇၆၁၀၀ ရှိခဲ့သည်။ ဖေဖော်ဝါရီ ၂၄ ရက်တွင် ကမ္ဘာ့ရွှေဈေးကွက်အဖွင့်၌ အမေရိကန်ဒေါ်လာ ၁၂၂၉ ဒေါ်လာရှိသော်လည်း မြန်မာ့ရွှေဈေးမှာငွေကျပ် ၈၀၃၀၀၀ ရှိနေသည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ ၁၂၃၂ ဒေါ်လာရှိပြီး မြန်မာ့ရွှေဈေးမှာငွေကျပ် ၈၀၄၀၀၀ ရှိရာမှ ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေး အမေရိကန်ဒေါ်လာ ၁၂၃၆ အထိမြင့်ခဲ့ပြီး မြန်မာ့ရွှေဈေးမှာငွေကျပ် ၈၇၀၀၀၀ ဖြင့် ပိတ်သိမ်းခဲ့သည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် ကမ္ဘာ့ရွှေဈေးအမေရိကန်ဒေါ်လာ၁၂၂၄ ဒေါ်လာဖြင့်စ၍ မြန်မာ့ရွှေဈေးငွေကျပ် ၇၉၉၀၀၀ ဖြစ်သွားခဲ့သည်။ သို့သော် မတ် ၁ ရက် နံနက်တွင် ကမ္ဘာ့ရွှေဈေးအဖွင့်၌ အမေရိကန်ဒေါ်လာ ၁၂၄၄ ဖြင့် ဖွင့်ခဲ့၍ မြန်မာ့ရွှေဈေးမှာငွေကျပ် ၈၀၃၅၀၀ ရှိရာမှ ယင်းနေ့ညနေဈေးကွက်ပိတ်ချိန်၌ ကမ္ဘာ့ရွှေဈေးမှာ ဒေါ်လာ ၁၂၄၀ ကျဆင်း၍ မြန်မာ့ရွှေဈေးငွေကျပ် ရှစ်သိန်းဖြင့် ပိတ်သိမ်းခဲ့သည်။

အဓိကရွှေဈေးကွက်များဖြစ်သည့် လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့်ရွှေဘုံသာလမ်းတို့၏ အရောင်းအဝယ်ဈေးကွက်မှာ အေးလျက်ရှိနေသည်ဟု ရွှေပွဲစားများ၊ အရောင်းအဝယ်ဆိုင်များက ဆိုကြသည်။

အဓိကမှာ မြန်မာ့ရွှေဈေးမှာ ငွေကျပ်ရှစ်သိန်းကျော်အထိ တက်လာသည့်အတွက် မူလရွှေအကျဈေးဖြင့် ဝယ်ယူစုဆောင်းထားသူများမှာ ပြန်ထုတ်ရောင်းသော ကာလဖြစ်သည်။ ပွင့်သစ်ဆန်းချိန်ရွှေဆိုင်မှဒေါ်အေးပြုံးချိုက "အခုရက်ထဲမှာလာဝယ်တဲ့သူထက်ပြန်လာရောင်းတဲ့သူတွေကပိုများပါတယ်။ ဝယ်လိုအားထက် ရောင်းလိုအားက ပိုများနေတယ်လို့ဆိုရမှာပါ"ဟု ပြောသည်။

ကမ္ဘာ့ရွှေဈေးအပြောင်းအလဲမြန်သည့်အလျောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးအရောင်းအဝယ်ခန်းမ၌ ရောင်းလိုသူများ၏ ဈေးခေါ်သံ၊ ဝယ်လိုသူများ၏ ဈေးပေးသံတို့ဖြင့် စည်ကားနေသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးဝင်းမြင့်က"အခုဒီမှာ အရောင်းအဝယ်လုပ်နေကြတဲ့သူတွေ အားလုံးက ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဝင်တွေချည်းပါပဲ။ ဒီခန်းမထဲကိုဝင်ရင် အသင်းဝင်ကတ်ဆွဲပြီးမှ ဝင်ရပါတယ်။ အရောင်းအဝယ်လုပ်တဲ့နေရာမှာလည်းရွှေထိ၊ ငွေထိစနစ် လက်ငင်းငွေချေရွှေယူစနစ်ပါပဲ။ တကယ်လို့ရွှေကျန်၊ ငွေကျန်အနည်းငယ်ရှိနေ မယ်ဆိုရင်လည်း ဈေးကွက်ပိတ်ချိန် ညနေ ၄ နာရီခွဲမှာနောက်ဆုံးထားပြီး စာရင်းရှင်းကြရပါတယ်"ဟု ပြောကြားသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်**

## အယ်နီညိုရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုကြောင့် သောက်သုံးရေပြတ်လပ်နိုင်မှု အခြေအနေရှင်းလင်း

**စဉ့်ကူး မတ် ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်မှုအခြေအနေကြောင့် ရေရှားပါးနိုင်သည့် ကျေးရွာများတွင် သောက်သုံးရေပြတ်လပ်နိုင်မှုအခြေအနေများနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ထားရှိမှု အခြေအနေများအား အသိပေးရှင်းလင်းပွဲကို မတ် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ယခုနှစ် အယ်နီညိုဖြစ်စဉ်များအပေါ် အန္တရာယ်ကျရောက်မှုများ မဖြစ်ပေါ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားကြောင်း၊ သောက်သုံးရေပြတ်လပ်နိုင်သည့် ကျေးရွာများကိုလည်း ကွင်းဆင်းစစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားကြောင်း၊ လက်ရှိတူးဖော်ပေးထားသော ရေတွင်း၊ ရေကန်များမှ ရေကို အလေအလွင့်မရှိ သုံးစွဲနိုင်ရေး၊ ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းမောင်**

## မိတ္ထီလာခရိုင်တွင် နွေရာသီသောက်သုံးရေပြတ်လပ်မှု ဖြစ်ပေါ်လာပါက သောက်သုံးရေများ ဖြန့်ဝေရန်စီစဉ်

**မိတ္ထီလာ မတ် ၂**

မိတ္ထီလာမြို့တွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်လာပါက နွေရာသီကာလတွင် ပူပြင်းခြောက်သွေ့၍ ရေရှားပါးမှုဖြစ်ပေါ်လာနိုင်သောကြောင့် ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်ရန် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံချက်များ ကြိုတင်ရေးဆွဲထားသည်။

အယ်နီညိုရာသီဥတုဖြစ်ပေါ်ချိန်၌ မိတ္ထီလာမြို့နယ်တွင် ကျေးရွာ ၃၀၊ မလှိုင်မြို့နယ်တွင် ၁၄ ရွာ၊ ဝမ်းတွင်းမြို့နယ်တွင် ၂၉ ရွာနှင့် သာစည်မြို့နယ်တွင် ခြောက်ရွာ စုစုပေါင်းကျေးရွာပေါင်း ၇၉ ရွာမှာ ရေပြတ်လပ်ရှားပါးမှုဖြစ်နိုင်သဖြင့် မြို့နယ်များရှိ ဆည်မြောင်းဌာန၊ မီးသတ်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ ပုဂ္ဂလိကအလှူရှင်များနှင့် ပူးပေါင်း၍ ရေကားများဖြင့် ကျေးရွာအရောက်ရေဖြန့်ဖြူးပေးရန် စီမံချက်ရေးဆွဲထားသည်။ ကျေးရွာများသည် ရေပြတ်လပ်မှုမရှိသေးသော်လည်း ယခုအခါ ကျေးရွာများရှိ ရေတွင်းရေကန်များမှာ ရေဆုတ်စပြုနေပြီး ရေများခန်းခြောက် စပြုနေပြီဖြစ်သည်။

နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်မှုရှိနိုင်သည့် ကျေးရွာများအနက် မိတ္ထီလာမြို့နယ်မှ ကျေးရွာ ၁၀ ရွာ၊ မလှိုင်မြို့နယ်မှ ကိုးရွာ၊ ဝမ်းတွင်းမြို့နယ်မှ ငါးရွာ၊ သာစည်မြို့နယ်မှ သုံးရွာ စုစုပေါင်း ပထမဦးစားပေးကျေးရွာ ၂၇ ရွာ၊ ဒုတိယဦးစားပေး ၅၂ ရွာ တို့ကို ရေသယ်ရေစည်ကားများဖြင့် ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

## Child Fund Korea က လှူဒါန်းသော လေးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်၌ တည်ထောင်ဖွင့်လှစ်ထားရှိမည့်ကံတက်ကုန်းမစိုးရိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက်ကိုရီးယားနိုင်ငံ Industrial bank of korea (IBK) ကဆောက်လုပ်လှူဒါန်းသည့် လေးထပ်စာသင်ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို မတ်၂ ရက်က ၁၅ လမ်းနှင့် ၄၁ လမ်းထောင့်ရှိ အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ လေးထပ်ကျောင်းဆောင်သစ်ကြီးကို Child Fund Myanmar နှင့် Child Fund Korea တို့၏အစီအစဉ်ဖြင့် IBK က ငွေကျပ်သိန်း ၃၃၀၀ အကုန်အကျခံကာ ၂၀၁၅ ခုနှစ် မတ် ၂၀ ရက်က စတင်ဆောက်လုပ်ခြင်းဖြစ်ပြီး အလျား ၇၅ ပေ၊ အနံ၃၂ပေ ရှိ၍ စာသင်ခန်းကိုးခန်း၊ ရုံးခန်း တစ်ခန်း၊ ကွန်ပျူတာစာသင်ခန်း တစ်ခန်း၊ စာကြည့်တိုက် တစ်ခန်း၊ ရေချိုးခန်း တစ်ခန်းနှင့် သန့်စင်ခန်း ၁၆ ခန်းတို့နှင့် အတူ စာသင်ခုံ၂၄၀နှင့် ပရိဘောဂများအနက် ၈၅၅ ပေရှိ လေးလက်မရေတွင်းနှင့် ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးတို့ ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မအူပင်၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို

**မအူပင် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ် (၁၀)ရပ်ကွက် ဆည်မြောင်းတာ အပြင်ပိုင်း တိုးမြစ်ကမ်းနံဘေးရှိ ဦးတိုက်စိုး ဝါး၊ ဓနိပွဲရုံလုပ်ငန်းထိပ်မှ အလျားပေ ၁၅၀ ခန့် မြစ်ရေတိုက်စားမှုကြောင့် လက်ရှိမြစ်ကမ်းနဖူးမှ ၁၅ ပေအထိ ကမ်းပြိုမှု မတ် ၁ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်ကစတင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကမ်းပြိုမှုကြောင့် ဝါး၊ ဓနိပွဲရုံမှ ရောင်းကုန်ပစ္စည်းများ ဆုံးရှုံးမှုမဖြစ်စေရန် မြို့နယ်တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ကမ်းပြိုမှုနှင့်လွတ်ရာသို့ ညတွင်းချင်း ရွှေ့ပြောင်းပေးခဲ့ကြပြီး ဆက်လက်၍ ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြစ်ကမ်းပြိုကျမှုကြောင့် လူနေအိမ်ခြေနှင့် ပစ္စည်းများ ပျက်ဆီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။ **အောင်ခိုင် (ပြန်/ဆက်)**



## အယ်နီညို အကျိုးသက်ရောက်မှု အသိပညာပေးဆွေးနွေးပွဲ မောင်တော၌ ကျင်းပ

**မောင်တော မတ် ၂**

အယ်နီညိုအကျိုးသက်ရောက်မှု အသိပညာပေး ဆွေးနွေးပွဲကို မောင်တောမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး အယ်နီညိုအကျိုးသက်ရောက်မှု အသိပညာများကို မြို့နယ်မိုးလေဝသဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စွန့်ပစ်အပူသုံးဓာတ်အားပေးစက်တည်ဆောက်မှု ထိုင်းနိုင်ငံမှ နည်းပညာအကူအညီရရှိရေးဆွေးနွေး



**နေပြည်တော် မတ် ၂**

မြန်မာ-ထိုင်း လျှပ်စစ်စွမ်းအားဆိုင်ရာ နှစ်နိုင်ငံဝန်ကြီးများ အစည်းအဝေးနှင့် ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. General အန်နန်တာပွန် ကန်ဂျန်နာရတ် ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိနိုင်သော တမံအနိမ့်ဒီဇိုင်းပြန်လည်ရေးဆွဲရေး Cascade အဆင့်ဆင့်ဖြင့် ဆောင်ရွက်ရန်၊ အဆိုပါစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို လျှပ်စစ်စွမ်းအားဆိုင်ရာ ပူးတွဲကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားရန် ထိုင်းနိုင်ငံမှ လှူဒါန်းသည့် ရွှာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ တည်ဆောက်ခဲ့သော မဂ္ဂါဝပ် ၁၂၀ Gas Turbine နှစ်လုံး၏ ရေရှည်ပြုပြင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက် Combine Cycle တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံ Electricity Generating Authority of Thailand (EGAT) မှ Technical နှင့် Financial အကူအညီများရရှိရေး နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းချိတ်ဆက်၍ ထိုင်းနိုင်ငံမှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းတည်ဆောက်၍ မဂ္ဂါဝပ် ၁၀၀ ခန့် ဓာတ်အားပေးပို့နိုင်မည့် အလားအလာများကို လေ့လာရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသော လျှပ်စစ်စီမံကိန်းများ အကောင်အထည်ပေါ်လာစေရေးနှင့် ရေအရင်းအမြစ်ကို အကျိုးရှိစွာ အသုံးချရေးတို့နှင့် ပတ်သက်၍ အပြန်အလှန် ညှိနှိုင်းထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးကြသည်။

ယင်းနောက် ထိုင်းစွမ်းအင်ဝန်ကြီးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ အရီပွန်ဘွန်ချာအွန်း ဦးဆောင်သော ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံအကြား အလှည့်ကျပြုလုပ်သည့် လျှပ်စစ်စွမ်းအားဆိုင်ရာ ပူးတွဲကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းရုံး၌ ဆက်လက်ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံဝန်ကြီးများ ဆွေးနွေးခဲ့ကြသည့်မူဝါဒများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် ဇီးဖြူကုန်းတိုက်နယ်ဆေးရုံသစ်ဖွင့်

**လက်ပံတန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလစတုတ္ထပတ်က ကျင်းပခဲ့သည်။



ဆေးရုံသစ်ကို ပဲခူးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းကုသရေးဦးစီးဌာနမှူးတို့က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံသစ်သည် ငွေကျပ်သိန်း ၅၆၄၀ ခန့် ကုန်ကျပြီး ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ ကျေးရွာပေါင်း ၄၉ ရွာမှ ပြည်သူသုံးသောင်းကျော်ကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဧရာဝတီမြစ်ရေ မြင့်တက်နိုင်

**နေပြည်တော် မတ် ၂**

မတ် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ခြောက်ရက်မှ ကိုးရက်အတွင်း ခုနစ်ပေမှ ၁၀ ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ရက်မှ သုံးရက်အတွင်း ပေဝက်မှ သုံးပေခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့်ဆိပ်သာမြို့တို့တွင် တစ်ရက်မှ လေးရက်အတွင်း တစ်ပေမှ လေးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ နောက်တစ်ရက်မှ သုံးရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

❒ ***ရှေ့ဖုံးမှ***

"ဧရာဝတီလင်းပိုင်က မျိုးသုဉ်းမယ့်အဆင့်မှာ အမြင့်ဆုံးနေရာမှာ ရောက်နေတယ်။ အဲဒီလင်းပိုင်ကို မြန်မာအမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဝိုင်းဝန်းပြီး ထိန်းသိမ်းရမှာပါ။ နိုင်ငံရဲ့ ပုံရိပ်တစ်ခုလည်းဖြစ်တယ်။

"ဒါကြောင့် ကျွန်တော်တို့က ပြည်သူကို Educate လုပ်တယ်။ ခရီးစဉ်မှာ မြစ်ကြောင်းတစ်လျှောက် ကျေးရွာတွေမှာ အသိပညာတွေပေးခဲ့တယ်" ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြောသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာကို စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းပုထိုးတော်ကြီး အနောက်ဘက်ကမ်းနှင့် မန္တလေးတိုင်းဒေသကြီး နန်းတော်ကျွန်း(အရှေ့ဘက်)ကမ်းမှ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့ ရေတော်ဘုရားအနောက်ဘက်ကမ်းမှ အရှေ့ဘက်ကမ်း မန္တလေးတိုင်းဒေသကြီးအထိ မြစ်အစိတ်အပိုင်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က သတ်မှတ်ခဲ့ကြောင်း သိရသည်။

"လင်းပိုင်မျိုးသုဉ်းမယ့် အန္တရာယ် ဝိုင်းဝန်းကာကွယ်ဖို့နဲ့ ရေသယံဇာတတွေ ထိန်းသိမ်းရေးပညာပေးစာစောင်တွေဖြန့်ဝေပြီး ဟောပြောတယ်။ ရုပ်ရှင်တွေပြတယ်။ ဒီခရီးမှာ ဗန်းမော်ရောက်တော့ ရုတ်တရက် ရေကြီးလာပြီး အခက်အခဲဖြစ်လာလို့ အဆန်တုန်းကတွေ့ခဲ့တာကိုပဲ မှတ်တမ်းယူခဲ့တယ်" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဟန်ဝင်းက ပြောသည်။

လင်းပိုင်သုတေသနဆောင်ရွက်ခဲ့သည်မှာ ၁၄ နှစ်ခန့်ရှိပြီဖြစ်၍ ယခုခရီးစဉ်တွင် မှန်ဘီလူးများ၊ GPS Depth (Meter),Distance (Sounder) နှင့် အကောင်းဆုံးကင်မရာများ အသုံးပြုကာ ဝဲဘက်၊ အလယ်၊ ယာဘက်စောင့်ကြည့်သုံးဦး၊ ပတ်ဝန်းကျင်စောင့်ကြည့်သူများဖြင့် နာရီပိုင်း လူလဲစနစ်သုံး၍ အချိန်ပြည့် မှတ်တမ်းပြုစုခြင်းဖြစ်သည်။

မျိုးသုဉ်းမည့်စာရင်းတွင် ပါဝင်နေသည့် ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဒေသခံများနှင့် အများပြည်သူက ဝိုင်းဝန်းကူညီရမည်ဖြစ်ပြီး ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ မြစ်အတွင်း စီးပွားဖြစ် ရွှေတူးဖော်ခြင်း၊ မြစ်ရေညစ်ညမ်းစေခြင်းစသည့် လင်းပိုင်များသွားလာနေထိုင်မျိုးပွားမှုအတွက် ထိခိုက်နိုင်သည့်လုပ်ရပ်များ ရှောင်ကြဉ်ရန် လိုအပ်သည်ဟုဆိုသည်။

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် မတ် ၂

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။**

(မြန်မာ့အလင်း)

✳ ***ကျောဖုံးမှ***

ကမ်းရိုးတန်းများသို့ နောက်ထပ် ၅ နာရီမှ ၈ နာရီအတွင်း ဆူနာမီလှိုင်းများ ရောက်လာနိုင်ကြောင်း ကြိုတင်သတိပေးချက် ထုတ်ပြန်ခဲ့ရာ ပြည်သူများအတွင်း စိုးရိမ်ပူပန်များ ဖြစ်ပေါ်နေမှုနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ မြေငလျင်ဆိုင်ရာတာဝန်ခံက "လက်ရှိမှာ မြေငလျင်လှုပ်ခတ်မှု အခြေအနေကို သိရှိနိုင်ဖို့အတွက် ကျွန်တော်တို့ဌာနက ကနဦး သတင်းထုတ်ပြန်ပေးထားပါတယ်။ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းတွေဖြစ်ပေါ်မှု ရှိ မရှိကို ငလျင်လှုပ်ခတ်သွားတဲ့နေရာနဲ့ အနီးဆုံးနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ သြစတြေးလျနိုင်ငံတို့က အချိန်နှင့်တစ်ပြေးညီစောင့်ကြည့်လျက်ရှိပြီး မြန်မာနိုင်ငံအနေနဲ့လည်း အဲဒီနိုင်ငံတွေက မိုးလေဝသဌာနတွေနဲ့ ချိတ်ဆက် ဆောင်ရွက်လျက်ရှိတဲ့ အပြင် ဆူနာမီဆိုင်ရာ ဒေသတွင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။ ဆူနာမီလှိုင်း အန္တရာယ်ဖြစ်ပေါ်လာနိုင်မှု ရှိ မရှိကို အဆင့်အလိုက် မြန်မာနိုင်ငံအနေနဲ့လည်း အချိန်နဲ့တစ်ပြေးညီ လေ့လာစောင့်ကြည့်ပြီး ကြိုတင်သတိပေးချက်တွေ ထုတ်ပြန်သွားမှာဖြစ်ပါတယ်" ဟု မြန်မာ့သတင်းစဉ်သို့ ပြောကြားသည်။

**(သတင်းစဉ်)**



# ၂၀၁၅ ရွေးကောက်ပွဲအပေါ်သုံးသပ်ကြသူများ၏ အမြင်များ

မေးရေး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်



စိုင်းရဲကျော်စွာမြင့် (အမှုဆောင်ဒါရိုက်တာ)



ဦးမြင့်နိုင်(အဖွဲ့ဝင်) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ဦးအောင်ကိုမြင့် (MILI) Myanmar Independent Living Initiative



ဦးတင်အေး(ဥက္ကဋ္ဌ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း တစ်နိုင်ငံလုံးအဆင့် အစည်းအဝေး ဒုတိယနေ့အဖြစ် မတ် ၁ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေး၌ ရွေးကောက်ပွဲအလွန် ခြုံငုံသုံးသပ်ချက်များ၊ မြေပုံများနှင့် ရလဒ်အထွေထွေ စစ်ဆေးလေ့လာခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ယင်းနောက် ရွေးကောက်ပွဲကော်မရှင်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပါတီများသည် ခေါင်းစဉ်ငါးခုအား အစုငါးစုခွဲ၍ အုပ်စုဖွဲ့ဆွေးနွေးခဲ့ကြပြီး ညနေပိုင်းတွင် အုပ်စုဖွဲ့ဆွေးနွေးခြင်းမှုရရှိလာသည့် အကြံပြုချက်နှင့် သုံးသပ်ချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၁ ရက်အထိ ဆွေးနွေးသော တစ်နိုင်ငံလုံးအဆင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးမှ ရရှိလာသည့် အကြံပြုချက်နှင့် သုံးသပ်ချက်များအား မှတ်တမ်းများထားရှိ၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် အသစ်ပေါ်ပေါက်လာမည့် ရွေးကောက်ပွဲကော်မရှင်သို့ ပြန်လည် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်ရက်တာ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး အကြံပြုကြသူများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၏ သဘောထားအမြင်တို့ကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**စိုင်းရဲကျော်စွာမြင့် (အမှုဆောင်ဒါရိုက်တာ)**
**PACE (ယုံကြည်ရသော ရွေးကောက်ပွဲများ ပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့)**

၂၀၁၀၊ ၂၀၁၂ ရွေးကောက်ပွဲတွေနဲ့နှိုင်းယှဉ်ရင် ၂၀၁၅မှာ ရွေးကောက်ပွဲကော်မရှင်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှုက အများကြီးကောင်းတယ်။ ပုံမှန်တွေ့ဆုံမှုတွေအပြင် အရေးတကြီး တွေ့ဆုံမှုတွေလည်း ရှိတယ်။ ရွေးကောက်ပွဲကော်မရှင်ကို အသိအမှတ်ပြုလို့ရတဲ့ကိစ္စက အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ရွေးကောက်ပွဲဖြစ်စဉ်မှာ တရားဝင်ပါဝင်ခွင့်ရဖို့ ထည့်ထားတဲ့ကိစ္စပဲ။ ဒါဟာရွေးကောက်ပွဲသမိုင်းမှာ အရေးကြီးတဲ့ ဖြစ်ပေါ်တိုးတက်မှုတစ်ခုပါ။ ရွေးကောက်ပွဲကော်မရှင်နဲ့ ပတ်သက်ပြီးအရေးကြီးတဲ့ ပြုပြင်ပြောင်းလဲစရာတွေ ထောက်ပြတာရှိတယ်။ အရေးကြီးဆုံးအချက်က ဥပဒေမူဘောင်နဲ့ ပတ်သက်ပြီးတော့ပေါ့။ ကျွန်တော်တို့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေရွေးကောက်ပွဲမှာ ပါဝင်ခွင့်က ဥပဒေမူဘောင်ထဲမှာ တရားဝင်မရှိဘူး။ ရွေးကောက်ပွဲကော်မရှင်ရဲ့ လမ်းညွှန်ချက်ထဲမှာပဲရှိတယ်။ ကျွန်တော်တို့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ရွေးကောက်ပွဲဖြစ်စဉ်မှာ ပါဝင်ခွင့် ရ၊ မရဆိုတာက ရွေးကောက်ပွဲကော်မရှင်ပေါ်မှာ မူတည်နေတယ်။ ဒါကအရေးကြီးတယ်။ ဒါကို ရွေးကောက်ပွဲကော်မရှင်အသစ်အနေနဲ့ ဥပဒေထဲမှာထည့်ပြီး အကာအကွယ်ပေးဖို့လိုတယ်။ အထူးသဖြင့် အသွင်ကူးပြောင်းစ နိုင်ငံတွေမှာ ဘယ်သူမှဘက်မလိုက်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ရွေးကောက်ပွဲမှာပါဝင်မှုက ပြည်သူလူထုကို ပိုပြီးတော့ ယုံကြည်ချက်မြင့်လာစေတယ်။ ဒါက ဒီမိုကရေစီနိုင်ငံ တည်ဆောက်ဖို့ အရေးကြီးတဲ့ကိစ္စပါ။

နောက်တစ်ချက်က ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အချိန်ဇယားက အရေးကြီးတယ်။ နောင်လာမယ့် ရွေးကောက်ပွဲ ကော်မရှင်အနေနဲ့ ရွေးကောက်ပွဲလုပ်မယ့်နေ့ကို တိတိကျကျ သတ်မှတ်တာမျိုး။ မဲစာရင်းကို ဘယ်နေ့မှာပြုစုမယ်။ ကိုယ်စားလှယ်လောင်းတင်သွင်းမှုကို ဘယ်နေ့ သတ်မှတ်မယ်ဆိုတာမျိုးကို စနစ်တကျထားမယ်ဆို နိုင်ငံရေးပါတီတွေ အနေနဲ့ ဘယ်နေ့မှာ ဘာလုပ်မယ်ဆိုတာသိရပြီ။ အစီအမံတွေဆွဲလို့ရပြီ။ ပြည်သူလူထုနဲ့အရပ်ဘက်လူ့အဖွဲ့အစည်းလည်းသိပြီ။ ဒါဟာ ၂၀၂၀ ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင် အသစ်အနေနဲ့ အရေးကြီးတဲ့ အချက်တစ်ချက်ပဲ။ ၂၀၂၀ မှာလည်း ရွေးကောက်ပွဲ စောင့်ကြည့်တဲ့လုပ်ငန်းတွေ ဆက်လုပ်သွားမယ်။

**ဦးမြင့်နိုင်(အဖွဲ့ဝင်)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ကျွန်တော်တို့ နှစ်ရက်တာလုပ်တဲ့ တစ်နိုင်ငံလုံးအဆင့် အစည်းအဝေးက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့တယ်။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ဥပဒေနဲ့အညီလွတ်လပ်ပြီး ပွင့်လင်းမြင်သာစွာကျင်းပနိုင်ခဲ့တယ်။ အဲ့ဒီလို ပြီးစီးခဲ့ပေမယ့် ဘာတွေအခက်အခဲရှိသလဲ၊ ဘယ်လိုဆက်လက်ဆောင်ရွက်သွားသင့်သလဲဆိုတဲ့ အတွေ့အကြုံကို သုံးသပ်တာပေါ့။ အခုက တစ်နိုင်ငံလုံးအဆင့် သုံးသပ်ချက်၊အကြံပြုချက်တွေရယူတာပေါ့။ အခုကျွန်တော်တို့ လုပ်ခဲ့တဲ့ ရွေးကောက်ပွဲမဲစာရင်းက သမိုင်းမှာကျန်ခဲ့မှာပါ။

ရွေးကောက်ပွဲပြီးတဲ့ အချိန်မှာလည်း ကန့်ကွက်လွှာက ၄၅ ခုပဲရှိတယ်။ တော်တော်နည်းတယ်။ ကန့်ကွက်လွှာတွေ အများအပြားရောက်လာမယ်ထင်တာ။ ဘာကြောင့်နည်းသလဲဆို စေ့စပ်ညှိနှိုင်းရေး ကော်မတီကို ဗဟိုအဆင့်မှာဖွဲ့ထားတယ်။ ပါတီ ၁၀ ခုက ပါတီကိုယ်စားလှယ်တွေပါတယ်။ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်တွေမှာလည်း ပါတီကိုယ်စားလှယ်တွေနဲ့ အများယုံကြည်ရတဲ့၊ လက်ခံနိုင်တဲ့ ပြည်သူနဲ့ကော်မရှင်နဲ့ပေါင်းပြီး စေ့စပ်ညှိနှိုင်းရေး ကော်မတီလုပ်ခဲ့တယ်။ ဖြစ်ပေါ်လာတဲ့ အငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်တဲ့အခါမှာ တော်တော်အောင်မြင်ပါတယ်။ အဲ့ဒီလို ညှိနှိုင်းဆောင်ရွက်တဲ့ အကျိုးဆက်က ကန့်ကွက်လွှာတွေ နည်းလာတယ်။ အခုလိုကျွန်တော်တို့ လုပ်ခဲ့တဲ့ စေ့စပ်ညှိနှိုင်းရေးကော်မတီတွေရဲ့ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်တွေပီပီပြင်ပြင်နဲ့ ဥပဒေဘောင်အတွင်း ဝင်သွားအောင် နောင်တက်လာမယ့် ရွေးကောက်ပွဲကော်မရှင် အနေနဲ့ နည်းဥပဒေပြဋ္ဌာန်း သွားသင့်တယ်။

အားမရတာတစ်ခုကတော့ ငွေစာရင်းတင်တာပါ။ ရွေးကောက်ပွဲဝင်တဲ့ ကိုယ်စားလှယ်လောင်းတွေ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ရွေးကောက်ပွဲမှာ သူတို့အသုံးပြုခဲ့တဲ့ငွေစာရင်းကို တင်ရပါတယ်။ သူတို့တွေ ငွေကျပ်သိန်းတစ်ရာအထိ သုံးခွင့်ရတယ်။ အခုငွေစာရင်းမတင်တာဆိုရင် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၅ ဦး ရှိတယ်။ ရွေးကောက်ခံကိုယ်စားလှယ် ၃၂ ဦး ရှိတယ်။ အားလုံး ၂၀၇ ဦး မတင်ဘူး။ ရွေးကောက်ပွဲ ရလဒ်ကြေညာပြီး ရက်ပေါင်း ၃၀ အတွင်း ဒါကိုတင်ရပါတယ်။ မတင်တော့ ခရိုင်ကော်မရှင်က ကိုယ်စားလှယ်အရည်အချင်း သတ်မှတ်ချက် ပျက်ယွင်းတယ်လို့ သတ်မှတ်ပြီး ကော်မရှင်ကြီးကို တင်လာတယ်။ ကော်မရှင်ကြီးက ခုံဖွဲ့ပြီးဆင့်ခေါ်တဲ့အခါ ၄၀ ပဲ လာတယ်။ ကျန်တဲ့သူတွေမလာဘူး။ ဒါတွေကိုတော့ ပါတီတွေအနေနဲ့ လိုက်နာပြီး ပညာပေးဖို့လိုအပ်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာသင်တန်းတွေပေးဖို့ အကြံပြုကြပါတယ်။ ဒါဟာကောင်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ သင်တန်းပေးမယ့်သူတွေအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို သိဖို့လိုအပ်ပါတယ်။

**ဦးအောင်ကိုမြင့် (MILI)**
**Myanmar Independent Living Initiative**

အခုရွေးကောက်ပွဲမှာ မျက်မမြင်တွေကိုယ်တိုင် မဲပေးနိုင်တဲ့ မျက်မမြင်စာ template (ပုံစံပြား)နဲ့ မဲလက်မှတ်မှာကို ကြားညှပ်ပေးပါတယ်။ မျက်မမြင်စာနဲ့ ရေးထားတယ်။ တုံးထုရမယ့်နေရာနဲ့ template မှာ မျက်မမြင်စာနဲ့ ဖော်ပြထားတဲ့ ပါတီတွေကို ကွက်တိဖြစ်အောင် ချိန်ညှိထားတယ်။ ညာဘက်က တံဆိပ်တုံးကိုကိုင်ပြီး ဘယ်သူအကူအညီမှမယူဘဲ ကိုယ်တိုင်မဲပေးနိုင်တဲ့ စနစ်ကို စံနမူနာပြမဲရုံတွေမှာ ကျင့်သုံးခဲ့နိုင်တယ်။ လာမယ့် ၂၀၂၀ မှာ ဒါကို ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်ဖို့လိုတယ်။

ကျွန်တော် ဒီအစည်းအဝေးကို လာတဲ့ ရည်ရွယ်ချက်က မသန်စွမ်းသူများ မဲပေးနိုင်မယ့်အခွင့်အရေးကို ပိုမိုလွယ်ကူချောမွေ့အောင်လုပ်ပေးဖို့ အကြံပြုချက်လာတင်တာပါ။ အကြံပြုချက် (၇) ချက် ထွက်ပါတယ်။ (၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အသုံးပြုနေတဲ့ ဘတ်ဂျက်ကိုတိုးမြှင့်ဖို့၊ (၂) အဲဒီလိုတိုးမြှင့်ပြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ မသန်စွမ်းသူ မဲဆန္ဒရှင်စာရင်း သီးသန့်ကောက်ဖို့၊ (၃) မသန်စွမ်းသူတွေ မဲပေးတဲ့နေရာမှာ လွယ်ကူစေဖို့ ဗဟိုအဆင့်မှာတင်မဟုတ်ဘဲ တိုင်းဒေသကြီးနဲ့ချိတ်ဆက်ဖို့၊ (၄) အခု ရွေးကောက်ပွဲကတော့ မသန်စွမ်းသူတွေအတွက် စံပြမဲရုံ ၁၈ ရုံထားပြီး လုပ်ပေးခဲ့ပေမယ့် နောက်လာမယ့် ရွေးကောက်ပွဲမှာ မသန်စွမ်းသူနဲ့ သက်ကြီးရွယ်အို အားလုံးအတွက် လွယ်ကူစွာမဲပေးနိုင်အောင် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့လုပ်ပေးဖို့၊ (၅) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မသန်စွမ်းသူတွေအတွက် ရွေးကောက်ပွဲပညာပေးရာမှာ ပိုမိုဆောင်ရွက်ပေးဖို့၊ (၇) အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ပါတီတွေအနေနဲ့ မသန်စွမ်းသူတွေနဲ့ ပိုမိုထိတွေ့ပြီး ပါတီတွေက မသန်စွမ်းသူတွေအတွက် မူဝါဒတွေရှိလာစေဖို့ အကြံပြုပါတယ်။ ဒါမှလည်း အနိုင်ရတဲ့ ပါတီတွေအနေနဲ့ မသန်စွမ်းသူတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုဖြည့်ဆည်းပေးနိုင်မှာပါ။

**ဦးတင်အေး(ဥက္ကဋ္ဌ)**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

အခု ရွေးကောက်ပွဲအပေါ် ကျွန်တော့်အနေနဲ့ ကျေနပ်မှုရှိပါတယ်။ ဘယ်လောက်ကျေနပ်သလဲ မေးရင် ရွေးကောက်ပွဲတစ်ခုလုပ်ရင် ရလဒ်နဲ့ တိုင်းတာရပါတယ်။ ရွေးကောက်ပွဲ ကာလတစ်လျှောက်လုံး ဘာပြဿနာမှ ကျွန်တော်တို့ မရှိခဲ့ပါဘူး။ ကျေနပ်မှုရှိပါတယ်။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေ ကန့်ကွက်တာမရှိဘူး။ ရွေးကောက်ပွဲဟာ နိုင်ငံတစ်နိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ လူထုက ကိုယ်စားလှယ်ရွေးတယ်။ ကိုယ်စားလှယ်ရွေးပြီးရင် သူတို့က လွှတ်တော်ထဲရောက်မယ်။ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို အသုံးပြုကြမယ်။ ပွင့်လင်းရမယ်။ လွတ်လပ်ရမယ်။ မျှတရမယ်။ အဲ့ဒီလိုဖြစ်စေချင်ရင် UECတစ်ခုတည်းနဲ့ မဟုတ်ဘဲ ပါတီတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေ ပူးပေါင်းဆောင်ရွက်မှုဖြစ်မယ်လို့ ကျွန်တော် အကြိမ်ကြိမ် ပြောပြီးပါပြီ။ ဒါကြောင့် ကျွန်တော်အားလုံးနဲ့ ပူးပေါင်းတယ်။ လက်တွဲဖို့ဖိတ်ခေါ်တယ်။ ဒါကြောင့် ရလဒ်ကကောင်းတယ်လို့ပဲ မြင်ပါတယ်။

အခုလုပ်တဲ့အစည်းအဝေးက နိုင်ငံအဆင့်လုပ်တဲ့ အစည်းအဝေးပါ။ နိုင်ငံရေးပါတီတွေ၊ လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေနဲ့တွေ့ဆုံပြီး ရွေးကောက်ပွဲသုံးသပ်ချက်နဲ့ အကြံပြုချက်တွေ ရယူတာ။ အမြင်ချင်းဖလှယ်တာပါ။ အကြံပြုချက်တွေကိုရယူပြီးရင် ကျွန်တော်တို့ နောက်တက်လာမယ့် ရွေးကောက်ပွဲကော်မရှင်ကို လွှဲသွားမှာပါ။ ရည်ရွယ်တာက ၂၀၂၀ ရွေးကောက်ပွဲကျရင် အခုထက်ပိုပြီး ပိုပြီး ပွင့်လင်းမြင်သာအောင်၊ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်လာအောင် အဖွဲ့အစည်းအားလုံးရဲ့ အကြံဉာဏ်တွေ လာနားထောင်တာပါ။

## ဂျော့အော်ဝဲနေထိုင်ခဲ့သောအိမ်ကြီးအား နိုင်ငံခြားသားများ လာရောက်လေ့လာ

**ကသာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ရှိ အင်္ဂလိပ်စာရေးဆရာ ဂျော့အော်ဝဲနေထိုင်ခဲ့သော အိမ်ကြီးနှင့် ၎င်းရှိစဉ် ကစားခဲ့သောတင်းနစ်ကွင်းအား ဩစတြေးလျနိုင်ငံသားကိုးဦးနှင့် အင်္ဂလန်နိုင်ငံသားခြောက်ဦး စုစုပေါင်း ၁၅ ဦး လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဂျော့အော်ဝဲအိမ်ကြီးနှင့် တင်းနစ်ကွင်းတို့မှာ ကသာမြို့တာဝန်ရှိသူများက ပြန်လည်၍ မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားသဖြင့် ကသာမြို့သို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများအတွက် အဆင်ပြေချောမွေ့လာကြောင်း သိရသည်။ တင်းနစ်ကလပ်ဆိုလျှင် ၁၉၂၄ ခုနှစ်မှတိုင် ယနေ့အချိန်ထိအဆင့်မီ ကွင်းတစ်ကွင်းအဖြစ် အသုံးပြုနေကြောင်း တွေ့မြင်ရသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည် ၁၅ ဦးသည် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၇ရက်အထိ RV Katha Panda အပျော်စီးရေယာဉ်ဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ နွယ်ငြိမ်းကျေးရွာ၊ တတိယမြစ်ကျဉ်း၊ မလဲကျေးရွာ၊ ကြာညှပ်ကျေးရွာ၊ ထီးချိုင့်၊ ကသာ၊ သစ်တောကြိုးဝိုင်း (နတ်ပေါက်ဆင်စခန်း)၊ကျွန်းတော်(ရွှေကူ)၊ ဒုတိယမြစ်ကျဉ်း၊ စင်းခန်းကျေးရွာ၊ မိုးတားကျေးရွာ၊ တကောင်း- စည်ပင်ကျွန်းနှင့် စစ်ကိုင်း၊ မန္တလေးမြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ **လှူအောင်(ကသာ)**



# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး

မောင်ပြည်

ဝိုင်းမော်မြို့နယ်အတွင်း ဆဒုံးမြို့နှင့် ကန်ပိုက်တီမြို့တို့၌ ဘိန်းခင်းများကို ဖျက်ဆီးရန်အတွက် ၁၈-၂-၂၀၁၆ ရက်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မြစ်ကြီးနားမြို့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (Kachin Baptist Convention - KBC) က ကြီးမှူး၍ ကချင်လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး(Patjasan - ပက်ချီဆန်)အဖွဲ့မှ ဦးဖရဲ ဆောင်ယော် ဦးဆောင်သော ပြည်သူ ၁၇၀၀ ခန့် ပါဝင်သည့် အဖွဲ့သည် ဝိုင်းမော်မြို့နယ် မိုင်တိုင်အမှတ်(၁၃)အနီးရှိ ဘားကျွင့်တံတားသို့ ရောက်ရှိလာရာ မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး ဦးစီးအဖွဲ့က အဆိုပါ ဘိန်းခင်းဖျက်ဆီးမည့်အဖွဲ့နှင့်ဒေသခံများ ထိပ်တိုက်တွေ့လျှင် မလိုလားအပ်သောပြဿနာများမဖြစ်ပွားစေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရေးသွားရောက်ညှိနှိုင်းဆွေးနွေးခဲ့သည်။

နောက်နေ့တွင် ဘိန်းခင်းဖျက်ဆီးမည့်အဖွဲ့မှ ဦးဇုန်းတိန့်ပါ လေးဦးနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်ကျော်ဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ချစ်ဦးတို့ တွေ့ဆုံဆွေးနွေးခဲ့ရာ လုံခြုံရေးအဖွဲ့အစည်းများ မပါဘဲ ဘိန်းခင်းများ ဖျက်ဆီးပါက မလိုလားအပ်သည့် လူမျိုးရေးပဋိပက္ခ ဖြစ်ပွားလာနိုင်သည့်အတွက် လုံခြုံရေးအဖွဲ့များနှင့်အတူ ပြည်သူလူထု ပူးပေါင်းပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ကြသည်။

အလားတူ ၂၁-၂-၂၀၁၆ ရက်နေ့တွင်လည်း ကချင်ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦး ဦးစီးအဖွဲ့နှင့် သင်းအုပ်ဆရာ ဦးဘရန်ရှောင်ပါ ခြောက်ဦးအဖွဲ့သည် ဘိန်းခင်းဖျက်ဆီးရာတွင် လုံခြုံရေးအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

နောက်တစ်ရက်တွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ဦးဆောင်၍ ပြည်နယ်လုံခြုံရေးကော်မတီအစည်းအဝေး ကျင်းပခဲ့ပြီး ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့၌ အနယ်နယ်အရပ်ရပ်မှ လူမျိုးပေါင်းစုံ၊ အသက်အရွယ်မျိုးစုံ ပါဝင်နေသဖြင့် မလိုလားအပ်သည့် ဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေး၊ ပြည်သူများ၏ အသက်အိုးအိမ်များ ထိခိုက်ပျက်စီးမှုမရှိစေရေးတို့အတွက် တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးနိုင်မှုအပေါ် မူတည်၍ အဖွဲ့များဖြန့်ခွဲကာ ဘိန်းခင်းများ ဖျက်ဆီးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

၂၃-၂-၂၀၁၆ ရက်နေ့ နံနက်ပိုင်းတွင် ဘိန်းခင်းဖျက်ဆီးမှုနှင့် ပတ်သက်၍ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင် ဦးစီးအဖွဲ့နှင့် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့မှ ဦးယုံဝါပါ ခုနစ်ဦး ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းအဖွဲ့အနေဖြင့် ၂၃-၂-၂၀၁၆ ရက်နေ့မှစတင်၍ ဘိန်းခင်းများကို ဖျက်ဆီးနိုင်ရန်အတွက် အဖွဲ့ခြောက်ဖွဲ့ သတ်မှတ်ဆောင်ရွက်သွားရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

၂၄-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၁)သည် ကန်ပိုက်တီ(တောင်ခြမ်း) ထန်မိုခမ်း၊ တရုတ်မဂ့်၊ ကူခန်းရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၂)သည် ကန်ပိုက်တီ(တောင်ခြမ်း) ကနော့ဘွမ်ရှိ ဘိန်းခင်းများ ဖျက်ဆီးရန်၊ ၂၅-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၃)သည် ကန်ပိုက်တီ(မြောက်ခြမ်း) ယင်းဒန်၊ လုံဆာရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၄)သည် ကန်ပိုက်တီဒေသ ချောင်းမော၊ ဝေါ်ရာနှင့် ရှမ်းကျူရှိ ဘိန်းခင်းများ ဖျက်ဆီးရန်၊ ၂၆-၂-၂၀၁၆ ရက်နေ့တွင် ပူးပေါင်းအဖွဲ့(၅)သည် ကန်ပိုက်တီ(မြောက်ခြမ်း) ကုံမိုင်၊ မော်စီတုံးရှိ ဘိန်းခင်းများ ဖျက်ဆီးရန်နှင့် ပူးပေါင်းအဖွဲ့(၆)သည် ကန်ပိုက်တီဒေသ တာကြာဟော့နှင့် လငန်ရှိ ဘိန်းခင်းများ ဖျက်ဆီးရန် သတ်မှတ်ခဲ့သည်။ အဖွဲ့တစ်ဖွဲ့စီတွင် အင်အား ၃၄၂ ဦး ပါဝင်ဖွဲ့စည်းခဲ့ပြီး ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

ဘိန်းခင်းများကို ယခုကဲ့သို့ ဖျက်ဆီးနိုင်ခြင်းသည် ကမ္ဘာ့လူသားများ၏ အသက်ကို ကယ်တင်နိုင်ခြင်းပင်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာပေါ်တွင် တစ်စတစ်စ ကျယ်ပြန့်ကြီးမားလာနေသည်။

မူးယစ်ဆေးဝါးရောင်းဝယ်မှုသည် မကြာမီနှစ်များမှစ၍ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို အဓိကခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ခုအဖြစ် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါးပြဿနာသည် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးဆုတ်ယုတ်သည့် အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သီတာစစ်ဆင်ရေးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွှေလီစစ်ဆင်ရေး၊ ၂၀၁၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းစစ်ဆင်ရေး၊ မန္တလေးတိုင်းဒေသကြီးတွင် ရတနာပုံ (၁)/(၂) စစ်ဆင်ရေး၊ မွန်ပြည်နယ်တွင် ရာမညစစ်ဆင်ရေး၊ ကရင်ပြည်နယ်တွင် ဇွဲကပင်စစ်ဆင်ရေး၊ ၂၀၁၅ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း မဲခေါင်(၁)/(၂)စစ်ဆင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ဓညဝတီစစ်ဆင်ရေး၊ နေပြည်တော် ကောင်စီနယ်မြေတွင် ပေါင်းလောင်းစစ်ဆင်ရေးတို့ကို ဆောင်ရွက်ခဲ့သည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်စေရေး ဆောင်ရွက်ရာတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့အပါအဝင် နိုင်ငံတကာ အထောက်အပံ့ဖြင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် မြေယာများဖော်ထုတ်ခြင်း၊ သီးနှံမျိုးစေ့၊ နှစ်ရှည်ပင်များ ဖြန့်ဖြူးပေးခြင်း၊ မူးယစ်ဆေးဝါးစိုက်ပျိုးနိုင်သည့် ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်းလုပ်ငန်းများကို UNODC နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့၌ အဆင့်မြင့် ကော်ဖီ ဟက်တာ ၄၀၀ ခန့် စိုက်ပျိုးထားရှိပြီး ကော်ဖီစိုက်ပျိုးသူများ သမဝါယမအသင်းထူထောင်ကာ ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အတွင်းရှိ ကျေးရွာ ၅၆ ရွာတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ရေရှည်အကျိုးဖြစ်ထွန်းသည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘတ်ငွေသန်း ၃၅၀ ရင်းနှီးမတည်၍ ခြောက်နှစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ကောင်းခါးဒေသနှင့် တာမိုးညဲဒေသတို့တွင် တရုတ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်နှင့်ပူးပေါင်း၍ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

> **ဘိန်းခင်းများကို ယခုကဲ့သို့ ဖျက်ဆီးနိုင်ခြင်းသည် ကမ္ဘာ့လူသားများ၏အသက်ကို ကယ်တင်နိုင်ခြင်းပင်ဖြစ်၊ မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာပေါ်တွင် တစ်စတစ်စ ကျယ်ပြန့်ကြီးမားလာနေ မူးယစ်ဆေးဝါးပြဿနာသည် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးဆုတ်ယုတ်သည့် အကျိုးသက်ရောက်မှုများ ဆက်လက်ဖြစ်ပေါ်စေလျက်ရှိ**

ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးသည့် မြို့နယ် ၅၁ မြို့နယ်တွင် စိုက်ပျိုးပညာပေးစခန်း ၇၄ ခု ဖွင့်လှစ်ထားရှိလျက် နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးခြင်း၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများဖြန့်ဖြူးခြင်း၊ စိုက်ပျိုးပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးဌာနတွင် ဝက်နှင့် နွားမွေးမြူခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီမောဆိုမြို့နယ်တို့ရှိ ကျေးရွာများ၌ ကြက်၊ ဝက်များ မွေးမြူခြင်း၊ ချင်းပြည်နယ် ဟားခါးရှိ ခွန်ကျုံးစံပြမွေးမြူရေးကျေးရွာတွင် ဝက်ဖြူကြီးမျိုး မွေးဘက်ပေးစနစ်ဖြင့် မွေးမြူခြင်း၊ မျိုးစပ်မွေးမြူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးသည့် မြို့နယ် ၅၁ မြို့နယ်တွင် တိရစ္ဆာန်များအား ရောဂါကာကွယ်ခြင်း၊ ကုသခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးစွဲရောဂါကုဌာနကြီး ၂၆ ခုနှင့် ဌာနငယ် ၄၇ ခု စုစုပေါင်း ၇၃ ခုတို့ကို ဖွင့်လှစ်ထားရှိသည်။

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာတတ်သော နောက်ဆက်တွဲ ဆိုးကျိုးများ လျော့ပါးရေးအတွက် (Harm Reduction) လုပ်ငန်းအစီအစဉ်အရ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် အာရှဒေသအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများ လျော့ပါးရေး ကွန်ရက်(AHRN-Asian Harm Reduction Network)၊ မူးယစ်ဆေးဝါးသုံးစွဲမှု သုတေသနအဖွဲ့(SARA-Substance Abuse Research Association)၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA - Myanmar Anti Narcotic Association) အဖွဲ့များနှင့် ပူးပေါင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူးယစ်ဆေးစွဲသူ လူငယ်များအတွက် အန္တရာယ်လျှော့ချရေး ဝန်ဆောင်မှုများပေးခြင်း၊ ဆေးကုသနိုင်ရန် ပို့ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို ၁-၈-၁၉၈၃ ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်၌ ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေးစခန်းကို ၈-၉-၂၀၀၃ ရက်တွင်လည်းကောင်း၊ ပြည်မြို့(ဝက်ထီးကန်)၌ ရွှေပြည်သာ လူငယ်များပြုစုပျိုးထောင်ရေးစခန်းကို ၁၅-၁၂-၁၉၉၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ထားရှိခဲ့သော်လည်း ရွှေပြည်အေးနှင့် ရွှေပြည်သစ် လူငယ်ပြုစုပျိုးထောင်ရေးစခန်းတို့မှာ နယ်မြေလုံခြုံရေးအခြေအနေအရ ခေတ္တပိတ်ထားရာမှ အဆောက်အအုံများ ယိုယွင်းလာသဖြင့် ရွှေပြည်သာ လူငယ်ပြုစုပျိုးထောင်ရေးစခန်းတစ်ခုသာ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် နောက်ဆက်တွဲရောဂါတို့၏ အန္တရာယ်ကို သိရှိရှောင်ကြဉ်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ မိဘဆရာအသင်းနှင့် ပြည်သူများ လက်တွဲဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လာအို၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထုတ်လုပ်မှုလျှော့ချရေး၊ အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေး၊ တားဆီးနှိမ်နင်းရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးစသည့် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဝေးလံခေါင်ဖျားကုန်းမြင့်ဒေသနေ ပြည်သူများသည် ဝမ်းစာအတွက် ဘိန်းစိုက်ပျိုးသည်။ ထို့ပြင် မူးယစ်ဆေးဝါး၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသော အစပျိုးဓာတုပစ္စည်း(Precursor)များကို အိမ်နီးချင်းနိုင်ငံများ၏ တရားမဝင် နယ်စပ်ဝင်ပေါက်များမှ ဖြတ်ကျော်၍ တရားမဝင်မှောင်ခိုသယ်ဆောင်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မူးယစ်ဆေးဝါး ထုတ်လုပ်လျက်ရှိသည်။

တရားမဝင် ဓာတုပစ္စည်းများ မှောင်ခိုသယ်ဆောင်ရောင်းဝယ်မှုများကို ဖော်ထုတ်ဖမ်းဆီးနိုင်မှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမှုပေါင်း ၂၄၅ မှုမှ အဓိကအားဖြင့် ဆူဒိုအက်ဖီဒရင်း အလေးချိန် ၃၇၃၉၁၃ ဒသမ ၅၂ ကီလို၊ ကဖင်း အလေးချိန် ၂၅၈၄၅ ဒသမ ၄၈ ကီလို၊ အက်ဖီဒရင်းဆေးပြား ၂၆၈၅၀၀၊ အမိုနီယမ်ကလိုရိုဒ် ၃၆၄၅ ဒသမ ၇၂ ကီလို၊ အင်သရာနယ်လစ်အက်စစ် ကီလို ၁၁၀၀၊ ဖီနိုင်းအက်စီတစ်အက်စစ်ခဲ ၂၂၄၅ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၉၇၀၀ ဒသမ ၅၉ လီတာ၊ ဓာတုဆေးရည် ၂၀၆၁၇ ဒသမ ၆၅ လီတာ၊ ဆာလ်ဖျူရစ်အက်စစ် ၆၅၀၉ ဒသမ ၆၅ လီတာ၊ ဖီနိုင်းပရိုပီနုန်း ၁၄၂၁၉ ဒသမ ၂၅ လီတာတို့ကို ဖမ်းဆီးရမိခဲ့သည်။

နှစ်စဉ်ဘိန်းစိုက်ပျိုးရာသီဖြစ်သည့် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများမှစတင်ပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပါဝင်သော တရားဥပဒေစိုးမိုးရေးအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် နယ်မြေခံပြည်သူလူထုတို့ ပူးပေါင်း၍ ဘိန်းခင်းများအား ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ၁၇၄၄၀ ဒသမ ၂၅ ဧက၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ၅၈၇၃၅ ဒသမ ၆၉ ဧက၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၀၂၈၈ ဒသမ ၁၈ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၇၅၃၀ ဒသမ ၇၅ ဧက၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃၂၈၀၂ ဒသမ ၄၇ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဘိန်းစိုက်ခင်း ဧကပေါင်း ၁၈၀၆၄ ဒသမ ၂၁ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အမှုပေါင်း ၂၄၆၆၁ မှု၊ တရားခံပေါင်း ၃၅၄၈၁ ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အမှုပေါင်း ၅၉၃ မှု၊ တရားခံပေါင်း ၈၇၀ တို့အား ဖမ်းဆီး အရေးယူနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ကချင်ပြည်နယ်အတွင်း လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့များက လုံခြုံရေးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ မပါရှိဘဲ ဘိန်းခင်းများဖျက်ဆီးစဉ် ထိခိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် သုံးခုရှိခဲ့သည်။

၁၅-၁-၂၀၁၆ ရက်နေ့တွင် မြစ်ကြီးနားမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့မှ ကက်သလစ်အသင်းတော် ဓမ္မဆရာ ဦးအောင်နူး ဦးဆောင်သော လူအင်အား ၆၀၀ ခန့်တို့သည် တနိုင်းမြို့နယ် တနိုင်းချောင်း၊ တရုံချောင်း၊ တဝမ်ချောင်းနယ်မြေအတွင်း ဘိန်းခင်းများ ဖျက်ဆီးစဉ် တူမီးသေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်ခံရ၍ တူးဆိုင်ဆိုသူ သေဆုံးခဲ့ပြီး မောင်ခွန်ပျော်အောင်တွင် ဒဏ်ရာရရှိခဲ့သည်။

ထို့ပြင် ၃၀-၁-၂၀၁၆ ရက်နေ့တွင် အထက်ပါအဖွဲ့သည် ဝိုင်းမော်မြို့နယ် ချောင်းမောကျေးရွာ လျှိုအတွင်းရောက်ရှိစဉ် ဆွဲမိုင်း တစ်လုံး ပေါက်ကွဲခဲ့သဖြင့် မောင်ဘောမ်ဆန်း၊ ဦးဇယ်ခေါင်နှင့် ဦးဘောမ်ချမ်းတို့တွင် ဒဏ်ရာများရရှိခဲ့သည်။ အလားတူ ၄-၂-၂၀၁၆ ရက်နေ့တွင် ဦးလဆယ်လန် ဦးဆောင်သော ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ ၈၀ တို့သည် ဝိုင်းမော်မြို့နယ် မော်စီတုံးကျေးရွာ၌ ဘိန်းခင်းဖျက်ဆီးရန် သွားနေစဉ် မော်စီတုံးကျေးရွာ၊ နော်ကူကျေးရွာ၊ တာကျားဟော်ကျေးရွာနှင့် လနန်ကျေးရွာတို့မှ ရွာသူ ရွာသား ၁၀၀ ခန့်တို့က ၎င်းတို့အဖွဲ့အားအော်ဟစ်ဆဲဆိုခြင်း၊ ခဲများဖြင့် ပစ်ပေါက်ခြင်းပြုလုပ်ခဲ့ရာ အပြန်အလှန်ခဲပေါက်မှုများဖြစ်ပွားခဲ့ပြီး ဒေသခံရွာသား ဦးဝမ်ကင်း၊ မောင်ကိုဝူးနှင့် ဒေါ်ရန်မြင့်ဝှမ်းတို့ သုံးဦးတွင် ဒဏ်ရာများရရှိခဲ့ကြသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့က လူထုအခြေပြု ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့အား "တားဆီးခဲ့ခြင်း မဟုတ်ဘဲ" မလိုလားအပ်သည့် ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု မထိခိုက်စေရေးတို့အတွက် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့များအနေဖြင့် လုံခြုံရေးအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သိရှိနိုင်ကြရန် ရေးသားတင်ပြလိုက်ရပါသည်။

# ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာလျှောက်လွှာများ မဲနှိုက်ရွေးချယ်၊ လျှောက်ထားသူ ငါးထောင်ကျော်ရှိရာမှ ၁၈၁ ခန်းပေးနိုင်မည်

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်သည့် ရွှေပြည်သာတန်ဖိုးနည်း အိမ်ရာစီမံကိန်းမှ အိမ်ရာလျှောက်ထားသူများကို ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက လျှောက်ထားသူများ၏ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်ပေးခဲ့သည်။

“ကျွန်တော်တို့ ဒီအိမ်ရာလျှောက်ထားရာမှာ အုပ်စုနှစ်စု ခွဲထားပါတယ်။ လုပ်သက် နှစ် ၂၀ အထက်ဝန်ထမ်းနဲ့ အငြိမ်းစားဝန်ထမ်းတွေ လုပ်သက်နှစ်၂၀ အောက်နဲ့ အများပြည်သူများဆိုပြီး အုပ်စုနှစ်စု ခွဲခြားမဲနှိုက်ပေးတာဖြစ်ပါတယ်။ အုပ်စု(၁)မှ လျှောက်ထားသည့်လျှောက်လွှာ ၂၁၄၈ စောင်၊ အုပ်စု (၂) မှ လျှောက်လွှာ ၃၅၂၃ စောင် စုစုပေါင်း ၅၆၇၁ စောင် ရရှိခဲ့တာဖြစ်ပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးနေဝင်းအောင်က ပြောသည်။

ရွှေပြည်သာစက်မှုဇုန်အမှတ်(၁)၊ စက်မှုလမ်းနှင့် ပိတောက်လမ်းထောင့်ရှိ အဆိုပါတန်ဖိုးနည်းအိမ်ရာကို တိုက်(A)၊ တိုက်(B)၊ တိုက် (C) နှင့် တိုက် (D) ဟူ၍ ခြောက်ထပ်တိုက် လေးလုံးတည်ဆောက်ထားရာ အခန်းပေါင်း ၁၈၁ ခန်း ပါဝင်ကြောင်း သိရသည်။



ရွှေပြည်သာစက်မှုဇုန် အမှတ်(၁)စက်ရုံလမ်းနှင့် ပိတောက်လမ်းရှိ ရွှေပြည်သာတန်ဖိုးနည်းအိမ်ရာကို တွေ့ရစဉ်။

“ဒီအိမ်ရာအတွက် အခု မဲဖောက်ပေးတာက လျှောက်ထားသူတွေရဲ့ လျှောက်လွှာနံပါတ်တွေပါ။ ဒီလျှောက်လွှာက ဒီအခန်းအတွက် မဲပေါက်တယ်ဆိုတဲ့ လျှောက်လွှာနံပါတ်တွေပါ။ မဲပေါက်တယ်ဆိုပေမယ့် ဒါက အတည်မဖြစ်သေးပါဘူး။ အခြားအိမ်ရာတွေမှာ မဲပေါက်ပြီးသားဆိုရင် မဲပေါက်တဲ့စာရင်းကနေ ပယ်ဖျက်ပြီး အရန်မဲဖောက်ရွေးချယ်ထားတဲ့အထဲက အမှတ်စဉ်ငယ်စဉ်ကြီးလိုက်ပေါက်မဲစာရင်းမှာ ထည့်သွင်းသွားမှာ ဖြစ်ပါတယ်” ဟု ဦးနေဝင်းအောင်က ဆက်လက်ရှင်းပြသည်။

မဲပေါက်သူများအနေဖြင့် ယခင်ချထားပေးခဲ့သော ရွှေလင်ပန်းအိမ်ရာ၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ဗိုလ်ဗထူးအိမ်ရာ၊ ပုလဲကွန်ဒိုအိမ်ရာများ၌ မဲပေါက်ဖူးသူစာရင်းတွင် ပါဝင်နေပါက ပေါက်မဲစာရင်းမှပယ်ဖျက်ပြီး အရန်ရွေးချယ်ထားသော လျှောက်လွှာများကို အစဉ်လိုက်ပေါက်မဲစာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မဲပေါက်သည့် လျှောက်လွှာနံပါတ်များကို အခြားအိမ်ရာရရှိဖူးခြင်း ရှိ/မရှိ စိစစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး အတည်ပြုချက်ရယူကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ) ၁၀ ထပ် ရုံးရှေ့၌ အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာအခန်းများမှာ အကျယ် (၁၄×၃၅) ပေရှိပြီး Level(1) အတွက် ၁၇၄ သိန်း၊ Level (2) အတွက် ၁၅၄ သိန်း၊ Level (3)အတွက် ၁၄၄ သိန်း၊ Level (4) အတွက် ၁၃၃ သိန်း၊ Level (5) အတွက် ၁၂၂ သိန်းနှင့် Level (6) အတွက် ၁၀၈ သိန်း သတ်မှတ်ထားကာ မဲပေါက်သူများအနေဖြင့် လက်ငင်းငွေချေစနစ်ဖြင့် ပေးချေရမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-သဏ္ဍ**

# ပြည်နယ်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဘိန်းခင်းများ ဖျက်ဆီး

**မြစ်ကြီးနား မတ် ၂**

တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံဘိန်းစိုက်တောင်သူများ ပူးပေါင်းပါဝင်သော လူထုစုပေါင်း ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့သည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသရှိ ဝေမိုးရွာနှင့် ထန်းမိုခမ်းပတ်ဝန်းကျင်တစ်ဝိုက်တို့၌ ဘိန်းခင်းများကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့က ဖျက်ဆီးခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က အင်အား ၃၆၀ ဖြင့် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသ ဝေမိုးရွာ ပတ်ဝန်းကျင်တစ်ဝိုက်မှ ဘိန်းခင်းငါးဧကခန့်ကို လည်းကောင်း၊ မတ် ၁ ရက်က အင်အား ၅၀၀ ကျော်ဖြင့် ထန်းမိုခမ်းကျေးရွာတစ်ဝိုက်မှ ဘိန်းခင်း ၁၂ ဧကခန့်ကို လည်းကောင်း စုစုပေါင်း ၁၇ ဧကခန့်ကို ပူးပေါင်းဖျက်ဆီးခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၁ ရက်အထိ ဘိန်းခင်းများ ဖျက်ဆီးမှုအနေဖြင့် ကချင်ပြည်နယ်ဒေသအတွင်း ပူတာအို - ဆွမ်ပရာဘွမ်ဒေသတွင် ၈ ဒသမ ၇၅ ဧက၊ ချီဖွေ-ပန်ဝါဒေသတွင် ၅၇၀ ဒသမ ၄ ဧက၊ မိုးမိတ်ဒေသတွင် ၃၈ ဒသမ ၂ ဧက၊ တနိုင်းဒေသတွင် ၄၇ ဒသမ ၅ ဧကနှင့် ဆဒုံး-ကန်ပိုက်တီဒေသတွင် ၁၁၁၆ ဒသမ ၁ ဧက စုစုပေါင်း ၁၇၈၁ ဒသမ ၈၅ ဧကတို့ကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

ဘိန်းစိုက်တောင်သူ ဒေသခံပြည်သူများအား လတ်တလောစားသုံးရန်အတွက် ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဆန်အိတ် ၂၀၀ နှင့် တပ်မတော်မှ ဆန်အိတ် ၁၀၀၊ ကုလားပဲ ၁၀ အိတ်၊ ဆားတစ်အိတ်၊ စားသုံးဆီတစ်ပီပါတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံဘိန်းစိုက်တောင်သူများ ပူးပေါင်းပါဝင်သော အဖွဲ့သည် လူထုစုပေါင်းဘိန်းခင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



# မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးဆွေးနွေး



**ဝမ်ပုံ မတ် ၂**

တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးထိန်းချုပ်ရေး ကော်မရှင် (NNCC) အထွေထွေအတွင်းရေးမှူးချုပ် Mr. WEI Xiaojun၊ လာအိုနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့ (LCDC) ဒုတိယအမြဲတမ်းအတွင်းဝန် Mr.Phoutsavath Sounthala၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (CCDAC) တပ်ဖွဲ့မှူး ရဲမှူးချုပ်ကျော်ဝင်း၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) မှ Secretary-General Mr.Narong Rattananugul၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ဌာနေကိုယ်စားလှယ် Mr. Jeremy Dougias တို့ ဦးဆောင်သည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အရာရှိ ၂၆ ဦး ပါဝင်သောကိုယ်စားလှယ်အဖွဲ့သည် မဲခေါင်မြစ်အတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုအန္တရာယ် လေ့လာအကဲဖြတ်မှု အစီအစဉ်အရ မတ် ၁ ရက် နံနက် ၇ နာရီခွဲက တရုတ်နိုင်ငံ ကျင်းဟုန်မြို့မှ ကင်းလှည့်သင်္ဘောဖြင့် မဲခေါင်မြစ်ကြောင်းအတိုင်း စုန်ဆင်းထွက်ခွာလာခဲ့ရာ ကျင်းဟုန်-ကျိုင်းဟုန်(လာအို)၊ ကျိုင်းလပ်မြို့၊ ဝမ်ကျင်းရေဆိပ်၊ မိုင်းပါလျှို့ရေဆိပ်များသို့ ဖြတ်သန်းမောင်းနှင်ခဲ့ပြီး ဝမ်ပုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ (ဝဲပုံ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှမင်း၊ ဝမ်ပုံရေကြောင်းရဲတပ်ဖွဲ့ခွဲ ဒုရဲမှူးကြီး လှမိုးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်တို့နှင့် တွေ့ဆုံပြီး တာချီလိတ်ခရိုင်အတွင်း ရဲလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဝမ်ပုံရေကြောင်း ရဲတပ်ဖွဲ့ခွဲရှိ အစည်းအဝေးခန်းမ၌ ဆွေးနွေးခဲ့သည်။

အစည်းအဝေး၌ မြန်မာ၊ ထိုင်း၊ လာအို၊ တရုတ်နှင့် UNODC မှ ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဝမ်ပုံရေကြောင်း ရဲတပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးလှမိုးက မဲခေါင်မြစ်ကြောင်း အခြေအနေနှင့် ဝမ်ပုံရေကြောင်း ရဲတပ်ဖွဲ့ခွဲ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ထို့နောက် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့စု ဒုရဲမှူးသန်းရွှေက တာချီလိတ်ခရိုင်နယ်မြေအခြေအနေ၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်မှုအခြေအနေ၊ ဓာတုပစ္စည်းများ မဲခေါင်မြစ်ကြောင်းကို ဖြတ်သန်းပြီး သယ်ဆောင်ရာ လမ်းကြောင်းများ၊ အရှိန်အဟုန်မြင့် ဖမ်းဆီးမှုများကြောင့် ပြောင်းလဲသယ်ဆောင်ရာ လမ်းကြောင်းများ၊ ထူးခြားဖြစ်စဉ် ဖမ်းဆီးရမိမှုများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဌာနမှူး (တားဆီး)ရဲမှူးကြီး ရွှေညာမောင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံနှင့် လက်ရှိအချိန်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နိုင်ငံရေးအရဆွေးနွေးမှုများပြုလုပ်ပြီး တိုင်းရင်းသားများအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အစိုးရနှင့် အတူ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ဘိန်းခင်းဖျက်ဆီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ လာအို၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များကလည်း မဲခေါင်မြစ်ဝှမ်းဒေသ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှု အန္တရာယ် တားဆီးနှိမ်နင်းရေး၌ လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ ကသာမြို့နယ်အတွင်း ကျေးရွာပြည်သူများအား ကုသ



**ကသာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်နှင့် နမခ-တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မတ် ၁ ရက်က ကသာမြို့နယ် မင်းလယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် မင်းလယ်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်ရေး လုံလောက်မှုရရှိစေရန် အခမဲ့လာရောက်ကုသပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းလှိုင်သည် မင်းလယ်ကျေးရွာဆရာတော်အား သင်္ကန်းပရိက္ခရာစုံညီစွာဖြင့် ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မင်းလယ်ကျေးရွာရှိ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူလိုသူများအား မျက်စိ၊ နား၊ နှာခေါင်း၊ အထွေထွေကျန်းမာရေးလာရောက်ကုသသူ စုစုပေါင်း ၈၀ ခန့်ကို ကုသပေးခဲ့ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မီဒီယာသမားများ သတင်းရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**တောင်ကြီး မတ် ၂-** သတင်းမီဒီယာသမားများ ဘေးအန္တရာယ်ကင်းရှင်းစွာ သတင်းရယူရေးသားတင်ဆက်ခြင်းများ လုပ်ဆောင်ရာ၌ အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် မြန်မာသတင်းမီဒီယာကောင်စီနှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြန်မာမီဒီယာသမားများ ဘေးကင်းလုံခြုံစွာ သတင်းရယူခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလစတုတ္ထ ပတ်က ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ ကျင်းပရာ မြန်မာသတင်းမီဒီယာသမားများ ဘေးကင်းလုံခြုံစွာသတင်းရယူနိုင်ရေး စီမံကိန်းအကြောင်း၊ သတင်းသမားများ သိသင့်သည့်ဥပဒေများအကြောင်းကို တာဝန်ရှိသူများက ဆွေးနွေးပို့ချခဲ့ပြီး တက်ရောက်လာသည့် မီဒီယာသမားများက မိမိတို့ဒေသတွင် ကြုံတွေ့ရတတ်သည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ အကြံဉာဏ်များ ရယူခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ဖျောက်ဆိပ်ကုန်း မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**တောင်တွင်းကြီး မတ် ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၉ရက်က မီးဘေးသင့်ပြည်သူများအတွက် တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်များက မီးဘေးသင့်ပြည်သူများအား ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို မတ် ၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့်ပစ္စည်းများအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးကလည်းကောင်း၊ ဌာနဆိုင်ရာများနှင့်အလှူရှင်များက လှူဒါန်းသည့်ပစ္စည်းများကို နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း မီးဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ မီးလောင်မှုဖြစ်စဉ်၌ အိမ်ခြေ ၁၀၂ လုံး မီးလောင်ဆုံးရှုံးခဲ့သည်ဆိုသော ကနဦးအင်တာနက်သတင်းမှာ မှားယွင်းနေကြောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေရှင်းပြောကြားသည်။

“မီးလောင်မှုကြောင့် စုစုပေါင်း အိမ်ခြေ ၂၉၀ အနက် ၈၉ အိမ် မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၉၀ မှ လူဦးရေ စုစုပေါင်း ၃၅၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်သွားခဲ့ပါတယ်”ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်က ပြောသည်။

**နိုင်ဝင်း၊ ကျော်ဇေယျ**

## ကာဘိုး-တန့်ဆည် မူးမြစ်တံတားတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**ကန့်ဘလူ မတ် ၂**

ကာဘိုး-တန့်ဆည် မူးမြစ်ကူးတံတား(ကာဘိုး)ကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်က စတင်တည်ဆောက်ခဲ့ပြီး တံတားအရှည်ပေ ၁၂၆၀၊ တံတားအကျယ်ကားလမ်း ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး အာရ်စီရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ခန်းဖွင့်ပေ ၉၀ ရှိပြီး အခန်း ၁၄ ခန်းပါရှိကြောင်း၊ အဆိုပါတံတားမှာ ယခုအချိန်တွင် ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး မကြာမီဖွင့်လှစ်နိုင်တော့မည် ဖြစ်ကြောင်း တံတား တည်ဆောက်ရေးအဖွဲ့(၃) ဦးစီးအရာရှိ ဦးဉာဏ်ဟိဏ်းအောင်က ပြောသည်။



အဆိုပါ တံတားတည်ဆောက်နေမှုကို မတ် ၁ ရက်က ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးမောင်ထူးနှင့်တာဝန်ရှိသူများက သတ်မှတ်ရက်အတွင်းပြီးစီးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကို မလယ်-ယမနေ- ကာဘိုး- တန့်ဆည်လမ်းဖောက်လုပ်ခြင်းဖြစ်ပြီး ယခင်က မိုးရာသီတွင် စက်တပ်လှေဖြင့် မူးမြစ်ကိုဖြတ်ကူးရသဖြင့် သွားလာရခက်ခဲပြီး အန္တရာယ်ရှိကြောင်း သိရသည်။ ရေနည်းချိန်တွင်လည်း ယာယီသစ်သားတံတားဖြင့် ဖြတ်ကူးရကြောင်း မူးမြစ်ကူးတံတားပြီးစီးသွားပါက သွားလာရအဆင်ပြေလွယ်ကူတော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်

**နေပြည်တော် မတ် ၂**

ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည့်အတွက် ဝန်ထမ်းများအားလုံး ရိုးသားကြိုးစားသောစိတ်ဓာတ်ဖြင့် ပြည်သူလူထုအား ရာနှုန်းပြည့်ဝန်ဆောင်မှုပေးကြရန်လိုအပ်ကြောင်း မတ် ၁ ရက်တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ စာတိုက်စခန်း၌ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုဝန်ကြီးသည် မအူပင်မြို့အော်တိုအိတ်ချိန်းနှင့် ရေအောက်ကေဘယ်စခန်းအား ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မအူပင်မြို့ရှိ မိုက္ကရိုဝေ့နှင့်မိုဘိုင်းစခန်း၊ ကြေးနန်းရုံးတို့ကိုစစ်ဆေး၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအား သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသည့် စံချိန်၊ စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဇေယျသုခရေလှူအသင်းကြီးက သောက်သုံးရေများဖြန့်ဝေ

**သာစည် မတ် ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ရွာပုလဲကြီးကျေးရွာ၌ သောက်သုံးရေပြတ်လပ်နေသောကြောင့် မတ် ၁ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာသို့ ဇေယျသုခရေလှူအသင်းကြီးက ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့်သွားရောက်၍ ကျေးရွာရှိ အိမ်ထောင်စုများအား သောက်သုံးရေများကို ဖြန့်ဝေပေးခဲ့ကြသည်။

ဇေယျသုခရေလှူ အသင်းကြီးသည် မတ် ၃ ရက်တွင် ကျောက်ပုန်ကုန်းကျေးရွာ၊ မတ် ၄ ရက်တွင် ဘွဲ့ခြားကျေးရွာ၊ မတ် ၅ ရက်တွင် ကြာဘက်ကုန်းကျေးရွာ၊ မတ် ၆ ရက်တွင် အုတ်ဖိုကျေးရွာ၊ မတ် ၇ ရက်တွင် ဥသျှစ်ကုန်း(မြောက်) ကျေးရွာ၊ မတ် ၈ ရက်တွင် ဆင်သေကျေးရွာတို့သို့ သွားရောက်၍ သောက်သုံးရေများ ဖြန့်ဝေပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## မီးဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**နေပြည်တော် မတ် ၂**

မီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်များက အလှူငွေနှင့် အလှူပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိရာ မတ် ၁ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ငွေကျပ် ၂၄၅၃၅၅၀၀၊ Ministry of Energy, Myanmar Oilmen's Event Golf & Gala Dinner 2015 မှ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၀၀၀၀၀၀၊ လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၀၀၀၀၀၀ လာရောက်လှူဒါန်းသည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ (ဦးတေဇည္စန့်) ဇနီး ဒေါ်ဟေဂယ်ညွန့်မှ ငွေကျပ် ၅၀၀၀၀၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး၌ ဦးစောဘအောင်သာ-ဒေါ်နန်းခင်ညွန့် မိသားစုက ငွေကျပ် ၁၀၀၀၀၀ နှင့် ဒေါ်စောသန်းဇော်မြောက်ဒဂုံ၊ ရန်ကုန်မြို့မှ ငွေကျပ် ၃၀၀၀၀ တို့ကို လှူဒါန်းခဲ့သည်။

သို့ဖြစ်၍ မတ် ၁ ရက်ထိ ရရှိငွေမှာ စုစုပေါင်းငွေကျပ် ၃၀၇၁၅၅၀၀ ဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၁ ရက်အထိ လှူဒါန်းရရှိငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၈၇၁၁၇၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ပြီး ယင်းရရှိငွေများအနက် ဖေဖော်ဝါရီ ၁၅ ရက်အထိ ရရှိငွေစုစုပေါင်းငွေကျပ် ၇၈၇၃၂၃၀၀ ကို နမ့်ဆန်မြို့သို့ ငွေကျပ် ၃၅၁၇၀၃၀၀ ကို လည်းကောင်း၊ လပွတ္တာမြို့သို့ ငွေကျပ် ၄၃၅၆၂၀၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်၍ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၁ ရက်အထိ ထပ်မံရရှိခဲ့သည့် လက်ကျန် ငွေကျပ် ၁၅၉၉၇၉၄၅၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ တို့ကိုလည်း ဆက်လက်လွှဲပြောင်းပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီနောက်ဆုံးပတ်က မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ရုံးဝန်ထမ်းများ ပူးပေါင်းလေ့ကျင့်ကြစဉ်။ မောင်မောင်

# အနုပညာဆည်းဆာရိပ်အဆောက်အအုံ လေးထပ်ဆောင်အား လွှဲပြောင်းပေးအပ်



**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံအတွင်းရှိ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ပန်းချီ၊ပန်းပု၊ ကာတွန်း ဝါရင့်အနုပညာရှင်များ ဖြစ်ကြသည့် သက်ကြီးရွယ်အိုများ အဆင်ပြေစွာ နေထိုင်နိုင်စေရေး အတွက် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ ရွှေနံ့သာစံပြကျေးရွာရှိ မြရွှေပင် သဒ္ဓမ္မသုခရိပ်သာဝင်း အတွင်း၌ရှိသော မြေနှစ်ဧကပေါ်၌ ဆောက်လုပ်ထားသည့် အနုပညာ ဆည်းဆာရိပ် အဆောက်အအုံ လေးထပ်ဆောင်ကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ဖေဖော်ဝါရီ ၂၉ ရက်က လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်သည်။

အဆိုပါ အနုပညာဆည်းဆာရိပ် အဆောက်အအုံတွင် အနုပညာရှင် သက်ကြီးရွယ်အိုများ နေထိုင်ရာ နေရာများ၊ အနုပညာပြခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများပါဝင်ပြီး အဆောက်အအုံပြင်ပ၌ရေကန်များ၊ အဝီစိရေတွင်းများပါဝင်ကြောင်း သိရသည်။

"သက်ကြီး အနုပညာရှင်များ အဆင်ပြေစွာ နေထိုင်နိုင်ဖို့အတွက် ကျွန်တော်တို့ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ပေးခဲ့တာပါ။ ပြီးတော့ အဆောက်အအုံရဲ့ဘေးက အဆောက်အအုံ အသေးတစ်လုံးကိုလည်း ကျွန်တော်ကိုယ်တိုင် သီးသန့် ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ ခုလည်း အနုပညာဆည်းဆာရိပ် အဆောက်အအုံမှာ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်ဖို့အတွက် ဝန်ထမ်းအိမ်ရာ ခြောက်ခန်းတွဲကို ဒီတစ်လအတွင်း ဆောက်လုပ်လှူဒါန်းဦးမှာဖြစ်ပါတယ်" တော်ဝင်မိသားစုကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဦးကိုကိုထွေးက ပြောသည်။

ဆက်လက်ပြီး Myanmar Deals Real Estate Agency မှ ဒေါ်ပိုးဖြူက "ဘုန်းဘုန်းတစ်ပါးက မြေနှစ်ဧကလှူထားတယ်။ အနုပညာရှင် သက်ကြီးရွယ်အိုတွေနေထိုင်အဆင်ပြေစေဖို့ အလှူရှင်တွေရှာပေးပါလို့ ဆည်းဆာရိပ်က ဥက္ကဋ္ဌက ပြောလာတဲ့အတွက် မိတ်ဆွေသူငယ်ချင်းတွေကိုပြောပြခဲ့ပါတယ်။ အလှူရှင်တွေကလည်း စာနာစိတ်နဲ့လှူဒါန်းခဲ့ကြတာပါ။ ၂၀၁၅ ခုနှစ် မတ်လထဲမှာ ငွေကျပ်သိန်းပေါင်း ၄၅၀၀ ရရှိခဲ့ပါတယ်။ အဆောက်အအုံ ဆောက်လုပ်တော့လည်း ငွေကျပ်သိန်းပေါင်း ၃၆၀၀ ကျော်ပဲကုန်ကျပါတယ်။ ဒါပေမယ့် အဆောက်အအုံအတွက် ခတ်လေှကားများ၊ ကွန်ပျူတာများ၊ အလှဆင်ပရိဘောဂများ၊ ကြွေပြားများတပ်ဆင်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပြီး ကျန်တဲ့ လမ်းပိုင်းဆိုင်ရာတွေအတွက် သီးသန့်ကုန်ကျပါဦးမယ်"ဟု ရှင်းပြသည်။

အဆိုပါ အနုပညာဆည်းဆာရိပ် အဆောက်အအုံမှာ အသက်အရွယ်ကြီးရင့်လာကြသည့် အနုပညာရှင်များ စိတ်ဓာတ်ရေးရာကြောင့်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ကြောင့်ပင်ဖြစ်စေ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်စေရန်အတွက် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ သက်ကြီးအနုပညာရှင်များကို ပြုစုစောင့်ရှောက်ထားခြင်း အားဖြင့် မျိုးဆက်သစ်အနုပညာရှင်များမှလည်း မျိုးဆက်ဟောင်းအနုပညာရှင်များဖြစ်ကြသော အနုပညာ ဆည်းဆာရိပ် အဆောက်အအုံရှိ သက်ကြီးရွယ်အိုများထံ၌ လာရောက်ပညာသင်ယူဆည်းပူးနိုင်ကြမည်ဖြစ်ကြောင်း၊ မတ် ၂၆ ရက်တွင် အမျိုးသားကဇာတ်ရုံ၌ အနုပညာဆည်းဆာရိပ် ရန်ပုံငွေပွဲကျင်းပပြီးစီးပါက သက်ကြီးရွယ်အိုအနုပညာရှင်များ နေထိုင်ကြတော့မည်ဖြစ်ကြောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဆည်းဆာရိပ်ဂီလာန ဘိုးဘွားများရိပ်သာမှဥက္ကဋ္ဌ ဒေါ်သန်းမြင့်အောင်က ပြောသည်။

**သတင်း(စိုးဝင်း-SP)**
**ဓာတ်ပုံ တင်လှမောင်**

# သာစည်မြို့ ဇေယျသုခရေလှူအသင်းမှအလှူရှင်များအား ဂုဏ်ပြု

**သာစည် မတ် ၂**

သာစည်မြို့ ဇေယျသုခရေလှူအသင်းမှ အယ်နီညိုရာသီဥတုဖြစ်ပေါ်နေချိန်တွင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေအခက်အခဲမရှိစေရန် ရေသယ်ယာဉ်၊ ရေချမ်းစင်မိသားစု စက်ရေတွင်းမှ သောက်ရေနှင့် အလှူရှင်များထံ အလှူငွေများကောက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က သာစည်မြို့ အမှတ်(၄)ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက အမှာစကားပြောကြားပြီး ဇေယျသုခရေလှူအသင်း အကျိုးဆောင် ဦးဟန်တင်က အသင်းဖြစ်ပေါ်လာပုံနှင့် အလှူရှင်များပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေက ရေသယ်ကားအလှူရှင် ရန်ကုန်မြို့ ရွှေနဂါးမိသားစုကုမ္ပဏီမှ ဦးအောင်သန်း-ဒေါ်ခင်ခင် မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ရေချမ်းစင်မိသားစုပိုင် စက်ရေတွင်းမှ သောက်ရေလှူဒါန်းသူများ၊ ငွေလှူဒါန်းသူများအား ဂုဏ်ပြုလက်မှတ်များ ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ဇေယျသုခရေလှူအသင်းမှ မြို့နယ်အတွင်းကျေးလက်နေပြည်သူများသောက်သုံးရေအခက်အခဲရှိပါက အသင်းပိုင်ရေသယ်ကားဖြင့် ကျေးရွာအရောက် ရေများသွားရောက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာနေ တောင်သူ ဦးလှဦးလွင်၏ လယ်မြေတွင် စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်း၌ ယူရီးယားနှင့် လက်ချားကို ပန်းမပွင့်ချိန်တွင် ပက်ဖျန်းပေးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တွေ့ရစဉ်။

စိုးဝင်း



# မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**မိုးညို မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးတင့်၊ မြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအုန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ သမာဓိစက်သုံးဆီဆိုင်မှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စခန်းချတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက်လူငယ် ၉၆ ဦး တက်ရောက်

**မန္တလေး မတ် ၂**

မြန်မာနိုင်ငံကင်းထောက် လူငယ်များတွေ့ဆုံပွဲကို မတ် ၁ ရက်မှ ၅ ရက်အထိပြုလုပ်မည့် ပုပ္ပားစခန်းသို့ မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက်လူငယ် ၉၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

"တွေ့ဆုံပွဲကို တက်ရောက်မယ့် မန္တလေးတိုင်းဒေသကြီးမှ ကင်းထောက်လူငယ်တွေကို အုပ်ချုပ်ကြီးကြပ်မယ့်သူ နှစ်ဦးပါဝင်မှာဖြစ်ပြီး ကင်းထောက်လူငယ် အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၉၈ ဦး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းက ရောက်လာမယ့် ကင်းထောက်တွေ အားလုံး မန္တလေးမှာ ညအိပ်ရပ်နားမယ်"ဟု တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာစိုးမြင့်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများဖြစ်သည့် ကချင်ပြည်နယ်မှ ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ကင်းထောက်လူငယ် ၁၂ ဦး၊ ချင်းပြည်နယ်မှ ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ကင်းထောက်လူငယ် ခြောက်ဦး၊ ရှမ်းအရှေ့မှ ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ကင်းထောက်လူငယ် ခြောက်ဦး၊ ဗန်းမော်တက္ကသိုလ်မှ ကြီးကြပ်ရေးမှူးတစ်ဦးနှင့် ကင်းထောက်လူငယ်ခြောက်ဦးတို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ပုပ္ပားစခန်းတွေ့ဆုံပွဲသို့ သွားရောက်ကြမည့် ကင်းထောက်လူငယ်များအဖွဲ့သည် မန္တလေးမြို့ အထက(၂၂)နှင့် အလက(၇)စုရပ်များသို့ ရောက်ရှိလာပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် ညအိပ်ရပ်နားကာ မတ် ၁ ရက်က ပုပ္ပားစခန်းသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းတိုများ

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြော

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အကြောင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှူး ဦးအောင်ကျော်စိုးဝင်းနှင့် မြို့နယ်ဥပဒေအရာရှိ ဦးကျော်စိုးငြိမ်းတို့ကလည်းကောင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာအကြောင်းကို ဒေါက်တာ ကျော်ထွန်းနိုင်က လည်းကောင်း ဟောပြောကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# နှမဒါချောင်းကူးတံတား ၈၁ ရာခိုင်နှုန်းပြီးစီး

ချင်းပြည်နယ် ပလက်ဝမြို့နယ် လယ်လှကျေးရွာအဝင် နှမဒါချောင်းကူးတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအဖွဲ့(၇) မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် ရေတွင်းခွေဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၄၂၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီ၊ ခန်းဖွင့်အကျယ် ပေ ၆၀၊ ခန်းဖွင့် ခုနစ်ခန်းစောင်း၊ ခွင့်ပြုတန်ချိန် ၆၀ ရှိကြောင်း သိရသည်။ **မောင်မောင်ကျော့**

# ရုံးဝန်ထမ်းများ ကွန်ပျူတာသင်တန်းဆင်း

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်/ခရိုင်/ မြို့နယ်ရုံးများမှ ရုံးဝန်ထမ်းများ၏ ကွန်ပျူတာအသုံးချမှုသင်တန်း အမှတ်စဉ်(၂/၂၀၁၆)ကို ဖေဖော်ဝါရီ ၂၉ ရက်က စစ်တွေမြို့ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ရခိုင်ပြည်နယ်ရုံးခွဲ) ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းနည်းပြများအား လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကြီးစော**

# အုပ်ချုပ်ရေးမှူးရုံးနှင့်စာကြည့်တိုက် လွှဲပြောင်း

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သမှုန်းပင်ကျေးရွာ၌ ကျေးလက်ဆေးခန်း၊ စာသင်ကျောင်းဆောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် စာကြည့်တိုက်အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။ အဆိုပါပေးအပ်ပွဲတွင် သမှုန်းပင်ကျေးရွာ မဟာဓမ္မစရိယဆရာတော် ဦးနန္ဒဝံသ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက သမှုန်းပင်အလက(ခွဲ) ကျောင်းစာသင်ဆောင်၊ ကျေးလက်ကျန်းမာရေးဆေးခန်းဆောင်၊ သမှုန်းပင်အုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် ကျေးရွာစာကြည့်တိုက် အဆောက်အအုံ မှတ်တမ်းလွှာများကို တာဝန်ရှိသူများထံသို့ ပေးအပ်လွှဲပြောင်းခဲ့ကြသည်။

**လှဝင်း**

# ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီး အပိုင်း (၃)

သိပ္ပံစာရေးဆရာ
ကိုကိုအောင်

Palexpo Convention Complex ၏ ပြခန်းအမှတ်(၅)ထဲ၌ လူငယ်အများ စိတ်ဝင်စားကြသော Ford အမျိုးအစား တံခါးနှစ်ပေါက်ပါ GT မျိုးဆက်သစ်ကားတစ်စီးကိုလည်း တွေ့ရှိရသည်။ ဆလင်ဒါခြောက်လုံးတပ် EcoBoost-V အင်ဂျင်ကိုတပ်ဆင်ထားပြီး အင်ဂျင်စွမ်းအား မြင်းကောင်ရေ ၆၀၀ ရှိနေခြင်းက ပရိသတ်တို့အတွက် စိတ်ဝင်စားစရာဖြစ်လျက်ရှိနေသည်။

ပြခန်းအမှတ်(၅)ထဲ၌ ပြသထားသည့် မော်တော်ကားများအနက် Maserati နှင့် Abarth စသော မော်တော်ကားအမှတ်တံဆိပ်တို့မှာ မြန်မာနိုင်ငံသားများနှင့် အလွန်စိမ်းသောအမှတ်တံဆိပ်များ ဖြစ်ကြသော်လည်း ဥရောပကားဈေးကွက်၌ ဈေးကွက်ဝေစုကို အထိုက်အလျောက် ရရှိထားကြပြီးဖြစ်သော မော်တော်ကားများပင် ဖြစ်ကြသည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကို ကမ္ဘာအရပ်ရပ်မှပရိသတ်များ အထူးစိတ်ဝင်စားကြခြင်း၏ အကြောင်းရင်းများစွာထဲတွင် သက်တမ်းအလွန်ရှည်ကြာပြီး အစဉ်အလာကြီးမားကြသည့် ဥရောပနိုင်ငံထုတ် မော်တော်ကားများကို အထူးတလည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိနေသည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲ ကျင်းပရာ ပြပွဲခန်းမ(၆)ထဲ၌ ကမ္ဘာကျော် အမှတ်တံဆိပ်များ ဖြစ်ကြသည့် Peugeot, Mercedes, Infinity စသော မော်တော်ကားများကို အခြားသော အမှတ်တံဆိပ် မော်တော်ကားများနှင့်အတူ ထည်ထည်ဝါဝါ ခင်းကျင်းပြသထားသည်။ ပြင်သစ်အခြေစိုက် ဥရောပကားကုမ္ပဏီကြီးဖြစ်သည့် Peugeot သည် တံခါးလေးပေါက်ပါ Peugeot 208 ပုံစံသစ်ကို ပြသထားသလို မတူကွဲပြားသော ရည်ရွယ်ချက်အမျိုးမျိုးတို့ဖြင့် စီးနင်းအသုံးပြုနိုင်မည့် အခြားသော ပုံစံသစ်ကားအများအပြားကိုလည်း ယှဉ်တွဲပြသထားသည်ကို တွေ့ရှိရသည်။

အလားတူပင် မာစီဒီးစ်ပြခန်း၌လည်း အခြားသော မာစီဒီးစ်ပုံစံသစ်များနှင့်အတူ တံခါးလေးပေါက်ပါ C350 Plug-in Hybrid ကားကို ပြသထားသည်။ မြင်းကောင်ရေ ၂၁၁ စွမ်းအားရှိသော ဆလင်ဒါလေးလုံးတပ် ၂၀၀၀ စီစီ အရွယ်အစားရှိ အင်ဂျင်နှင့်အတူ မြင်းကောင်ရေ ၈၂ အင်အားရှိသော လျှပ်စစ်မော်တာကို ပူးတွဲတင်ဆပ်ပေးထားသည့် C350 သည် စုစုပေါင်း အင်ဂျင်စွမ်းအား မြင်းကောင်ရေ ၂၉၃ ပမာဏဖြင့် သုည ကီလိုမီတာမှ ကီလိုမီတာတစ်ရာ အမြန်နှုန်းကို ၅ ဒသမ ၉ စက္ကန့်အတွင်း ရောက်ရှိအောင် စွမ်းဆောင်နိုင်သော ကားအမျိုးအစားဖြစ်သည်။

အဆိုပါ မာစီဒီးစ်ပြခန်းထဲ၌ပင် မာစီဒီးစ်၏ အမှတ်တံဆိပ်ခွဲတစ်ခုဖြစ်သော တံခါးလေးပေါက်ပါ Brabus ဆီဒင်ကားကို ပြသထားသည်။ ပြခန်း၌ ပြသထားသည့် အနက်ရောင် Brabus ကားကို မာစီဒီးစ်၏ ရှေးအစဉ်အလာမူဟန်အတိုင်း လွတ်လပ်ပေ့ါပါးစွာစီးနင်းနိုင်သော နေရာအကျယ်အဝန်း၊ သက်သောင့်သက်သာရှိသော ထိုင်ခုံပုံစံများနှင့် လွယ်ကူချောမွေ့စွာ မောင်းနှင်နိုင်သော စနစ်တို့ကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းတပ်ဆင်ပေးထားသည်ကို တွေ့ရှိရသည်။

ပြပွဲခန်းမ(၆)ထဲ၌ ပြသထားသော မော်တော်ကားများအနက် ပရိသတ်များစိတ်ဝင်စားခြင်းကို ခံရသည့် ကားတစ်မျိုးမှာ Jaguar အမှတ်တံဆိပ် F-Type R ပင် ဖြစ်သည်။ မြင်းကောင်ရေ ၅၅၀ စွမ်းအားရှိသော V8 အင်ဂျင်ကို တပ်ဆင်ထားသည့် F-Type သည် တံခါးနှစ်ပေါက်ပါ Coupe အမျိုးအစားဖြစ်ပြီး လေးဘီးယက်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ Jaguar ပြခန်းထဲတွင် အဆိုပါကားပုံစံတူနှစ်စီးကို ယှဉ်တွဲပြသထားပြီး တစ်စီးမှာ အမိုးဖွင့်ကားဖြစ်သည်။

ပြပွဲခန်းမ(၆)တွင် ပြသထားသော မော်တော်ကား အမှတ်တံဆိပ်များအနက် Citroen သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၌ အငှားယာဉ် (Taxi) အဖြစ် အလွန်အသုံးများသော Citroen အမှတ်တံဆိပ်သည် ယခုပြပွဲကြီး၌ ပုံစံသစ်ကားများ ဖြစ်ကြသော Berlingo နှင့် C4 Cactus Airflow တို့ကို အထူးတလည် ပြသထားသည်။ C4 Cactus Airflow သည် လေခွဲအားအထူးကောင်းမွန်အောင် တပ်ဆင်ထုတ်လုပ်ထားသော SUV အမျိုးအစားဖြစ်ပြီး ကီလိုမီတာတစ်ရာ ခရီးတာကို လောင်စာဆီ နှစ်လီတာမျှသာကုန်ကျသည့်အတွက် လူကြီးလူငယ်မရွေး နှစ်သက်လက်ခံနိုင်သော ကားတစ်မျိုးပင် ဖြစ်သည်။

Palexpo Convention Complex ပြပွဲခန်းမ(၆)ထဲ၌ တောင်ကိုရီးယားအခြေစိုက် Kia မော်တော်ကားများကိုလည်း ပြသထားသလို အဆိုပါ Kia ပြခန်းနှင့် ကပ်လျက်၌ Infinity အမှတ်တံဆိပ် မော်တော်ကား ပြခန်းကိုလည်း တွေ့ရှိရသည်။ ခရီးလမ်းကြမ်းများအတွက် အကြမ်းခံနိုင်သည့်ကားများကို တပ်ဆင်ထုတ်လုပ်နေသည့် Infinity သည် ယခုနှစ်ပြပွဲ၌ အမြင်ဆန်းသော ကားတစ်စီးကို ထည့်သွင်းပြသထားသည်။

Land Rover Defender ကဲ့သို့ လေးထောင့်ကျကျ ပုံစံဖြစ်သည့် Hunter အမည်ရှိ တံခါးသုံးပေါက်ပါ All Wheel Drive ကားကြီးကို ပြသထားခြင်း ဖြစ်သည်။ အများသုံးစွဲနေကျပုံစံနှင့်မတူဘဲ ဘီးခြောက်ဘီးပါရှိပြီး ခြောက်ဘီးယက်စနစ်ဖြစ်သည့် Hunter သည် ကားနောက်ဘက်၌ သီးခြားစီ တပ်ဆင်ထားသော ဘီးလေးဘီးရှိနေသည့်အတွက် နောက်ခန်း၌ လိုက်ပါစီးနင်းမည့်သူတို့သည် ကား၏ တတိယမြောက် တံခါးဖြစ်သော နောက်တံခါးပေါက်မှသာ အတက်အဆင်းပြုလုပ်ကြရမည် ဖြစ်သည်။ သေနတ်ကျည်ဆန် မဖောက်နိုင်သော ယာဉ်ကိုယ်ထည်နှင့် မှန်များကို တပ်ဆင်ထားသည့် အဆိုပါကားသည် အရပ်ဘက်သုံးအနေဖြင့်သာမက စစ်ဘက်ဆိုင်ရာကိစ္စရပ်များ အတွက်ပါ အလွန်အသုံးဝင်မည့် စွမ်းရည်မြင့်ကားတစ်စီးပင် ဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ ကားချစ်သူလူငယ်များ အလွန်နှစ်သက်ကြသည့် Mini အမှတ်တံဆိပ် မော်တော်ကားငယ် ကလေးများကိုလည်း ဤပြပွဲကြီး၌ မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားသည်။ ကွဲပြားသော အရောင်အသွေးများဖြင့် ပြသထားသည့် Mini အမှတ်တံဆိပ် ကားငယ်ကလေးများကို ပြပွဲလာ လူငယ်ပရိသတ်များက စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာ မော်တော်ကားပြပွဲကြီး ကျင်းပရာ Palexpo Convention Complex ၏ နောက်ဆုံးခန်းမကြီးဖြစ်သော ပြပွဲခန်းမ(၇) တွင် မော်တော်ကားများကို ပြသထားခြင်းမရှိဘဲ မော်တော်ကားနှင့် ဆက်စပ်ပတ်သက်သောပြခန်းများ ကိုသာ နေရာချထားပေးသည်ကို တွေ့ရှိရသည်။ အဆိုပါ ပြပွဲခန်းမ(၇)ထဲ၌ မော်တော်ကားသုံး ချောဆီများနှင့် စက်မှုလုပ်ငန်းသုံး စက်ဆီချောဆီများကို ခင်းကျင်းပြသထားသလို အဆိုပါ ထုတ်ကုန်ပစ္စည်းများ၏ အာနိသင်နှင့် စွမ်းဆောင်ရည်တို့ကိုလည်း ပြပွဲလာ ပရိသတ်များ လွယ်လင့်တကူ လေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားသည်။

ထို့အတူ မော်တော်ကားရေဆေးခုံများကိုလည်း အဆိုပါပြပွဲခန်းမအတွင်း၌ လေ့လာနိုင်သည်။ နည်းပညာများ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ မော်တော်ကားကိုယ်ထည်တစ်ခုလုံးနှင့်တကွ အောက်ကြမ်းခင်းနှင့် ဆိုင်းထိန်းပစ္စည်းများ၊ အင်ဂျင်ခန်းနှင့်တကွ ကားဘီးများ၏ နောက်ဘက်ရှိ ကျဉ်းမြောင်းသော နေရာများ အစရှိသည်တို့ကိုပါ သန့်ရှင်းစင်ကြယ်သွားအောင် အလိုအလျောက် ဆေးကြောပေးနိုင်သော ရေဆေးခုံများအား နေရာကျဉ်းကျဉ်း၌ပင် လွယ်လင့်တကူ တပ်ဆင်အသုံးပြုနိုင်အောင် ထုတ်လုပ်ပေးထားသည်ကို တွေ့ရှိရသည်။

အလားတူပင် မော်တော်ကား တာယာ ဖြုတ်တပ်လဲလှယ်သည့် လုပ်ငန်း၌ အသုံးပြုနိုင်သော စက်များ၊ ဆိုင်းထိန်းပစ္စည်းများကို ဖြုတ်တပ်ပြုပြင်လဲလှယ်ရာတွင် အသုံးပြုနိုင်သော စက်ကိရိယာများ၊ မော်တော်ကား တစ်စီးလုံးကို ပင့်တင် ပေးနိုင်သော Hydraulic Jack ပုံစံအမျိုးမျိုးနှင့် နေရာကျဉ်းကျဉ်း၌ ကားအစီးရေများများ ရပ်နားထားနိုင်သော Mechanical Lift Car Parking စသည်တို့ကိုလည်း အပြိုင်အဆိုင် ခင်းကျင်းပြသထားသည်။

ထို့ပြင် မော်တော်ကားအင်ဂျင်ဝိုင်လဲလှယ်ရာတွင် အသုံးပြုနိုင်သော စက်များ၊ ကားလေအေးစက်ဓာတ်ငွေ့ ဖြည့်တင်းခြင်းနှင့် ကွန်ပရက်ဆာဆီ ဖြည့်တင်းလဲလှယ်ရာတွင် အသုံးပြုနိုင်သော စက်ကိရိယာများ၊ Alignment Tester များ၊ အင်ဂျင်လည်ပတ်မှုကို ချိန်ညှိပေးနိုင်သည့် Engine Tuner များ စသည်တို့ကိုလည်း သူ့နေရာနှင့်သူ ခင်းကျင်းပြသထားသည်ကို တွေ့ရှိရသည်။

မော်တော်ကားများ မြန်နှုန်းမြင့် မောင်းနှင်ရာတွင် ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် ကား၏ တည်ငြိမ်မှုက အလွန်အရေးကြီးသည့်အားလျော်စွာ ကား၏ ကြံ့ခိုင်မှုကိုလွယ်လင့်တကူ စစ်ဆေးနိုင်သော Mobile Test Lane စက်များနှင့် အထောက်အကူပြု ပစ္စည်းများကိုလည်း အစီအစဉ်တကျ ပြသထားသည်။

ပြပွဲခန်းမ(၇)ထဲရှိ ပြခန်းများထဲတွင် ကွန်ပရက်ဆာများကို ခင်းကျင်းပြသထားသည့် ပြခန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ကားရေဆေးသည့်လုပ်ငန်း၊ စက်ဆီချောဆီလဲလှယ်သည့် လုပ်ငန်း၊ တာယာဖြုတ်တပ်နှင့် လေဖြည့်တင်းသည့် လုပ်ငန်း၊ ဆေးမှုတ်လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ စက်ရေတွင်းလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းစသည်ဖြင့် လုပ်ငန်းနယ်ပယ် အသီးသီးတို့၌ အသုံးပြုနိုင်သော ကွန်ပရက်ဆာမျိုးစုံတို့ကို ဆက်စပ်ပစ္စည်းများနှင့်တကွ ဤပြပွဲကြီးအတွင်း၌ စုံစုံလင်လင် လေ့လာကြည့်ရှုနိုင်ကြသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ Palexpo Convention Complex ၌ ကျင်းပပြီးစီးခဲ့သော Geneva International Motor Show 2015 ကို ခြုံငုံသုံးသပ်မည်ဆိုပါက ကမ္ဘာ့ အကြီးကျယ်ဆုံးသော မော်တော်ကားပြပွဲကြီးတစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတကာမှ ထုတ်လုပ်သော နောက်ဆုံးပေါ် နည်းပညာမြင့်ကားများကို စုံစုံလင်လင် ခင်းကျင်း ပြသထားသလို နောင်လာမည့် နှစ်များအတွင်း၌ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သော မျိုးဆက်သစ်မော်တော်ကားများ၏ နည်းပညာပြောင်းလဲသွားပုံများကိုပါ တစ်ဆက်တစ်စပ်တည်း လေ့လာကြည့်ရှုနိုင်အောင် စီစဉ်ပေးထားသည့်အတွက် အဘက်ဘက်ကပြီးပြည့်စုံသော ပြပွဲကြီးတစ်ခုဖြစ်သည်ဟုပင် ဆိုရမည်ဖြစ်သည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးသည် တစ်ကိုယ်ရည်သုံး၊ မိသားစုသုံးနှင့် လုပ်ငန်းသုံး လူစီးမော်တော်ကားများကိုသာ အဓိကအားဖြင့် ခင်းကျင်းပြသခဲ့သော မော်တော်ကားပြပွဲကြီးဖြစ်ပြီး အဆိုပါ ကားပြပွဲ၌ ဝန်တင်ယာဉ်၊ ယန္တရားတင်ယာဉ်၊ ကရိန်းယာဉ်၊ စစ်လက်နက်တင်ယာဉ်၊ ဒုံးပစ်စင်တင်ယာဉ်၊ စက်သုံးယာဉ်၊ သုတေသနယာဉ်၊ ဓာတ်ခွဲခန်းယာဉ်၊ စူးစမ်းရှာဖွေရေးယာဉ်၊ မီးသတ်ယာဉ်၊ အဝီစိတွင်းတူးယာဉ်၊ ပိုင်တိုင်ရိုက်သွင်းစက်တင်ယာဉ်၊ ကွန်ကရစ်ဖျော်ရည် ပင့်တင်ပို့ဆောင်သည့်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ကတ္တရာခင်းယာဉ်၊ လောင်စာဆီတင်ယာဉ်၊ ရေသယ်ယာဉ်စသော Commercial Vehicle များကို ထည့်သွင်းပြသခဲ့ခြင်း မရှိပေ။

ဂျီနီဗာ မော်တော်ကားပြပွဲမတိုင်မီ ၂၀၁၅ ခုနှစ်အတွင်းက အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ ပြုလုပ်ခဲ့သော International Motor Show တွင် လူစီးကားများနှင့်တကွ Commercial Vehicle များကိုပါ ပူးတွဲခင်းကျင်း ပြသခဲ့သလို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ကျင်းပပြုလုပ်ခဲ့သော မော်တော်ကား ပြပွဲတွင်လည်း Commercial Vehicle များကို သီးသန့်ခင်းကျင်းပြသခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ်အတွင်း အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သော မော်တော်ကားပြပွဲ၌လည်း Commercial Vehicle များကိုသာ ခင်းကျင်းပြသခဲ့သလို ဘဲလ်ဂရိတ်၌ ကျင်းပခဲ့သော Motor Show ၌လည်း လူစီးကားများနှင့်အတူ Commercial Vehicle များကိုပါ ပူးတွဲခင်းကျင်း ပြသပေးခဲ့သည်။

Geneva International Motor Show ပြီးစီးသွားသည့်နောက်ပိုင်း ၂၀၁၅ ခုနှစ်အတွင်းမှာပင် နယူးယော့ခ်နှင့် ဆိုးလ်မြို့တော်တို့၌လည်းကောင်း၊ ဘာမင်ဟန်၊ ဗီရိုးနားနှင့် အမ်စတာဒမ် မြို့ကြီးများ၌လည်းကောင်း မော်တော်ကားပြပွဲများကို အသီးသီး ခင်းကျင်းပြသခဲ့ကြသည်။ ထို့အတူ ဘာစီလိုနာ၊ အစ္စတန်ဘူလ်၊ လစ္စဘွန်းနှင့် ဗျူနိုအေးရိစ် မြို့ကြီးများ၌လည်းကောင်း၊ မော်စကို၊ ဖရန့်ဖတ်၊ ဘူခါရက်စ်၊ ဂျိုဟန်နက်စဘတ်၊ ဆိုဖီယာ၊ တိုကျိုနှင့် ဆော်ပိုလို မြို့ကြီးများ၌လည်းကောင်း မော်တော်ကားပြပွဲကြီးများကို ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ကြသည်။

သို့ဖြစ်၍ မော်တော်ကားချစ်သူများအတွက် ကမ္ဘာတစ်ဝန်းလုံးရှိ မြို့ကြီးများ၌ နှစ်စဉ် ခမ်းနားကြီးကျယ်စွာ ကျင်းပနေကြသော ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကား ပြပွဲကြီးအပါအဝင် မော်တော်ကား ပြပွဲများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာနိုင်မည့် အခွင့်အလမ်းများက အသင့်စောင့်ကြိုလျက်ရှိနေပြီဖြစ်ပေသည်။ ။



# ပြည်ပဈေးနှုန်းမပြောင်းသော်လည်း ပြည်တွင်းစားအုန်းဆီဈေး အနည်းငယ်တက်လာ

**ရန်ကုန် မတ် ၂**

ဖေဖော်ဝါရီ လကုန်ပိုင်းအတွင်း ပြည်ပစားအုန်းဆီဈေးနှုန်းများသည် တစ်တန်လျှင် ၆၅၀ ဒေါ်လာ ဝန်းကျင်ခန့်တွင်သာ ရှိနေပြီး ဈေးနှုန်းပြောင်းလဲမှု နည်းပါးသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ တစ်ပိဿာလျှင် ကျပ်ငါးဆယ်ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အတွင်း စားအုန်းဆီ ပြည်ပ FOB တစ်တန်ဈေးနှုန်း ၆၄၃ ဒေါ်လာမှ ၆၅၅ ဒေါ်လာအတွင်း ရှိခဲ့သည်။ ဆိပ်ကမ်းအရောက် အရင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၄၉၈ ကျပ်မှ ၁၅၁၆ ကျပ်အတွင်းရှိခဲ့ပြီး ဆီထုတ်ယူခွင့် D.O စာရွက်ဖြင့် တစ်ပိဿာလက်ကားဈေးနှုန်းမှာ ၁၄၈၀ ကျပ်မှ ၁၄၉၅ ကျပ်အတွင်း ရှိခဲ့သည်။

ဖေဖော်ဝါရီ ၂၉ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၆၅၀ ဒေါ်လာ၊ ဆိပ်ကမ်းအရောက်အရင်းဈေး ၁၅၀၈ ကျပ်သာ ရှိသော်လည်း တစ်ပိဿာလက်ကားဈေးနှုန်းမှာ ၁၅၃၅ ကျပ်နှုန်းခန့်သို့ တက်လာခဲ့ခြင်းဖြစ်ကြောင်း စားအုန်းဆီ နေ့စဉ်ဈေးနှုန်းသတင်းထုတ်ပြန်ချက်အရ သိရသည်။

**ခင်ဆိုင်**




တပ်ကုန်းမြို့နယ် မြို့မဈေးကြီး၏မျက်နှာစာရှိ ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဆုံတွင် နေ့စဉ် အနယ်နယ်အရပ်ရပ်မှ ဈေးရောင်း ဈေးဝယ်လာရောက်ကြသည့် သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ အပတ်စဉ်ဈေးဝယ်ထွက်ခွင့်ကားများ၊ အနေးယာဉ်များ စသည့်ယာဉ်အမျိုးမျိုးကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိရာ လမ်းများရှင်းလင်းစေရန်အတွက် မတ် ၁ ရက်မှစ၍ သက်ဆိုင်ရာက ရှင်းလင်းဆောင်ရွက်ပေးစဉ်။

တင်စိုးလွင်

# မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများပေးအပ်

**မိုးမောက် မတ် ၂**

၂၀၁၅ခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သော ဒုတိယအကြိမ် ပြည်လုံးကျွတ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကြီးကြပ်ဆောင်ရွက်ရာတွင် စိတ်အားထက်သန်စွာပါဝင်ဆောင်ရွက်ခဲ့ကြသော မိုးမောက်မြို့နယ်အတွင်းရှိ မြို့နယ်၊ရပ်ကွက်၊ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းရွှေက အမှာစကားပြောကြားပြီး မိုးမောက်၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်မြို့များမှ ရပ်ကွက်၊ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များကို တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူကြသည်။

အခမ်းအနားတွင် မြို့နယ်များမှ အများကြည်ညိုလေးစားသူများကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့ခွဲ အဖွဲ့ဝင်များအား ငွေကျပ် ၁၅၀၀၀ စီနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကျင်းပ

**လှိုင်ကော် မတ် ၂**

ကယားပြည်နယ် လှိုင်ကော်တက္ကသိုလ် ကိန္နရာခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၉ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လှိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ်ကိုယ်စား ဒုတိယပါမောက္ခ ဒေါက်တာမောင်မောင်က အမှာစကားပြောကြားပြီး ကယားပြည်နယ် အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲမှူးသိန်းကိုကို၊ ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းစိုးစိုးဟတ်နှင့် အမှတ်(၂)ယာဉ်ထိန်းတပ်ဖွဲ့ခွဲရုံးမှ ဒုရဲမှူး ဝင်းသွင်ဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀ ကိုလည်း အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲက ပေးအပ်ခဲ့သည်။ **ရဲနောင်(လှိုင်ကော်)**

# အိုင်စီတီပညာရေးတိုးတက်စေရန် HAINA 2016 အစီအစဉ်ကို နည်းပညာတက္ကသိုလ်(သန်လျင်)တွင် Huawei ဖွင့်လှစ်

**ရန်ကုန် မတ် ၂**

နည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ဟွာဝေးနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကာ အိုင်စီတီပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မှုအဖြစ် HAINA 2016 (Huawei Authorized Information and Network Academy (HAINA program) အစီအစဉ်ကို နည်းပညာတက္ကသိုလ်(သန်လျင်)၌ ဖေဖော်ဝါရီ ၂၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ HAINA အစီအစဉ်သည် Huawei ၏ တက္ကသိုလ်များနှင့် အတူတကွပြုလုပ်နေသော မိတ်ဖက်အစီအစဉ်တစ်ခုဖြစ်ပြီး Huawei ၏ လေ့ကျင့်မှုနှင့် အသိအမှတ်ပြုလက်မှတ်ရသင်တန်းများကို အဆိုပါကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းစေခြင်းဖြင့် မြန်မာနိုင်ငံ၏ ပညာရေးတွင် ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးကို ထောက်ပံ့ပေးရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးတွင် ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်လာရေးကို အထောက်အကူပြုစေမည့် အစီအစဉ် သဘောတူညီချက်ကို Huawei နှင့် မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် HAINA အစီအစဉ်ကို ပြုလုပ်ခြင်းသည် အဆိုပါသဘောတူညီမှု၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ကြောင်း သိရသည်။

Huawei သည် နည်းပညာတက္ကသိုလ် (သန်လျင်) တွင် လက်တွေ့အသုံးပြုနိုင်မည့် စက်ပစ္စည်းများ၊ တက္ကသိုလ် ပါမောက္ခများကို သင်တန်းပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအတွက် အထူးပြုစုထားသော သင်ရိုးညွှန်းတမ်းများကို ပံ့ပိုးကူညီပေးလျက်ရှိသည်။

HAINA 2016 အစီအစဉ် ဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က "Huawei က ကမ္ဘာတစ်ဝန်းမှာ ICT နည်းပညာပိုင်းမှာ ဦးဆောင်နေတဲ့ ကုမ္ပဏီတစ်ခုလည်း ဖြစ်ပါတယ်။ ဒီ Huawei အကယ်ဒမီက မျိုးဆက်သစ် လူငယ်တွေအတွက် ICT ဗဟုသုတတွေ ပိုမိုရရှိစေပြီး Huawei က ပေးအပ်တဲ့ ICT အသိအမှတ်ပြုလက်မှတ်ကိုရနိုင်တဲ့ အခွင့်အရေးလည်း ရှိတဲ့အတွက် အလွန်ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ Huawei ရဲ့ ဒီလုပ်ဆောင်မှုတွေအပေါ် ကျေးဇူးတင်ပြီး နောက်ထပ်လည်း နိုင်ငံခြားကုမ္ပဏီတွေက Huawei လိုမျိုး လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်လာဖို့လည်း မျှော်လင့်ပါတယ်"ဟု ပြောကြားသည်။

Huawei သည် နိုင်ငံပေါင်း ၂၀ ကျော်တွင် HAINA သင်ရိုးကို နေရာ ၁၄၀ ကျော်တွင် ဖွင့်လှစ်တည်ထောင်ပေးခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ကျောင်းသားပေါင်း ၅၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်းနှင့် စပိန်နိုင်ငံရှိ Alicante University, ယူကေနိုင်ငံရှိ READING University နှင့် ဟောင်ကောင် City University တို့တွင် HAINA အစီအစဉ်မှာ အထူးပင် အောင်မြင်ခဲ့ကြောင်း သိရသည်။ ယခု နည်းပညာတက္ကသိုလ်(သန်လျင်)တွင် ဖွင့်လှစ်သည့် HAINA အစီအစဉ်သည် Huawei ၏ ၁၄၇ ခုမြောက် ဖွင့်လှစ်လိုက်သော အစီအစဉ်တစ်ခုဖြစ်သည်။

**သွန်းဝသန်**

# ရေဆင်းစပ်မျိုးနေကြာစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**ရေစကြို မတ် ၂**

ရေစကြို မြို့နယ်အတွင်းရှိ တောင်သူများသည် ဆောင်းသီးနှံအဖြစ် စားဖိုဆောင်သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်သကဲ့သို့ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နေကြာကိုလည်း သီးညှပ်အဖြစ်လည်းကောင်း၊ သီးသန့်စိုက်ခင်းဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။



နေကြာသီးနှံကို စိုက်ပျိုးကြရာတွင် တောင်သူအချို့က ဒေသမျိုးများကို စိုက်ပျိုးကြပြီး အချို့တောင်သူများမှာ စိုက်ပျိုးရေး သုတေသနခြံများမှ ဖြန့်ဖြူးရောင်းချပေးသော ရေဆင်းစပ်မျိုး နေကြာမျိုးစေ့များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် ဝယ်ယူစိုက်ပျိုးကြရာ ရေဆင်းစပ်မျိုးနေကြာ စိုက်ပျိုးမှုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် အခုစိုက်ပျိုးထားတဲ့ နေကြာက ရေဆင်းစပ်မျိုးနေကြာဖြစ်ပါတယ်။ မျိုးစေ့ကိုတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝယ်ယူပြီး စိုက်ပျိုးခဲ့တာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး လိုအပ်တဲ့နည်းပညာကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုးပေးပါတယ်။ ဒါကြောင့် အခု အောင်မြင်ဖြစ်ထွန်းနေတာ ဖြစ်ပါတယ်။ ဌာနက ပြောတာကတော့ ရေဆင်းစပ်မျိုးဆီနေကြာရဲ့ ပန်းတိုင်အထွက်နှုန်းက တစ်ဧက တင်း ၅၀ လို့ ပြောပါတယ်။ ကျွန်တော့်စိုက်ခင်းက မိုးနည်းနည်းမိသွားလို့ ခန့်မှန်းအထွက်နှုန်း တင်း ၃၀ ကျော်ဝန်းကျင်လောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ရေဆင်းစပ်မျိုးနေကြာ စိုက်ပျိုးသည့် တောင်သူ ကိုမောင်မောင်နိုင်က ပြောသည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနကလည်း တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ဖြန့်ဖြူးပေးပြီး စိုက်ပျိုးရေး နည်းပညာများကိုလည်း စိုက်ကွင်း အရောက်သွားရောက်၍ လက်တွေ့ပြသပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ ဒေသခံတောင်သူများ အကျိုးဖြစ်ထွန်းစေမယ့် မျိုးကောင်း မျိုးသန့်မျိုးစေ့များကို ဖြန့်ဖြူးပေးပြီး စိုက်ပျိုးရေးနည်းပညာနဲ့ပတ်သက်လို့လည်း ကွင်းထဲအရောက်သွားရောက်ပြီးလက်တွေ့ပြသ ကူညီဆောင်ရွက်ပေးနေပါတယ်။ မျိုးစေ့ဖြန့်ဖြူးတဲ့အခါမှာလည်း စိုက်ပျိုးရေး သုတေသနခြံတွေက ဒေသရေ၊ မြေ သဘာဝ၊ ရာသီဥတုနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်းတဲ့ သီးနှံမျိုးစေ့တွေကိုသာ ဖြန့်ဖြူးပေးတာဖြစ်ပါတယ်။

အခု တောင်သူ ကိုမောင်မောင်နိုင် စိုက်ထားတဲ့ ရေဆင်းစပ်မျိုးဆီနေကြာက ပျော်ဘွယ်-ချောင်းမကြီး စိုက်ပျိုးရေး သုတေသနခြံက သုတေသနပြုပြီး ဖြန့်ဖြူးပေးတဲ့ နေကြာဖြစ်ပါတယ်။ ဆီထွက်ကောင်းတယ် ပန်းတိုင်အထွက်နှုန်းက တစ်ဧက တင်း ၅၀ ထွက်တယ်။ ကျွန်တော်တို့ ဒေသရာသီဥတု၊ ရေ၊ မြေ သဘာဝ အနေအထားအရဆိုရင် တစ်ဧက တင်း ၃၀ မှ ၃၅ တင်း ထွက်နိုင်ပါတယ်။ သုတေသနခြံမှာလို တောင်သူတွေက လုပ်နိုင်ရင်တော့ ဒီထက်မက ထွက်နိုင်တာပေါ့ ဒါပေမယ့် ဒေသခံတောင်သူအများစုက မျိုးအသစ်ဝယ်ပြီး စိုက်တာထက် မိမိစိုက်ခင်းက ထွက်တဲ့ မျိုးကို နှစ်စဉ်ပြန်စိုက်တဲ့အတွက် မျိုးမသန့်တာ၊ သီးနှံအထွက်နှုန်းကျဆင်းတာ၊ သီးနှံအရည်အသွေး မကောင်းတာတွေ တွေ့ကြုံနေကြရတယ်။ ဒါကြောင့် တောင်သူတွေ တကယ်အကျိုးခံစားချင်တယ်ဆိုရင် မျိုးကောင်း မျိုးသန့်ကို ရွေးချယ်ပြီး မျိုးစေ့သစ်ကို ဝယ်ယူစိုက်ပျိုးကြဖို့ အကြံပြုလိုပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးအမြန်ရရှိရေး ဆောင်ရွက်လျက်ရှိ

**သပိတ်ကျင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိကျေးရွာများတွင် လျှပ်စစ်မီးအမြန်ဆုံး ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုများကို မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း လက်ထောက်အထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)ဦးစိန်ဝင်းမြင့်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၂၉ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထို့နောက်လက်ထောက်မန်နေဂျာနှင့်အဖွဲ့သည် သပိတ်ကျင်းမြို့နယ်အတွင်း ဓာတ်အားစနစ်မရောက်ရှိသေးသော တွင်းငယ်၊ ကြာညှပ်နှင့် တကောင်းမြို့များတွင် ဓာတ်အားစနစ်ရောက်ရှိရန် JICA ချေးငွေဖြင့် ဆောင်ရွက်နေသော ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုပြီး ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# ပေါင်မြို့တွင် ဘိလပ်မြေအုတ်အသုံးပြုသူများလာ၍အရောင်းသွက်

**ပေါင် မတ် ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း မြေအုတ်များအစား ဘိလပ်မြေအုတ်(ကွန်ကရစ်အုတ်)များကို အသုံးပြုသူများလာသဖြင့် အရောင်းသွက်လာလျက်ရှိကာ ဘိလပ်မြေအုတ် ထုတ်လုပ်ရောင်းချသူများ အနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်အတွင်း ဘိလပ်မြေအုတ် ထုတ်လုပ်သည့်လုပ်ငန်းခွင် ၃၀ ခန့်ရှိကာ ၂၀၁၅ ခုနှစ်မှ စတင်၍ ဘိလပ်မြေအုတ် အသုံးပြုမှုများလာပြီး အရောင်းသွက်လာခြင်းဖြစ်ကြောင်း ဘိလပ်မြေ အုတ်ထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးစိုးမြင့်က ပြောသည်။ “ဒီလုပ်ငန်းကို လုပ်လာတာ ခုနစ်နှစ်လောက်ရှိပြီ။ အရင်က လူတွေမသိတော့ အရောင်းက အားရစရာမရှိဘူး။ အခုနောက်ပိုင်း အသုံးပြုသူတွေ များလာတော့ လုပ်ငန်းလည်း အဆင်ပြေလာတယ်။ အခုဆို တစ်နေ့ပျမ်းမျှ အုတ် ၂၀၀၀ ကနေ ၃၀၀၀ ကြား ရောင်းရတယ်” ဟု ၎င်းက ဆက်ပြောသည်။

မြေအုတ်များမှာ ယခုနောက်ပိုင်းတွင် ဆားဓာတ်ပါဝင်လာခြင်းနှင့် အုတ်ဖုတ်ရာတွင် အကျက်မညီသဖြင့် ခိုင်ခံ့မှု နည်းလာခြင်းတို့ကြောင့် ဘိလပ်မြေအုတ်များကို အသုံးများလာခြင်းဖြစ်ကြောင်း၊ ဘိလပ်မြေအုတ်များမှာ အသုံးပြုရာတွင် ခိုင်ခံ့ခြင်း၊ အလေအလွင့်နည်းခြင်းနှင့် ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် ဘိလပ်မြေအုတ်များကို လူကြိုက်များလာကြောင်း သိရသည်။

“ဘိလပ်မြေအုတ်တွေက မြေအုတ်တွေထက်စာရင် ခိုင်ခံ့မှု ပိုရှိတယ်။ နောက်ပြီး အုတ်အလုံးကြီးတွေကို အသုံးပြုရင် အိမ်ဆောက်တဲ့အခါ လုပ်သားစရိတ်ကျဉ်းတယ်။ ဘိလပ်မြေလည်း အသုံးပြုရတာနည်းလို့ အဆင်ပြေတယ်။ မြေအုတ်ထက်စာရင် အကုန်အကျနည်းလို့ ဘိလပ်မြေအုတ်ကို ကြိုက်တယ်”ဟု ဘိလပ်မြေအုတ်အသုံးပြုသူ ဦးငွေရကပြောသည်။



လက်ရှိအချိန်တွင် ပေါင်မြို့၌ အလျား ၈ လက်မ၊ အနံ ၄ လက်မ၊ ထု ၂ လက်မခွဲရှိ ဘိလပ်မြေအုတ် အသေးတစ်လုံးလျှင် ၅၅ ကျပ်နှုန်းဖြင့်လည်းကောင်း၊ အလျား ၁၅ လက်မ၊ အနံ ၇ လက်မခွဲ၊ ထု ၂ လက်မခွဲရှိ အုတ်အကြီး တစ်လုံးလျှင် ၁၄၀ ကျပ်နှုန်းဖြင့် လည်းကောင်း အရောက်ပို့စနစ်ဖြင့် ရောင်းချပေးနေပြီး ခရီးအနီးအဝေးပေါ်တွင် မူတည်၍ ဈေးနှုန်းအပြောင်းအလဲ ရှိကြောင်း၊ ပေါင်မြို့နယ်အတွင်းရှိ အုတ်လုပ်ငန်းများအနေဖြင့် အုတ်လုပ်ငန်းတစ်ခုလျှင် တစ်နှစ်တွင် အုတ်အလုံးရေ ၁၀ သိန်းခန့် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား(၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်ပွဲအဖြစ် နိဗ္ဗာန်ဈေးကို ဖေဖော်ဝါရီ ၂၈ ရက်က ဖွင့်လှစ်ရာ လှူဒါန်းသူ အလှူခံသူများ စည်ကားနေသည်ကို တွေ့ရစဉ်။**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မဟာနန္ဒာကန်မှ နွေစပါးစိုက်ပျိုးရေများ ပေးဝေလျက်ရှိ

**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ မဟာနန္ဒာကန်တော်မှ ဒေသခံတောင်သူများအတွက် နွေစပါးစိုက်ပျိုးရေနှင့် မြို့နေပြည်သူများအတွက် သောက်သုံးရေများကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

မဟာနန္ဒာကန်တော်အတွင်းမှရေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် ဧက ၇၆၀၀ ကို နှစ်စဉ်ရေပေးဝေနိုင်ခဲ့သည့်အပြင် ယခုနှစ် အယ်နီညိုရာသီတွင်ပင် နွေစပါးစိုက်ပျိုးနိုင်ရန် ဧက ၆၀၀၀ ကျော်ကို လျာထားသတ်မှတ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ ရေပေးဝေခဲ့ရာ တောင်သူများအနေဖြင့် ပျိုးထောင်ရေရရှိပြီဖြစ်ကြောင်း၊ ရွှေဘိုမြို့သူ၊ မြို့သားများအတွက် သောက်သုံးရေအနေဖြင့်လည်း ၁၅ လက်မ၊ ၁၀ လက်မ ကွန်ကရစ်ပိုက်နှင့် ၁၄ လက်မ ဖိုက်ဘာပိုက်လိုင်းများဖြင့် နေ့စဉ် ရေဂါလန် နှစ်သန်းခန့် ပေးဝေလျက်ရှိကြောင်း ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ဆည်မြောင်းဦးစီးဌာနသည် မဟာနန္ဒာကန်တော်အမှတ်(၁) ကန်ပေါင်အလျား ၂ ဒသမ ၂၃ မိုင်ခန့်၊ ရေလှောင်ပမာဏ ၁၀၉၅ ဧကပေ(ရေဂါလန် ၃၀၀ သန်းခန့်)နှင့် ကန်တော်အမှတ်(၂) ကန်ပေါင်အလျား ၁ မိုင်ခန့်၊ ရေလှောင်ပမာဏ ဧကပေ ၂၀၀ (ရေဂါလန် ၅၄ သန်းခန့်)တို့ကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ကန်အတွင်း ရေဖြည့်သွင်းလျက်ရှိသော မြောင်းမကြီးအခြေအနေနှင့် ကန်မှ စိုက်ပျိုးရေ၊ သောက်သုံးရေ ပေးဝေနေမှုများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၉ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **ခင်ဦးစိုးဝေ**

# နွေရာသီအားကစားသင်တန်း ဖွင့်လှစ်ပြီး အခမဲ့သင်ကြားပေးမည်

**ကျွန်းလှ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက ရွှေကျွန်းမြေအားကစားကွင်းတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ် အားကစားနည်းငါးမျိုးကို မတ် ၁၀ ရက်မှ ၃၀ ရက်အထိ အခမဲ့သင်ကြားပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုပါက မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း နည်းစနစ်မှူး ဦးနေစိုးသူရိန်၏ ပြောကြားချက်အရ သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# မြဝတီမြို့ဈေးများ၌ မီးဘေးကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေး

**မြဝတီ မတ် ၂**

ကရင်ပြည်နယ် မြဝတီမြို့ရှိ ညဈေး၊ ကြံခင်းဈေးနှင့် ဘုရင့်နောင်ဈေးကြီးများ၌ မီးဘေးကာကွယ်ရေးအတွက် မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ မတ် ၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဈေးများအတွင်း ဆိုင်များခင်းကျင်းထားမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ ထားရှိမှုအခြေအနေများ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ၏ မီးသုံးစွဲမှုအခြေအနေများ၊ ဈေးဧရိယာနှင့် အဆောက်အအုံဆောက်လုပ်ထားမှု မြေအနေအထားများ၊ လျှပ်စစ်မီးသုံးစွဲမှုနှင့် အန္တရာယ်ရှိနိုင်မှုအခြေအနေများ၊ မီးသတ်ရေကန်ထားရှိမှုနှင့် ရေသုံးစွဲနိုင်မှုအခြေအနေများစသည်တို့ကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးသန်းရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးမြင့်ကျော်၊ မီးသတ်ဦးစီးဌာနမှူးဦးမြင့်ဆွေနှင့် တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အသေးစိတ် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဈေးသူဈေးသားများကိုလည်း မီးသုံးစွဲရာတွင် စနစ်တကျနှင့်သုံးစွဲပြီး မီးဘေးကြိုတင်ကာကွယ်မှုများကို ပြုလုပ်ထားရန်လည်း ပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# အခါမဟုတ်မိုးကြောင့် ပဲစိုက်တောင်သူများ အခက်တွေ့နေ

**ရေတာရှည် မတ် ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မတ် ၁ ရက် နံနက်ပိုင်းက နေရာကွက်၍ ဒုတိယအကြိမ်မြောက် အချိန်အခါမဲ့ မိုးရွာသွန်းခဲ့ရာ လက်ရှိပဲရိတ်သိမ်းနေသည့် တောင်သူများအနေဖြင့် အခက်အခဲများ ကြုံတွေ့နေကြရကြောင်း သိရသည်။

လက်ရှိ ရိတ်သိမ်းလျက်ရှိသော မတ်ပဲ၊ ပဲတီစိမ်းတို့မှာ မိုးရေနှင့်ထိတွေ့လျှင် အရောင်ပြောင်းလဲတတ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အခါ ဈေးနှုန်းလျော့၍ ရောင်းချရခြင်းများကြောင့် မိုးမိခြင်းအတွက် တောင်သူများမှာ များစွာနစ်နာကြောင်း ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာမှ တောင်သူဦးတင်ဝင်းက ပြောသည်။

ရေတာရှည်မြို့နယ်တွင် မိုးစပါးနှင့်နွေစပါးပြီးလျှင် ပဲစိုက်ပျိုးမှုမှာ အများဆုံးဖြစ်ကြောင်း သိရသည်။ ပြောင်းလဲနေသော ရာသီဥတုသည် စိုက်ပျိုးရေးလုပ်ကိုင်သည့် တောင်သူများကို အကျိုးသက်ရောက်မှုများစွာရှိနေပြီး မိုးလေဝသ သတင်းများကို အမြဲတမ်းဂရုပြု နားထောင်နေကြရကြောင်းလည်း တောင်သူအချို့က ပြောသည်။



**ကိုလွင်(ဆွာ)**

# မီးဘေးကာကွယ်ရေးအတွက် မီးသတ်ရေကန်များ ရေဖြည့်

**အင်းတော် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် မီးဘေးကာကွယ်ရေးအတွက် မြို့ပေါ်ရှိ ရပ်ကွက်လေးခုမှ မီးသတ်ရေကန်များ ရေဖြည့်တင်းခြင်းလုပ်ငန်းများကို အင်းတော်မြို့မီးသတ်တပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့ပေါ်ရှိ မြို့ပေါ်ရပ်ကွက်လေးခုတွင် ရေသိုလှောင်ကန် ၁၂ ကန်ရှိရာ အဆိုပါရေကန်များသို့ ရေဖြည့်တင်းခြင်း၊ မကောင်းသည့်ရေများကို ပြန်ထုတ်ပြီး ရေလဲထည့်ခြင်းများကို ရေသယ်ယာဉ်များအသုံးပြု၍ ဆောင်ရွက်ခဲ့ကြောင်း၊ ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာသဖြင့် အင်းတော်မြို့တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး**



# စပါးနဲ့အာဆင်နယ် ထိပ်တိုက်တွေ့မယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၉)

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ် (၂၉)ကို မတ် ၅ ရက်နဲ့ ၆ ရက်တွေမှာ ဆက်လက်ဆင်နွှဲမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပရိသတ်အကြိုက်ပွဲတွေအဖြစ် စပါးနဲ့အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ စတုတ်၊ မန်စီးတီးနဲ့ဗီလာတို့ပွဲတွေက အသုံးတော်ခံဦးမှာဖြစ်ပါတယ်။ အသင်းတိုင်း အမှားမခံတော့တဲ့အနေအထားမို့ ဒီပွဲစဉ်တွေဟာ အကြိတ်အနယ်ရှိပြီး အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ ရသမြောက်တဲ့ပွဲတွေအဖြစ် အားပေးသုံးသပ်ခွင့်ရမှာ သေချာနေပါတယ်။**

### စပါးနဲ့အာဆင်နယ်

တန်းစီဇယား အပြောင်းအလဲ ဖြစ်နိုင်မလား ကြည့်ရမယ့်ပွဲပါပဲ။ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ အာဆင်နယ်ကွင်းရဲ့ပွဲမှာတော့ တစ်ဂိုးစီနဲ့သရေပွဲဖြစ်ထားခဲ့ပါတယ်။ စပါးရဲ့လက်တလော ငါးပွဲစွမ်းဆောင်မှုတွေကို ကြည့်ရင် ဆွမ်းဆီး၊ ဖီအိုရင်းတီးနားတို့ကို နိုင်ပွဲဆက်ထားပြီး ခရစ္စတယ်ပဲလေ့စ်ကို အိမ်ကွင်းမှာ ရှုံးထားခဲ့ပါတယ်။ မန်စီးတီးကို အဝေးကွင်းမှာ အနိုင်ကစားခဲ့တဲ့ စပါးရဲ့ ခြေစွမ်းက အကောင်းဆုံးပုံစံရရှိနေတာမို့ အခုပွဲမှာ အာဆင်နယ်တို့ ပွဲမချောင်ပါဘူး။ အာဆင်နယ်က လောလောဆယ်မှာ မန်ယူကို ရှုံးခဲ့ပြီး ဘာစီလိုနာကိုလည်း ရှုံးထားပါတယ်။ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ အာဆင်နယ်ဟာ အခုပွဲချိန်မှာ ပွဲပန်းနေတာမို့ တစ်မှတ်ရရင်ပဲ ကျေနပ်ရမယ့်ကိန်း ဖြစ်နေပါတယ်။

### ချယ်လ်ဆီးနှင့်စတုတ်

ရလဒ်ကောင်းတွေနဲ့အတူ ခြေစွမ်းပြန်လည်နိုးထလာတဲ့ ချယ်လ်ဆီးဟာ နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ ပီအက်စ်ဂျီအသင်းကလွဲပြီး ကျန်ပွဲတွေ ရှုံးပွဲမရှိခဲ့ပါဘူး။ မန်စီးတီးကို ဂိုးပြတ်သွင်းအောင်ပွဲခံပြီး ဆောက်သမ်တန်ကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်းအတိုင်းဆိုရင် စတုတ်တို့အတွက် ပွဲကျပ်ပါပဲ။ ဒါပေမယ့် စတုတ်နဲ့ အာဆင်နယ်တို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကို ကြည့်ရင် ဂိုးမရှိသရေပွဲဖြစ်ခဲ့တာ ကို သတိပြုရမှာဖြစ်ပါတယ်။ စတုတ်တို့ကလည်း ဗီလာနဲ့ဘုန်းမောက်တို့ကို နိုင်ပွဲ တွေ ဆက်တိုက်ရအောင် စွမ်းဆောင်ထားနိုင်တာမို့ အခုပွဲမှာ ချယ်လ်ဆီးတို့ အခက်ကြုံရနိုင်ပါတယ်။ အဝေးကွင်းမှာ ခံစစ်ပေါက်တတ်တဲ့စတုတ်တို့ အမှတ်ရဖို့မလွယ် တဲ့ပွဲပါပဲ။

### မန်စီးတီးနှင့်ဗီလာ

တန်းစီဇယား အောက်ဆုံးရောက်နေတဲ့ ဗီလာကိုတော့ အိမ်ကွင်းမှာ မန်စီးတီးတို့ သက်ညှာမှာ မဟုတ်ပါဘူး။ အမှတ်လိုအပ်နေတဲ့ မန်စီးတီးအတွက် ဒီပွဲဟာ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ရေးအတွက်ပဲ အာရုံပြုကစားမှာဖြစ်ပြီး သရေပွဲရလဒ်တောင်လက်ခံမှာ မဟုတ်ပါဘူး။ ရှုံးပွဲတွေ ဆက်နေတဲ့ ဗီလာတို့လည်း ပထမကျော့ ဗီလာကွင်းမှာ မန်စီးတီးကို လေးဂိုးပြတ်ရှုံးခဲ့တာမို့ ဒီပွဲမှာ ဂိုးမပြတ်အောင် ဟန့်တားရုံကလွဲပြီး မျှော်လင့်လို့မရတဲ့ အနေအထားပါ။

### ဝက်ဖို့ဒ်နှင့်လက်စတာ

တန်းစီဇယား ထိပ်ဆုံးနေရာကို ဆက်လက်စိုးမိုးဖို့အတွက် လက်စတာတို့က ဒီပွဲကို အနိုင်ရရေး အားထုတ်ပါလိမ့်မယ်။ လက်စတာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ပွဲရလဒ်ကို ကြည့်ရင်တော့ ဝက်ဖို့ဒ်တို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ခြေစွမ်းမာကျောပြီး ပြိုင်ဘက်တွေကို အနိုင်ကစား နိုင်တဲ့ ဝက်ဖို့ဒ်ကို လက်စတာတို့ ပေါ့ပေါ့ဆဆကစားလို့ မရနိုင်ပါဘူး။ ဒီပွဲမှာ ဝက်ဖို့ဒ်တို့ တစ်မှတ်မျှော်လင့်နိုင်တဲ့ အခြေအနေရှိပါတယ်။

### အဲဗာတန်နှင့်ဝက်စ်ဟမ်း

ဝက်စ်ဟမ်းကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ဒီနှစ်သင်းတစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။ ပုံမှန်ခြေစွမ်းရနေတဲ့ အဲဗာတန်ဟာ နောက်ဆုံးငါးပွဲ ကစားခဲ့ရာမှာ တစ်ပွဲသာရှုံးပြီး ကျန်လေးပွဲကို အနိုင်ရထားခဲ့ပါတယ်။ ဝက်စ်ဟမ်းတို့ကလည်း အခုတလော နိုင်ပွဲတွေဆက်နေတာမို့ ဒီပွဲက အကြိတ်အနယ်ရှိလာမယ့်ပွဲပါ။ နှစ်သင်းစလုံး အားထုတ်မှုကောင်းတဲ့အသင်းတွေမို့ ဒီပွဲဟာ အမှတ်ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။




### ဆောက်သမ်တန်နှင့်ဆန်းဒါးလန်း

ဆန်းဒါးလန်းကွင်းမှာ ကစားခဲ့တဲ့ နောက်ဆုံးပွဲမှာ ဆောက်သမ်တန်တို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားခဲ့ပါတယ်။ ဆောက်သမ်တန်ဟာ လောလောဆယ်မှာ ချယ်လ်ဆီးကို ရှုံးခဲ့ပေမယ့် ပုံမှန်ခြေစွမ်းကောင်းကို ရရှိအောင် ကြိုးစားနေဆဲဖြစ်တာမို့ ဆန်းဒါးလန်းတို့အတွက် ပွဲကျပ်ဖြစ်နိုင်ပါတယ်။ ခြေစွမ်းအတက်အကျရှိနေတဲ့ ဆန်းဒါးလန်းဟာ ဒီပွဲမှာ ဆောက်သမ်တန်ရဲ့ ဖိအားပေးမှုကိုခံရမှာဖြစ်ပြီး တစ်မှတ်ရဖို့တောင် ခက်ခဲပါလိမ့်မယ်။ ။




## ရုရှားနဲ့ ကာတာ ကမ္ဘာ့ဖလားကျင်းပခွင့် ပြန်လည်မဲခွဲဆုံးဖြတ်မှာမဟုတ်ဟု ဖီဖာဥက္ကဋ္ဌဆို

ရုရှားနဲ့ကာတာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ပြန်လည်မဲခွဲဆုံးဖြတ်ဖို့ ရှောင်ရှားမှာ ဖြစ်တဲ့အကြောင်း ဖီဖာဥက္ကဋ္ဌသစ် အင်ဖန်တီနိုက ပြောဆိုလိုက်ပါတယ်။ ကျွန်တော်တို့ ဒီကမ္ဘာ့ဖလား ကျင်းပခွင့်နဲ့ပတ်သက်ပြီး ပြန်လည်မဲခွဲဆုံးဖြတ်ဖို့ မရှိဘူးလို့ အင်ဖန်တီနိုက ဆိုပါတယ်။ ရုရှားနိုင်ငံဟာ ၂၀၁၈ မှာ ကမ္ဘာ့ဖလားအိမ်ရှင် လက်ခံကျင်းပခွင့်ရရှိထားပြီး ကာတာနိုင်ငံဟာလည်း ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာ့ဖလားအိမ်ရှင်ကျင်းပခွင့်ရရှိထားတာပါ။ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့မှာ ကျင်းပတဲ့ ဖီဖာကွန်ဖရင့်အပြီး အင်ဖန်တီနိုက ပြောဆိုလိုက်တာပါ။ ဒီကမ္ဘာ့ဖလားအိမ်ရှင်ကျင်းပခွင့်နဲ့ ပတ်သက်ပြီး လာဘ်စားမှုတွေရှိခဲ့တယ်လို့ သတင်းတွေ ထွက်ခဲ့ပေမယ့် လုံလောက်တဲ့ အထောက်အထားမရှိဘူးလို့ ဆိုပါတယ်။ ဖီဖာအိမ်ရှင်ကျင်းပခွင့် ပယ်ဖျက်ပေးဖို့ဆိုတာ လုံလောက်တဲ့ အထောက်အထားတွေ ရှိရမှာဖြစ်တယ်လို့ သူက ဆိုပါတယ်။ အင်ဖန်တီနိုဟာ မကြာသေးမီက ဖီဖာဥက္ကဋ္ဌသစ် ဆပ်ဘလတ္တာရဲ့နေရာမှာ ဆက်ခံဖို့ရောက်ရှိလာသူ ဖြစ်ပါတယ်။

## မန်ယူက လူငယ်တိုက်စစ်မှူးရပ်ရှ်ဖို့ဒ်ကို စာချုပ်သစ်ဆွေးနွေး

မန်ယူက ခြေစွမ်းပြလာတဲ့ လူငယ်တိုက်စစ်မှူး မားကတ်ရပ်ရှ်ဖို့ဒ်ကို စာချုပ်သစ်ချုပ်ဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။ သူဟာ မန်ယူနဲ့အတူ ပွဲထွက်လာပြီး ခြေစွမ်းပြကစားနေတဲ့အတွက် မန်ယူတာဝန်ရှိသူတွေက စာချုပ်သစ်ချုပ်ဆိုသွားဖို့ ဆွေးနွေးနေကြပါတယ်။ လက်ရှိအချိန်မှာတော့ ရပ်ရှ်ဖို့ဒ်ဟာတစ်ပတ်ကို ပေါင် ၁၅၀၀ ပဲရရှိနေပါတယ်။ မန်ယူမှာ ခြေစွမ်းပြဂိုးတွေသွင်းလာပြီးနောက် ပရီမီယာလိဂ်ကလပ်တွေက ခေါ်ယူဖို့ စောင့်ကြည့်နေကြပါတယ်။ ရပ်ရှ်ဖို့ဒ်ဟာ နှစ်ပွဲပါဝင်ကစားရာမှာ လေးဂိုးသွင်းယူပေးထားပါတယ်။ အသက် ၁၈ နှစ်အရွယ်သာ ရှိသေးတဲ့ ရပ်ရှ်ဖို့ဒ်ဟာ မန်ယူက အာဆင်နယ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာလည်း အနိုင်ဂိုးနှစ်ဂိုးသွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။ သူ့ကို မန်ယူက ၂၀၁၇ ခုနှစ် နွေရာသီအထိ တစ်ပတ်ကို ပေါင် ၁၅၀၀ နဲ့ စာချုပ်ထားတာ ဖြစ်ပါတယ်။ သို့ပေမယ့် ခြေစွမ်းပြကစားလာတဲ့ ရပ်ရှ်ဖို့ဒ်ကို မန်ယူက ထပ်မံစာချုပ်ဖို့ ကြိုးစားနေပါတယ်။ အသက် ၁၈နှစ် အရွယ်သာ ရှိသေးတဲ့ လူငယ်တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်ဟာ ထိပ်တန်းကစားသမားဖြစ်ဖို့ အလားအလာကောင်းနေပါတယ်။






## ဖလားမရရင် အာဆင်နယ်က ထွက်ခွာရမယ်ဆိုတဲ့ ဝင်းဂါး

အာဆင်နယ်အသင်းအနေနဲ့ ယခုနှစ် ရာသီမှာ ပရီမီယာလိဂ်ဖလားကို ရအောင် ဆွတ်ခူးပေးနိုင်ခြင်းမရှိဘူးဆိုရင် နည်းပြဝင်းဂါးအနေနဲ့ အသင်းမှ ထွက်ခွာသင့်တယ်လို့ နည်းပြဟောင်း ပေါလ်မာဆင်က ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အသင်းဟာ လက်စတာ သို့မဟုတ် စပါးကို ရှုံးခဲ့မယ်ဆိုရင် ပရီမီယာလိဂ်ဖလားနဲ့ ဝေးမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အာဆင်နယ်အသင်းဟာ ဇယားထိပ်ရောက်လက်စတာအသင်းနောက်မှ ငါးမှတ်၊ ဒုတိယနေရာမှ စပါးနောက်မှ သုံးမှတ်ခွာပြီး တတိယနေရာမှ လိုက်နေပါတယ်။ နည်းပြဝင်းဂါးအနေနဲ့အသင်းကို ဇယားထိပ်ကိုရောက်ဖို့ ဦးမဆောင်နိုင်ခဲ့ဘူးဆိုရင် ပြိုင်ပွဲမှ ထွက်ခွာသင့်တယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ်ဖလားကို ရဖို့မလွယ်တော့ပါဘူး။ လက်စတာနဲ့စပါးတို့သာ ဖလားရသွားမယ်ဆိုရင်တော့ နည်းပြဝင်းဂါးအနေနဲ့ အာဆင်နယ်ကို ကျောခိုင်းရမှာဖြစ်ပါတယ်။ လက်စတာဟာ ဇယားထိပ်ကို ရောက်နေပေမယ့် ပရီမီယာလိဂ်ဖလားရဖို့ မလွယ်ပါဘူး။ မာဆင်ဟာ ၁၉၉၆-၉၇ခုနှစ်များက အာဆင်နယ်အသင်းမှာ ကစားခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၄၇ နှစ်အရွယ် မာဆင်ဟာ အာဆင်နယ်အတွက် ၄၂၃ ကြိမ် ပါဝင်ကစားခဲ့ပြီး ၉၉ ဂိုးသွင်းယူခဲ့တယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## မီးဘေးကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှုသရုပ်ပြ

**ကမမောင်း မတ် ၂**

ကရင်ပြည်နယ် ကမမောင်းမြို့ သံလွင်ဦးမြို့မဈေး၌ မီးဘေးကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ကမမောင်းမြို့ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများအား မီးလောင်မှုဖြစ်ပေါ်လာပါက အရေးပေါ်အနေဖြင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်နည်းနှင့် ရေစိုစောင်ဖြင့် မီးငြှိမ်းသတ်နည်းများကို သင်ကြားပြသပြီး မီးသတ်ပိုက်များဖြင့် မီးငြှိမ်းသတ်ပုံအဆင့်ဆင့်ကိုလည်း လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။ မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာသို့ ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## သရက်မြို့နယ်အတွင်း ကျေးရွာများ၌ ရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**သရက် မတ် ၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သံပုရာကိုင်းကျေးရွာနှင့် မကျီးရုံကျေးရွာများတွင် နွေရာသီကာလအတွင်း သောက်သုံးရေ ရှားပါးပြတ်လတ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ဖေဖော်ဝါရီ ၂၉ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးဝင်းထိုက်က နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ရမည့် နည်းလမ်းများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက နွေရာသီကာလအတွင်း ရေရှည်ရေပြတ်လပ်မှုမရှိစေရေးအတွက် တူးဖော်နေသော မကျီးရုံကျေးရွာ မြေသားရေကန်ကိုလည်းကောင်း၊ သံပုရာကိုင်းကျေးရွာတွင် မြေသားရေကန်တူးဖော်ရန် မြေနေရာရွေးချယ်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

**ဇော်ထက်(သရက်)**

## ဇီးကုန်းမြို့နယ်တွင် ယာဉ်စည်းကမ်းပညာပေးမှုများဆောင်ရွက်

**ဇီးကုန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုလျော့ကျစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးရည်ရွယ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဥပဒေဝန်ထမ်းများနှင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ ၂၂ ဦးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ရက်က ဆိုင်ကယ်ကို နှစ်ဦးထက်ပိုစီးသူများ၊ ဦးထုပ်မဆောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စုစုပေါင်းဆိုင်ကယ် ၂၄၇ စီးကို ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## မူခင်းလျော့နည်းကျဆင်းရေး ဟောပြော

**မော်လမြိုင် မတ် ၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မူခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြောပွဲနှင့် ကလေးခိုးမှုသတင်းများမှာ ကောလာဟလသတင်းများဖြစ်ကြောင်း ရှင်းလင်းပွဲကို ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်နှင့် ရှင်စောပုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ၌ ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက ကလေးခိုးယူမှုနှင့်ပတ်သက်၍ ယနေ့အချိန်အထိ တိုင်ကြားခြင်း၊ အမှုဖွင့်ခြင်းများမရှိဘဲ ကောလာဟလသတင်းများဖြစ်ကြောင်း၊ ကလေးခိုးယူသည်ဟု မသင်္ကာပါကလည်း ဝိုင်းဝန်းရိုက်နှက်ခြင်း၊ လက်ရောက်ခြင်းများမပြုဘဲ သက်ဆိုင်ရာ ရဲတပ်ဖွဲ့များသို့ အကြောင်းကြား၍ ဥပဒေအရ အရေးယူဆောင်ရွက်ရန်လိုကြောင်း စသည်များကို ရှင်းလင်းပြောကြားကာ မူခင်းကြိုတင်ကာကွယ်ရေးနှင့် မူခင်းလျော့နည်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် စသည့်အကြောင်းအရာများကိုလည်း ပညာပေးဟောပြောခဲ့သည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း မူခင်းလျော့နည်းကျဆင်းရေးအတွက် ပညာပေးဟောပြောပွဲများကို ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာ ၄၃ ရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## သွေးလှူရှင် ၁၂၀၀ ဝန်းကျင်အား သထုံတွင် ဘီပိုးကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**သထုံ မတ် ၂**



မွန်ပြည်နယ် သထုံမြို့ရှိ သွေးလှူရှင်ပြည်သူ ၁၂၀၀ ခန့်အား အသည်းရောင် အသားဝါဘီးပိုးကာကွယ်ဆေးများကို သထုံမြို့အခြေစိုက် အနှိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီမှုအသင်းက ဖေဖော်ဝါရီ ၂၈ ရက်က အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သွေးလာရောက်လှူဒါန်းလိုသူ များပြားလာစေရန်နှင့် သွေးလှူရှင်များအား ဘီပိုးရောဂါမှ ကာကွယ်ပေးနိုင်ရန်အတွက်ရည်ရွယ်၍ ကာကွယ်ဆေးထိုးပေးရခြင်းဖြစ်ကြောင်း အနှိုင်းမဲ့မေတ္တာသွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီမှုအသင်းဥက္ကဋ္ဌ ဦးညဏ်စိုးညွန့်က ပြောသည်။

"သွေးလှူရှင်တွေရဲ့သွေးက ရောဂါကင်းစင်နေဖို့လိုတယ်။ ဒါမှ သူတို့တွေရဲ့သွေးကိုသွင်းပြီး ရောဂါကုမယ့်သူတွေကလဲ သန့်ရှင်းစွာနဲ့ အသက်ရှင်သန်နိုင်မယ်။ နောက်တစ်ခုက အသင်းမှာ အောက်ဆီဂျင်က အမြဲမပြတ်ရနိုင်ပေမယ့် သွေးက အလှူရှင်ရှိမှ ရနိုင်မယ်။ ဒါကြောင့် သွေးလှူချင်တဲ့သူတွေ ပိုများလာဖို့ ရည်ရွယ်ထိုးပေးတာပါ" ဟု ၄င်းက ပြောသည်။

ကာကွယ်ဆေးများကို သထုံမြို့ သုဝဏ္ဏခန်းမ၌ အခမဲ့ထိုးပေးခဲ့ခြင်းဖြစ်ပြီး ငွေကျပ်သိန်း ၆၅၀ တန်ဖိုးရှိ ဘီပိုးကာကွယ်ဆေး ပုလင်းပေါင်း ၁၃၀၀၀ မှ ဆေးအလုံးပေါင်း ၂၄၀၀ အား သထုံမြို့နယ်အတွင်းရှိ သွေးလှူရှင်များအား ထိုးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘီပိုးက အချိန်မရွေးနေရာမရွေး ကူးစက်နိုင်တော့ မဖြစ်ခင်ကတည်းက ကာကွယ်ထားတာ အကောင်းဆုံးပဲ။ ဆေးကိုတော့ သုံးကြိမ်ပြည့်အောင်ထိုးမှ ကာကွယ်နိုင်မယ်လို့ပြောပါတယ်။ ဒါကတော့ အချိန်ယူပြီးလာထိုးရမှာပေါ့။ အပြင်ဆေးခန်းမှာ သွားထိုးဖို့ဆိုတာက မလွယ်ဘူး"ဟု ကာကွယ်ဆေးလာထိုးသော သွေးလှူရှင် တစ်ဦးဖြစ်သူ ကိုကျော်ကျော်ဦးက ပြောသည်။

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးလာထိုးသူ သွေးလှူရှင်များ အဆင်ပြေစွာ ဆေးထိုးခံနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်များက ပူးပေါင်းကူညီခဲ့ကြကြောင်းသိရသည်။

**သက်ဦး (သထုံ)**

## ပုပ္ပားတောင်ကလပ် ကားလမ်းတစ်လျှောက်တွင် ပလတ်စတစ်ကင်းစင်ရေးလှုပ်ရှားမှုဆောင်ရွက်

**ကျောက်ပန်းတောင်း မတ် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ပုပ္ပားတောင်ကလပ်ဒေသ သန့်ရှင်းသာယာလှပရေးနှင့် ပြည်တွင်းပြည်ပ ဘုရားပြည်သူများ စိတ်လက်အေးချမ်းသာယာစွာဖြင့် လာရောက်လည်ပတ်နိုင်သည့် သဘာဝပတ်ဝန်းကျင်တစ်ခု ဖြစ်လာရေးအတွက် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ပလတ်စတစ်အမှိုက်ကင်းစင်ရေး ရက်သတ္တပတ်လှုပ်ရှားမှု (Plastic Campaign)ကို ဖေဖော်ဝါရီ ၂၈ ရက်က ဆောင်ရွက်ခဲ့သည်။



ပလတ်စတစ်အမှိုက်များ ကောက်ယူသိမ်းဆည်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်ထူးမောင် ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး တောင်ကလပ်မှ ဒေသခံဈေးသူ ဈေးသားများ၊ တောင်ကလပ်ဂေါပကအဖွဲ့ဝင်များက တောင်ကလပ်တောင်ခြေရှိ အောင်သိဒ္ဓိကုန်း အတက်လမ်းမှ ပုပ္ပားလမ်းသို့လည်းကောင်း၊ ညောင်ဦးမြို့ ပုဂံပလတ်စတစ်ကင်းစင်ရေးအဖွဲ့မှ အဖွဲ့ဝင် ၂၅ ဦးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း လူထုပညာပေးအဖွဲ့မှ အဖွဲ့ဝင် ၂၀ ပါဝင်သော ပူးပေါင်းအဖွဲ့က ပုပ္ပားမှ တောင်ကလပ်လမ်းတစ်လျှောက်တွင်လည်းကောင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး စုစုပေါင်းအင်အား ၂၀၀ ခန့် ပါဝင်ကြောင်း သိရသည်။

**နေအောင်(iprd)**

## မိတ္ထီလာဈေးကြီးအနီး ကတ္တရာလမ်းများချဲ့ပြီးသဖြင့် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းလာ

**မိတ္ထီလာ မတ် ၂**

မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးကြီး တောင်ဘက်နှင့် အရှေ့ဘက်တွင် ကတ္တရာလမ်းတိုးချဲ့မှုများ ပြီးစီးသွားပြီဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းလာပြီဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့တွင် စည်ပင်ဈေးကြီး၊ ဗဟိုဈေးနှင့် ပိတောက်မြိုင်ဈေးများရှိကာ မြို့ပေါ်ရပ်ကွက်ကြီး ၁၄ ခုအပြင် မြို့နယ်အတွင်း ကျေးရွာများမှ လာရောက်ရောင်းဝယ်သူများဖြင့် စည်ကားသော ဈေးကြီးဖြစ်သည်။ ဈေးကြီးတွင် ဈေးရောင်းဈေးဝယ်သူများ၏ ကားများ၊ ဆိုင်ကယ်များ၊ သုံးဘီးများ၊ ထော်လာဂျီများ နှစ်ထပ်သုံးထပ်ရပ်နားမှုကြောင့် ယာဉ်ကြောပိတ်ဆို့ကာ ယာဉ်အန္တရာယ်လည်းများပြီး ယာဉ်သွားယာဉ်လာ အခက်အခဲများနှင့် ကြုံတွေ့ရသည်။ ထို့အပြင် ဈေးတောင်ဘက်ရှိ ဆိုင်ခန်းများရှေ့တွင် လူများယာဉ်အန္တရာယ်ကင်းရန် ပလက်ဖောင်းများ ခင်းပေးထားသော်လည်း ပလက်ဖောင်းပေါ်အထိ အမိုးအကာများခင်း၍ ဈေးရောင်းချခြင်းများ ပြုလုပ်နေသဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ယာဉ်ကြောပိတ်ဆို့မှုကင်းဝေးစေရန် အလျားပေ ၆၅၀ ရှိ ပလက်ဖောင်းများကို ဖျက်သိမ်းကာ ကတ္တရာလမ်းကို တိုးချဲ့ခင်းခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဈေးအရှေ့ဘက်တွင် ပလက်ဖောင်းအလျား ပေ ၅၀၀ ကျော်နှင့် အုတ်ခုံများ၊ အရိပ်အကာများကိုလည်း ဖျက်သိမ်း၍ ကတ္တရာလမ်းကို တိုးချဲ့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပလက်ဖောင်းများဖျက်သိမ်း၍ လမ်းတိုးချဲ့လိုက်ခြင်းကြောင့် ယခုအခါ မူလလမ်းထက် ရှစ်ပေခန့် ပိုကျယ်သွားပြီး ယာဉ်သွားလာမှုလည်း လွယ်ကူချောမွေ့လာပြီဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



# ယွန်းပညာကောလိပ်(ပုဂံ)တွင် ယွန်းအနုပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ညောင်ဦး မတ် ၂**

ပုဂံမြို့ ယွန်းပညာကောလိပ် အစည်းအဝေးခန်းမ၌ ယွန်းအနုပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်က ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲတွင် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက အမှာစကား ပြောကြားပြီး စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။ စာတမ်းဖတ်ပွဲတွင် တမုတ်ရွှေဂူကြီးဘုရားမှ အနုပညာလက်ရာများ စာတမ်းကို ဦးအောင်ကြိုင်(မင်းဘူးအောင်ကြိုင်)ကလည်းကောင်း၊ သုံးနိုင်ငံ ယွန်းလက်မှုအနုပညာပေါင်းစပ်ဖလှယ်ခြင်း စာတမ်းကို ဦးမောင်မောင် (ပစ်တိုင်းထောင်ယွန်းထည်လုပ်ငန်း)က လည်းကောင်း၊ ယွန်းလောကမှ မှတ်သားဖွယ်ရာ စာတမ်းကို ဦးအောင်မြင့် (မောင်အောင်မြင့်၊ ညောင်ဦး)က လည်းကောင်း၊ ယွန်းအနုပညာနှင့် စီးပွားရေးယွန်းစာတမ်းကို ဦးသင်း(ကထိက(ငြိမ်း)၊ယွန်းပညာကောလိပ်-ပုဂံ) ကလည်းကောင်း၊ ဂျပန်နိုင်ငံ ယွန်းထည်လေ့လာရေးခရီးစဉ်နှင့် Laccase enzyme အကြောင်း သိကောင်းစရာများ စာတမ်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်ကလည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲတက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ယွန်းလုပ်ငန်းရှင်များ၊ ယွန်းဝါသနာရှင်များက ဖတ်ကြားသည့် စာတမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ယွန်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အကြံပြုဆွေးနွေးခဲ့သည်။ **ရဲသူရအောင်(ညောင်ဦး)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကျင်းပမည်

**ရန်ကုန် မတ် ၂**

မျိုးဆက်သစ်လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် မြန်မာနိုင်ငံဓာတ်ပုံအသင်းက ကြီးမှူး၍ တတိယအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပွဲတော်ကို မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ The Yangon Gallery တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ၂၀၁၅ ခုနှစ် (၅၂) ကြိမ်မြောက် နှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲများမှ ကဏ္ဍအလိုက် ဆုရဓာတ်ပုံများအပြင် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဝင်များ၏ စိတ်ကြိုက်ဓာတ်ပုံလက်ရာ ၅၀ ကိုလည်း ပြသထားမည်ဖြစ်ကြောင်း၊ ပွဲတော်ရက်အတွင်း အင်္ဂလန်နိုင်ငံသား ဓာတ်ပုံပညာရှင် Mr.Robert Collins က သင်တန်းသား ၃၀ အား ဓာတ်ပုံပညာများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ဂျပန်ဓာတ်ပုံပညာရှင်တစ်ဦးကလည်း Japanese Rall Road ခေါင်းစဉ်ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘော်ဂါသွေး**

# ရေးမြို့နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုများ အားကောင်းလာ

**ရေး မတ် ၂**

မွန်ပြည်နယ် ရေးမြို့တွင် လက်ရှိ ခုတင် (၅၀) ဆံ့ ဆေးရုံကို ခုတင် (၁၀၀) ဆံ့ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်ပေးနေသည့်အပြင် လိုအပ်သည့် ဆရာဝန်နှင့်ဆေးဝါးအထောက်အကူများပါ ဖြည့်ဆည်းပေးလျက်ရှိရာ ရေးမြို့နယ်အတွင်းမှ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုကောင်းလာလျက်ရှိကြောင်း သိရသည်။



တည်ဆောက်ပြီးစီးနေသော မြို့နယ်ဆေးရုံ ခွဲစိတ်ကုသဆောင်။

ယခင်က ရေးမြို့ဆေးရုံတွင် ဆေးဝါးနှင့် ဆရာဝန်များ လုံလောက်မှုမရှိသည့်အတွက် လူနာများကို ရေးဆေးရုံမှတစ်ဆင့် မော်လမြိုင်ဆေးရုံသို့ သွားရောက်ပြသရကြောင်း၊ သွားလာစရိတ်နှင့် ဆေးဝါးခများ ပိုမိုကုန်ကျသည့်အပြင် အချိန်ကုန်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် လူနာများ လည်းရှိခဲ့ကြောင်း မြို့ခံတစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် ဆေးရုံကို ခုတင် (၁၀၀) ဆံ့အဖြစ် တိုးချဲ့တည်ဆောက်ပေးနေသည့်အပြင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များကို နေရာများအလိုက် အားဖြည့်ပေးထားကာ ဆေးဝါးများမှာလည်း အခမဲ့ရရှိလာကြောင်း၊ ဆရာဝန်များ၏ ကုသရေးအပိုင်း ပိုမိုအားကောင်းလာသည်နှင့်အမျှ ယခင်က မော်လမြိုင်ဆေးရုံသို့ သွားရောက်ဆေးကုသ ခံယူကြရာမှ ယခုအခါ ရေးဆေးရုံတွင် လူနာများ တစ်နေ့တခြား လာရောက်မှုများလာကြောင်း၊ တိုးချဲ့လူနာဆောင် အဆောက်အအုံများ ပြီးစီးသွားပါက လူနာများအတွက် ပို၍ကောင်းလာမည်ဖြစ်ကြောင်း မြို့ခံပြည်သူတစ်ဦးက ပြောသည်။

မြို့နယ်ဆေးရုံ တိုးချဲ့အဆောက်အအုံကို မြတ်သူရဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး အာရ်စီနှစ်ထပ် အဆောက်အအုံများဖြစ်ကာ ခွဲစိတ်ကုသဆောင်မှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ ပြင်ပလူနာဆောင်နှင့် အုပ်ချုပ်ရေးအဆောင်များမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အလုပ်သမားအင်အား ၂၀၀ ခန့်ဖြင့် တည်ဆောက်နေကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝေက ပြောသည်။ တိုးချဲ့ဆောင်များကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ်သိန်းနှစ်ထောင်နှင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေ ကျပ်သိန်းပေါင်းရှစ်ထောင် အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ်ဆေးရုံကြီးတွင် အထူးကုဆရာဝန်များအဖြစ်သွားနှင်ခံတွင်း၊ သမားတော်၊ သားဖွားနှင့် မီးယပ်၊ ကလေး၊ ခွဲစိတ်၊ အရိုးအကြော၊ မေ့ဆေး၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များကို ဖြည့်ဆည်းထားပြီးဖြစ်သည့်အပြင် ဆေးဝါးများကိုလည်း လုံလောက်စွာ အခမဲ့ဖြန့်ဝေပေးနေကြောင်း ရေးဆေးရုံအုပ် ဒေါက်တာမေစန်းချို က ပြောသည်။ ခွဲစိတ်ခန်းအတွင်းပိုင်း အထောက်အကူပြု ပစ္စည်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံထားကြောင်း၊ လူနာများအတွက် နေရာထိုင်ခင်း အသုံးအဆောင်ပစ္စည်းများမှာမူ ဆေးရုံသို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ရေးမြို့နယ်တွင် မြို့နယ်ဆေးရုံကို ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးလိုက်သည့်အပြင် ပုဂ္ဂလိကပိုင်အနေဖြင့် ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းများလည်းရှိနေပြီး တည်ဆောက်နေဆဲ ဆေးရုံတစ်ရုံလည်းရှိနေသောကြောင့် ရေးမြို့နယ်အတွင်း ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအားကောင်းလာဖွယ်ရှိနေကြောင်း သိရသည်။

**နေမျိုးထွန်း**
**(ရေး)**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ-** Conveyor Belt (1000 Meters), Calibration Tip and USB Cable (2 Items), WD Pump with Motor, Starter, Breaker Complete Set (4 Items), Air Conditioner (2 Items), Global Maritime Distress and Safety System and VHF ဆက်သွယ်ရေးစက် (2 Items), RTD/POT Input Module & Battery for DCS Control (1 No), Suction Filters (60 Nos)

(ခ) **ဓာတုဗေဒပစ္စည်းများ** -Aluminium Sulphate (240 MT), Sulphuric Acid (150 MT)

(ဂ) **ကုန်ကြမ်းပစ္စည်းများ** -Low Density Polyethylene (LDPE) (150 MT), Calcium Carbonate (Seeds) (60 MT)

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ** -DC Generator Accessories and Motor, Demineralized Water Pump, Cation Exchange Tank, Lye Circulation Pump (1 st Stage) &(2nd Stage) without Motor & Accessories, Process Air Condensate Pump (Congulation Pump) with Motor Complete Set, Spare Parts for Carbamate Feed Pump & Spare Parts for CO2 Compressor (K-3101), Spare Parts for Synthesis Gas Compressor, Positioner and CPU-224, Module, Weighing Controller for Bagging Machine, Carbonate Solution Pump(P-3402) (Without Motor), Absorber Feed Pump(P-3503) (Without Motor) and Hydrolyzer Feed Pump (P-3501) (Without Motor), Spare Parts for Natural Gas Compressor Synthesis Gas Compressor, CO2 Compressor, Refrigeration Compressor and Flushing Pump, Heater Tube & Filter Kit (AL-91652), Cotton Wick and Syringe, Crude Oil Charging Pump (Horizontal, Centrifugal) without Motor, Water Level Indicator for Boiler Complete Set & Drive Chain and Drive Sprocket, Replacement of Portable Octane Analyzer, Heat Exchanger HE-106 A/C Tube Bundle, Chemical Alum Dosing Pump with Motor, Chemical Poly Dosing Pump with Motor, Spare Parts for MHI AP/AI Air Compressor, Lube Oil for Oxygen Compressor, 3 Way Solenoid Valve for IA Compressor, 4 Way Solenoid Valve for Nitrogen Plant, Pressure Gauge for Process Area (3 Items), Air Filter Regulator for Process Area, Hot Oil Pump (PU-2101) A/B and Flushing Cooler, 48000 Hrs Inspection & Full on Overhaul Maintenance, Instrument Spare and Spare for IA Compressor

(ခ) **ဓာတုဗေဒပစ္စည်းများ**-CO Primary Converter Catalyst (HTS), p-Naphthol Benzene Indicator and Buffer Tablet (pH 6.99,pH 4.0, pH 9.15)

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်**- ၄-၃-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၄-၂၀၁၆ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊ Ph.067-411123, 067-411193**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ် (၅၇) နေ ဒေါ်ကြူ [၇/သနပ(နိုင်) ၀၆၃၈၁၉] ၏ သားဖြစ်သူ မောင်မင်းဇော်လင်း [၇/သနပ(နိုင်)၀၈၁၆၇၈] သည် မိခင်နှင့် အစ်ကို၊ အစ်မများ၏ ဆိုဆုံးမမှုများအား နားမထောင်သည့်အပြင် မိခင် စိတ်ဆင်းရဲအောင်ပြုမူနေထိုင်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင် ဒေါ်ကြူ

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ခင်မောင်မြင့် (ခ) စိုးနိုင် (၁၂/ဒဂန (နိုင်) ၀၂၆၈၄၁) နှင့် ခင်သန်းမြင့် (၁၂/ဒဂန (နိုင်) ၀၁၈၄၉၇) တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် (၂၃-၂-၂၀၁၆) ရက်နေ့တွင် ရန်ကင်းမြို့နယ်တရားရုံး၊ တရားသူကြီးရှေ့မှောက်တွင် အကြွင်းလင်မယားအဖြစ်မှ သဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ခင်မောင်မြင့် (ခ) စိုးနိုင်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၆၉၁**

| | | |
|---|---|---|
| ဒေါ်နန္ဒာအေး (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးသန်းငွေအောင်) | နှင့် | ၁။ ဒေါ်စောဝင်း<br>၂။ ဒေါ်သူဇာ(ခ)ဒေါ်မေမြတ်သူ<br>၃။ ဒေါ်စိန်<br>၄။ ဦးကျော်ကျော်နိုင် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၇ လမ်း၊ အမှတ် ၄၄ နေ ဒေါ်စောဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမှတ်(၂)တရားပြိုင်မှ ကျူးကျော်ကာရံထားသော ခြံစည်းရိုးနှင့် အမှတ်(၃)(၄)တို့ ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံတို့ကို ဖျက်သိမ်းဖယ်ရှား၍ ထွက်ခွာစေပြီး မြေကွက်ကို တရားလိုမှ လက်ရောက်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မတ် ၂၈ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာန်ဟောက်ချန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အရာတော်မြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁**

| | | |
|---|---|---|
| ဦးကျော်သူ | နှင့် | ၁။ ဦးဝင်းအောင်<br>၂။ ဦးဇော်လွင် |
| **တရားလို** | | **တရားပြိုင်များ** |

အရာတော်မြို့နယ်၊ ဆင်တလည်ကျေးရွာနေ ဦးဝင်းအောင်(ဘ)ဦးသိန်းဆောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးကျော်သူ(ဘ)ဦးခင်မောင်ရီက သီးနှံစိုက်ခင်းပျက်စီးမှုအတွက် နစ်နာကြေးငွေသိန်း(၂၀)ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြေဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၄ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ မရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်၊ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ခါး)**
**မြို့နယ်တရားသူကြီး**
**အရာတော်မြို့နယ်တရားရုံး**

**၂၆-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၅)ပါ မအေးသန္တာ ၁၀/မလမ(နိုင်)၂၃၃၁၅၇ ၏ ကြေညာချက်နှင့် စပ်လျဉ်း၍**
## မအေးသန္တာနှင့် အများသိစေရန်တုံ့ပြန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ မြို့မတံတားလမ်း၊ အမှတ်၇နေ မောင်ဇော်မင်းထိုက်(ခ)ဟာဖိဇ်မော်လဝီမုဟမ္မဒ်ဒါဝတ် ၁၀/မလမ(နိုင်)၁၇၇၉၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း တုံ့ပြန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည် မောင်ဇော်မင်းထိုက်(ခ)ဟာဖိဇ်မော်လဝီမုဟမ္မဒ်ဒါဝတ်နှင့် မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ သထုံတံတားလမ်း၊ အမှတ်၃/ကနေ ဦးလှထွန်း(ခ) ဦးယာစင်၏ သမီး မအေးသန္တာ(ခ)စိုမိုင်ယာ ၁၀/မလမ(နိုင်)၂၃၃၁၅၇ တို့သည် ၂၃-၁-၂၀၁၅ ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ လင်မယားအဖြစ် ထိမ်းမြားလက်ထပ်ခဲ့သော်လည်း ကျွန်ုပ်၏ အမှုသည် မောင်ဇော်မင်းထိုက်(ခ) ဟာဖိဇ်မော်လဝီမုဟမ္မဒ်ဒါဝတ်သည် ၁၀-၂-၂၀၁၆ ရက်တွင် မအေးသန္တာ(ခ)စိုမိုင်ယာအား တွာလာက်ဗာအင်န် တစ်ကြိမ်ပေးပြီး ဇနီးအဖြစ်မှ ကွာရှင်းပြတ်စဲလိုက်ကြောင်း ၁၀-၂-၂၀၁၆ရက်စွဲပါ မွတ်ဟကြေညာချက်စာတမ်းကို အစ္စလာမ်ဘာသာဝင် အသိသက်သေသုံးဦးရှေ့တွင် လက်မှတ်ရေးထိုးပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ယင်းကြေညာချက်အပေါ် မော်လမြိုင်မြို့၊ မွတ်စလင်မ် သာသနာ့ ပညာရှင်များအဖွဲ့၏ ၁၆-၂-၂၀၁၆ ရက်စွဲပါ ဖသ်ဝါခမ္မသတ် ဆုံးဖြတ်ချက်လည်း ရရှိပြီးဖြစ်ပါသည်။

ထို့ကြောင့် မောင်ဇော်မင်းထိုက်(ခ)ဟာဖိဇ်မော်လဝီမုဟမ္မဒ်ဒါဝတ်နှင့် မအေးသန္တာ(ခ) စိုမိုင်ယာတို့သည် ၁၀-၂-၂၀၁၆ ရက်မှစ၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲသွားခဲ့ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်မှုမရှိတော့သဖြင့် မအေးသန္တာ(ခ)စိုမိုင်ယာ၏ ၂၆-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဖော်ပြပါကြေညာချက်ကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်နှင့် နောက်နောင် ကျွန်ုပ်၏ အမှုသည်၏ ဂုဏ်သရေကိုထိပါးစေသော နှောင့်ယှက်ဟန့်တား စွပ်စွဲမှုများ မပြုလုပ်ရန် ကြားသိစေပါသည်။ မလိုက်နာ ပျက်ကွက်ပါက ကျွန်ုပ်၏ အမှုသည်အနေနှင့် တရားဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း တုံ့ပြန်ကြေညာအပ်ပါသည်။
အထက်ပါအတိုင်း လွှဲအပ်ညွှန်ကြားသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(ဦးဇော်မင်းထိုက်)** | **ဦးဇော်ဝင်း** |
| **လွှဲအပ်သူ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဥ်-၃၄၇၇/၈၅)** |

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉၄ နှင့်ဆက်သွယ်သည့်**
**၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၂**

| | | |
|---|---|---|
| ဦးမောင်မောင်မြင့် | နှင့် | ၁။ ဦးမဟာမတ်ကာစင်အီစွတ်<br>၂။ ဒေါ်မိုးစပယ်<br>၃။ ဒေါ်သင်းကေသွယ် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

(၁) ဦးမဟာမတ်ကာစင်အီစွတ်-အမှတ် (၁၃)၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (၂) ဒေါ်မိုးစပယ်၊ (၃) ဒေါ်သင်းကေသွယ်-အမှတ် (၇၁/အေ)၊ အောင်မင်္ဂလာ(၃)လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉၄တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမောင်မောင်မြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် မတ်၁၄ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ရောင်းရန်ကြော်ငြာစာ
**တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ-၆၆**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမဇာရီမှုအမှတ်-၁၆၀**

| | | |
|---|---|---|
| ဒေါ်ချိုချိုချစ်(ခ)ဒေါ်မီးမီး | နှင့် | ၁။ ဒေါ်သိန်းဟန်<br>၂။ ဦးမျိုးမင်းဟန်<br>၃။ ဦးစန်းမြင့်ဦး(ကွယ်လွန်သူ ဦးဂျော်နီ၏ တရားဝင်ကိုယ်စားလှယ်)<br>၄။ ဦးသိန်းဇော်<br>၅။ ဒေါ်ဒါဘီရာဘီ(ခ)ဒေါ်ခင်ခင်ဝင်း |
| **ဒီကရီရသူ** | | **တရားရှုံးများ** |

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ခုနှစ်တရားမကြီးမှုအမှတ် ၉၆၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းစာရင်းကို ၂၀၁၆ခုနှစ် ဧပြီ ၂၂ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် ၆၅၊ တိုက်ခန်းအမှတ် ၅၊ ပထမထပ်(ဝဲ)ခန်း (ယင်းပစ္စည်း၌ ဦးမင်းဒင်သည် ကိုလံဘတ်ခရီးသွားလုပ်ငန်းနှင့် ဧည့်လမ်းညွှန်လုပ်ငန်းဖွင့်လှစ်ထားရှိကြောင်း သိရှိရပါသည်။)

**ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀၀/(ကျပ်သိန်းနှစ်ထောင့်ငါးရာ)**

**ရောင်းချရန်နောက်ထပ် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းနှင့်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိကသတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သောဈေးနှုန်းမှာရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံရောင်းချမည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ၁၀၀ကျပ်လျှင် ၂၅ကျပ် လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ ကျန်ငွေများကို လေလံရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်နေ့သည်ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။ လေလံငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးမြင့်အေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၆၂)၊ ဦးပိုင်အမှတ် (၃၈·ခ)၊ ၁၆×၁၇ကြား၊ ၈၆×၈၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးပါထံမှဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမောင်မောင်ကြီး ၉/မနမ(နိုင်)၀၃၇၇၉၂မှ ပိုင်ဆိုင်မှုပြစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများအသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ပစ္စည်းများဝယ်ယူရန်ကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုရန်လိုအပ်သော လျှပ်စစ်ပစ္စည်းများနှင့် ရေသန့်ပစ္စည်းများအား ဝယ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းရောင်းချလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူပြီး ၁၆-၃-၂၀၁၆ရက် မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

## ဇလွန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် အကြိမ်(၉၀)မြောက် ဝိပဿနာအလုပ်ပေး (တစ်လ)တရားစခန်းပွဲကြီး

ဇလွန်မြို့၊ လမ်းမတော်မြောက်ရပ်ကွက်၊ ခပေါင်းလမ်းရှိ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၉၆) ဓမ္မရိပ်သာကြီးတွင် ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက် (၆-၄-၂၀၁၆)ရက်မှ ၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ရက် (၅-၅-၂၀၁၆)ရက်အထိ (တစ်လ) တရားစခန်းပွဲကြီး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ (တစ်လ)တရားစခန်းပွဲကြီး၌ ကမ္မဋ္ဌာနာစရိယ ဇလွန်မြို့၊ ရေလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် မိုးကုတ်နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလ သာသနဓဇ ဓမ္မာစရိယ၊ သဒ္ဓမ္မောဒယဓမ္မာစရိယ၊ ဝိသုဒ္ဓာရုံဂဏဝါစက အရှင်သူမြတ်နှင့် မိုးကုတ်ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးကျော်စိန်တို့မှ ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် နေရာမလပ် ရှုမှတ်ပွားနည်း သင်ကြားပြသမည်ဖြစ်ပါသောကြောင့် တရားဝင်ရောက်အားထုတ်ကြပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်မှလိုက်ပါလိုသော ယောဂီများသည် ဆရာကြီးဦးကျော်စိန် ဖုန်း-၀၁-၅၅၄၄၃၅၊ ၀၉-၂၅၇၈၆၆၇၈၄၊ ၀၉-၇၉၉၉၀၀၀၈၃၁၊ ၀၉-၇၈၂၇၁၄၃၄၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၉၆)၊ ဇလွန်မြို့**

## ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၇၇/၁၃၇၈) (၂၀၁၆)

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၇-၇၈)ခုနှစ် တန်ခူးလဆန်း ၁၀ရက် (၁၇-၄-၂၀၁၆ရက်) (တနင်္ဂနွေနေ့)မှ တန်ခူးလပြည့်ကျော် ၄ရက် (၂၆-၄-၂၀၁၆ရက်) (အင်္ဂါနေ့)အထိ ၁၀ ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၁၃-၃-၂၀၁၆ ရက် (တနင်္ဂနွေနေ့) တွင်လည်းကောင်း၊ ဈေးဆိုင်မြေနေရာများကို ၃-၄-၂၀၁၆ ရက် (တနင်္ဂနွေနေ့) တွင်လည်းကောင်း နံနက် ၁၀နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဖုန်း-၀၅၂-၂၂၂၀၆၈၊ ၀၅၂-၂၂၂၄၂၅၅**

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဈေးပြိုင်လေလံ(၂/၂၀၁၆)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ အောက်ပါလုပ်ငန်းများနှင့်ဆိုင်များ ဖွင့်လှစ်ခွင့်များအား လုပ်ကိုင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်လိုသူများနှင့် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလိုသူများသည် ၂၀၁၆ခုနှစ် မတ် ၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်လေလံဆွဲနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လုပ်ငန်းများ**

၁။ ဈေးရုံအသစ်အတွင်း ဆိုင်ခန်း(၆၉)ခန်းအား ဈေးဆိုင်ခန်းဖွင့်ခွင့်
၂။ မျက်ပါးရွှေဆိုင်းရောင်းချခြင်းဆိုင်
၃။ လိပ်စာ-ငါးစာအရောင်းဆိုင်
၄။ ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း
၅။ အုန်းသီး၊ ငှက်ပျောသီးအဟောင်းများ ဝယ်ယူခွင့်လုပ်ငန်း
၆။ နွားနို့၊ ပေါက်ပေါက်ဆိုင်ဖွင့်ခွင့်
၇။ အပေါ်အဆင့်မြင့် သန့်စင်ခန်းလုပ်ငန်း လုပ်ကိုင်ခွင့်
၈။ အောက်အဆင့်မြင့်ရေချိုးခန်း၊ သန့်စင်ခန်းလုပ်ငန်း လုပ်ကိုင်ခွင့်
၉။ ဖိနပ်လက်ခံသိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်
၁၀။ အုန်းသီးခူးယူခွင့်လုပ်ငန်း
၁၁။ ငှက်များ ဘေးမဲ့လွှတ်ခြင်းလုပ်ငန်း
၁၂။ ကမ်းနားစားသောက်ဆိုင်ဖွင့်ခွင့်

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄**

## နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ကြွရောက်




နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ အကြိမ်(၄၀)မြောက် ငွေပဒေသာပင်အလှူရှင်များအား ဂုဏ်ပြုပွဲနှင့် ရေစက်ချအလှူမင်္ဂလာပွဲအခမ်းအနားကို သီရိရတနာဓမ္မာရုံ၌ ၂၈-၂-၂၀၁၆ရက် မွန်းလွဲ ၂:၀၀နာရီတွင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ ဒုတိယဥက္ကဋ္ဌ (၁) ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ဒုတိယဥက္ကဋ္ဌ(၂) ဆရာတော် ဘဒ္ဒန္တကုသလ၊ တွဲဖက်အကျိုးတော်ဆောင်(၁) ဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင်(၂) ဆရာတော် ဒေါက်တာဘဒ္ဒန္တပညာနန္ဒနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဝေပုလ္လ တို့ ကြွရောက်ကြသည်။

ဥက္ကဋ္ဌဆရာတော်ကြီးက ဒါန၊ သီလ၊ သမာဓိ၊ ပညာ ရွှေအိုးကြီးလေးလုံး တရားတော်ချီးမြှင့်ပါသည်။ အခမ်းအနားသို့ ငွေပဒေသာပင်အလှူရှင် (၃၀၀)ကျော်တက်ရောက်၍ ရေစက်ချအလှူမင်္ဂလာပွဲအပြီးတွင် အလှူရှင်များ၊ ဘိုးဘွားများ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဆရာတော်ကြီးများအား စည်ကားသိုက်မြိုက်စွာ ဆွမ်းဆန်စိမ်းလောင်းလှူကြပါသည်။

## A.G.T.I Society ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အစည်းအဝေးဖိတ်ခေါ်ခြင်း

A.G.T.I Society (G.T.I ကျောင်းသားဟောင်းများအသင်း) အနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ဆန္ဒပြုလွှာများကို မိမိကိုယ်တိုင်ဖြည့်စွက်ပြီး၊ လိုင်စင်ဓာတ်ပုံ (၂) ပုံနှင့်အတူ G.T.I ကျောင်းများအလိုက် ကျောင်းသားကိုယ်စားလှယ်များဖြစ်ကြသော-

၁။ အင်းစိန်ဂျီတီအိုင်မှ ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၈၅၁၆၀၂၇
၂။ မန္တလေးဂျီတီအိုင်မှ ဦးသောင်းဌေး ဖုန်း-၀၉-၅၀၁၂၁၂
၃။ ကလေးဂျီတီအိုင်မှ ဦးတင်ထွန်းမင်း ဖုန်း-၀၉-၅၁၃၇၀၈၈၊ ၀၉-၇၈၅၁၃၇၀၈၈
၄။ ပြည် ဂျီတီအိုင်မှ ဒေါ်ယဉ်မေသိန်း ဖုန်း-၀၉-၇၈၆၆၁၀၃၃၁
၅။ ချောက် ဂျီတီအိုင်မှ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁
၆။ မော်လမြိုင် ဂျီတီအိုင်မှ ဦးမြတ်ကြည်စိုး ဖုန်း-၀၉-၄၅၀၀၄၆၆၆၅
၇။ ဟသ်ာတ ဂျီတီအိုင်မှ ဦးဆောင်းဦး ဖုန်း-၀၉-၅၁၇၁၁၂
၈။ တောင်ငူ ဂျီတီအိုင်မှ ဦးခင်မောင်ဦး ဖုန်း-၀၉-၅၁၅၂၆၂၆
၉။ မုံရွာ ဂျီတီအိုင်မှ ဦးအောင်လွင်အောင် ဖုန်း-၀၉-၅၁၁၁၆၄၄
၁၀။ မိတ္ထီလာ ဂျီတီအိုင်မှ ဦးဇော်လွင်သန်း ဖုန်း-၀၉-၅၀၂၅၄၂၉
၁၁။ မအူပင် ဂျီတီအိုင်မှ ဦးမြင့်ကြူ ဖုန်း-၀၉-၇၃၀၉၃၂၅၆
၁၂။ သန်လျင် ဂျီတီအိုင်မှ ဦးရဲအောင်စိုး ဖုန်း-၀၉-၄၅၀၀၃၉၉၁၄ တို့ထံ အမြန်ဆုံးအပ်နှံပြီး A.G.T.I Society ရုံးချုပ်သို့ ၉-၃-၂၀၁၆ရက် နောက်ဆုံးထားပေးပို့ကြရန်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲများကို ၁၈-၃-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၈လမ်း၊ ၃၁×၃၂ကြား၊ မဟာဝိဇ္ဇာတာရုံကျောင်းတိုက်၌လည်းကောင်း၊ ၂၀-၃-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ်၊ သီရိမင်္ဂလာအဆင့်မြင့်ဈေးအတွင်းရှိ TZTM ရုံးခန်း၌လည်းကောင်း၊ ၂၆-၃-၂၀၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တတိယထပ်)ရှိ Function Hall ၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းဝင်များအားလုံး တက်ရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့**
**A.G.T.I Society**

## မင်္ဂလာဆောင်ကြောင်းလမ်းပြီးစီးကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၅ လမ်း၊ အမှတ်(၄၄)နေ
ဦးမြင့်အောင်-ဒေါ်ခင်ထွေးကြည်တို့၏သား

**မောင်ဇော်ထက်နိုင်**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တလမ်း၊ အမှတ်(၄)နေ
ဦးလှမြင့်-ဒေါ်စန်းစန်းမြင့်တို့၏ သမီး
ဒေါ်ခင်လှမြင့်၏ တူမ

**မဆုထက်ခင်**

တို့သည် ၂၅-၂-၂၀၁၆ရက်တွင် နှစ်ဖက်သောမိဘ၊ ဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ထက်နိုင်-မဆုထက်ခင်**

## မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၆ခုနှစ် ဧပြီ ၃ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀ နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်။ မှတ်ချက် (၁) ယခုနှစ် ၁၃၇၇ခုနှစ် တပေါင်းလ (သို့မဟုတ်) ၂၀၁၆ခုနှစ် မတ်လတွင် အသက်(၈၀) ပြည့်ပြီးသူ အသင်းဝင်လူသစ်များသည် အသင်းဝင်အမှတ်၊ အမည်၊ မွေးနေ့သက္ကရာဇ်ကို စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၀၁-၆၅၀၀၉၁၊ ၀၉-၅၁၀၁၆၆၃ တို့သို့လည်းကောင်း၊ (၂) ယခင်နှစ်များတွင် အပူဇော်ခံပါပြီးသူ အသင်းဝင်လူဟောင်းများသည် အုပ်ချုပ်ရေးမှူး ဦးတင်အောင် ဖုန်း-၀၁-၃၇၅၇၂၃၊ ၀၉-၂၅၃၃၀၄၈၄၀ တို့သို့လည်းကောင်း၊ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများကို ပညာရည်ချွန်ချီးမြှင့်နိုင်ရန် အထောက်အထားများဖြင့် ၂၀၁၆ခုနှစ် မတ် ၂၂ရက် နောက်ဆုံးထား၍ပေးပို့ပါရန် အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6810 Nissan ADV412 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမိုး ၉/မရမ(နိုင်)၀၄၄၂၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဆိုင်မွန်း ၁၃/ကခန(နိုင်) ၀၅၀၃၁၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၁၁၁၀၄၄**

## မြေဂရန်ပျောက်ဆုံးခြင်း

ဦးလတန် ၁၃/သနန(နိုင်)၀၂၀၉၉၈ အမည်ပေါက်ပိုင်ဆိုင်သည့် လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၇)ရှိ ဦးပိုင်အမှတ်(၁၁၃၃)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၆၉ဧက၏ မူရင်းမြေဂရန် ပျောက်ဆုံးနေပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများသည် ခိုင်လုံသော သက်သေအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလတန်**
**၁၃/သနန(နိုင်)၀၂၀၉၉၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၂၀)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၅၀၀/ခ နေ ကျွန်တော် ဦးစိန်ရွှေ၏သား မောင်ထက်ရှိုင်း ၁၂/ဒဂတ(နိုင်)၀၈၅၂၇၇ သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် မောင်ထက်ရှိုင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိန်ရွှေ(ခ)ကိုလူဝလေး**
**၁၂/ဒဂတ(နိုင်)၀၄၁၈၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဌ/၅၄၈၂ ထရော်လာဂျီ/လယ်ယာသုံးထရပ်ယာဉ်လက်ဝယ်ရှိသူ ဦးရာဂျင်ဒရာ ၁၀/မလမ(နိုင်)၁၆၇၅၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

သာသနာ့အမွေခံယူဖို့
မြတ်စေတနာ သင်္ကန်းပရိက္ခရာ ဝယ်ယူလှူဒါန်းကြပါစို့။
ပင်ရင်း–လောကာနန္ဒာ လမ်းဆုံအနီး၊ စစ်တွေမြို့၊
ဖုန်း–၀၉–၃၆၁၇၃၄၆၈

အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် PGDMA-17 ဝင်ခွင့်သီးသန့်
ပြည်တွင်းအစွန် – အငယ်တန်းစာရေး
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ရန်ကုန်။ Ph:09786583429

ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?
ရွှေရည်မှန်ကန်မှုကြောင့်လား ? ဈေးနှုန်းမှန်ကန်မှုကြောင့်လား ? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား ?
YL ရိလုံရွှေဆိုင်ကြီး(လက်လီလက်ကား)
ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်
ရိလုံ (၁)- အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၀၀၁၊ ၀၉-၄၅၀၀၅၁၃၁၃
ရိလုံ (၂)- ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား
အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၈၀၀
ရိလုံ (၃)- (ပလတ်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး+မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎- ၀၁-၂၀၀၇၄၇ (Ext.)၂၈၀၀၊
ချွန်းလုံ - ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်
ရွှေဆိုင် အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎- ၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၂၂၅
ချွန်းလုံ - ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း
ရွှေဆိုင် H-10၊ ယုဇနပလာဇာ (ပထမထပ်) ။ ☎-၀၉-၇၃၀၅၃၁၀၁၊ ၀၉-၇၃၁၅၆၉၀၁၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၈၈၀




## အမြန်ရောင်းမည်

ရွှေဂုံတိုင်၊ ယုဇနတာဝါ 1800 Sqft 1 MBR, 2BR Office and Living room
သိန်း 2600
ဖုန်း-၀၉-၈၇၄၉၁၁၁၁၅၊ ၀၉-၇၉၉၆၂၃၄၄၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၈၉၉၆ QINGQI 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက် ၉/မနမ(နိုင်)၀၃၁၈၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## အမြန်ရောင်းမည်

ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ ၁၅'×၆၃' နှစ်(၆၀)ဂရန်၊ သုံးထပ်တိုက်
သိန်း ၂၂၀၀
ဖုန်း-၀၉-၈၇၄၉၁၁၁၁၅၊ ၀၉-၇၉၉၆၂၃၄၄၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

